# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၄) ရက် ၊ တနင်္ဂနွေနေ့ ၊ (31-12-2023) ၊ အတွဲ (၃၂)၊ အမှတ် (၂၄၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒီဇင်ဘာ ပဉ္စမပတ် လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၄၀၀၀ ကျော်ပါဝင်ဆင်နွှဲ




**နေပြည်တော် ဒီဇင်ဘာ ၃၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့်အတန်းတိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ပဉ္စမပတ်လူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေခွန်စံလွင်နှင့်ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများ၊ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင် စုစုပေါင်းအင်အား ၄၀၀၀ ကျော် ပျော်ပျော်ရွှင်ရွှင်ဖြင့် စည်ကားသိုက်မြိုက်စွာပါဝင်ဆင်နွှဲကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ပျော်ပျော်ပါးပါး လမ်းလျှောက်ကာ

**စာမျက်နှာ ၁၇ ကော်လံ ၁ ☞**

**စီးပွားရေးလုပ်ငန်း အောင်မြင်ရန်နည်းလမ်းများ လေ့လာသုံးသပ်ခြင်း**

ဆောင်းပါး စာမျက်နှာ - ၄

**ကျောက်သင်ပုန်းတွေ ထွက်သည့်ရွာ**

ဆောင်းပါး စာမျက်နှာ - ၂၀

**သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူမိ Event Park တွင် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ Yangon New Year Countdown ပြုလုပ်လျက်ရှိ**

စာမျက်နှာ - ၁၁







ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်
အယ်ဒီတာ့အာဘော်

# နှစ်သစ်ကို ပိုမိုကောင်းမွန်သောဘဝ တည်ဆောက်ကူးပြောင်း

မကြာမီကာလအတွင်း ခရစ်နှစ် ၂၀၂၃ ခုနှစ်ကုန်ပြီး ၂၀၂၄ ခုနှစ် နှစ်သစ်သို့ရောက်ရှိတော့မည်ဖြစ်သည်။ တရွေ့ရွေ့ကုန်ဆုံးနေသော အချိန်ကာလတွင် ယခုနှစ် နှစ်ဟောင်းမှ သင်ခန်းစာယူပြုပြင်ရမည့်လုပ်ရပ်များကို ၂၀၂၄ ခုနှစ် နှစ်သစ်ရောက်ရှိချိန်တွင် စိတ်သစ်၊ လူသစ်၊ အတွေးသစ်တို့ဖြင့် ပြောင်းလဲကာ ကောင်းမွန်သော အနာဂတ်များ ပိုင်ဆိုင်နိုင်အောင် ဆင်ခြင်မှုပြင်ဆင်မှုတို့ဖြင့် မိမိတို့ဘဝ ပိုမိုကောင်းမွန်တိုးတက်လာအောင် တည်ဆောက်ကူးပြောင်းကြရပါမည်။


နှစ်ဟောင်းကို နှုတ်ဆက်ချိန်ကာလ၌ နှစ်ဟောင်း၌ ကြုံဆုံခဲ့ရသော စိတ်အညစ်အကြေးများကို နှစ်သစ်ကို သယ်ဆောင်မလာသင့်တော့ဘဲ နှစ်ဦးနှစ်ဆန်းကစ၍ တစ်နှစ်လုံး အကောင်းဆုံးဖြတ်သန်းရန် ရည်မှန်းချက်ကောင်းများချမှတ်သင့်သည်။ နှစ်ဟောင်းမှ သင်ခန်းစာယူပြုပြင်ရမည့်လုပ်ရပ်များကို မှန်မှန်ကန်ကန်ရှုမြင်၍ ဟန်ချက်ညီသော ဘဝတစ်ခုကို အမှန်တကယ်လုပ်နိုင်သော ရည်မှန်းချက်တို့ကို ချမှတ်ဖြတ်သန်းသင့်ပါသည်။

ယခုကဲ့သို့ နှစ်သစ်ကူးပြောင်းခွင့်ကြုံရခြင်းမှာ အသက်ရှင်နေသေးခြင်းဖြစ်သည့်အတွက် အသက်တစ်နှစ်ကြီးလာခြင်း၊ သေခြင်းတရားနှင့် ပို၍နီးကပ်လာခြင်းကို ဆင်ခြင်သုံးသပ်၍ အလုပ်သင့်ဆုံး အလုပ်များကို ဦးစားပေးဆောင်ရွက်သင့်သည်။ ထိုသို့ အလုပ်များစွာ ထိထိမိမိလုပ်နိုင်ရန်အတွက် မိမိကျန်းမာရေးကို ယခင်နှစ်ထက် ပိုမိုဂရုစိုက်ရမည်။ နှစ်သစ်ကူးရက်ကစ၍ မိမိ၏ ကျန်းမာရေးအတွက် အချိန်နှင့် အားစိုက်မှုတစ်ခုကို ဂရုစိုက်ပေးသင့်ပေသည်။ လူကျန်းမာရုံမက စိတ်အာဟာရအတွက်လည်း သုတ၊ ရသစာပေများကို မျှမျှတတ ဖတ်ရှုရန် ရည်မှန်းဆောင်ရွက်သင့်ပါသည်။

ထို့ပြင် အလုပ်အကိုင်ကြောင့် ရရှိလာသည့် ငွေကြေးများကို စိစစ်သုံးစွဲခြင်း၊ ချွေတာစုဆောင်းခြင်း၊ တိုးပွားစေရန် စနစ်တကျ စီမံခန့်ခွဲခြင်းတို့ကိုလည်း ရည်မှန်းဆောင်ရွက်သင့်သည်။ မိမိ မိသားစုအပြင် ချစ်ခင်မြတ်နိုးရသော မိတ်ဆွေအပေါင်းသင်းများနှင့်လည်း ချစ်ခြင်းမေတ္တာ၊ ခင်မင်ရင်းနှီးမှုကို ကျေးဇူးသိစိတ်အခြေခံ၍ ခိုင်မြဲသည်ထက် ခိုင်မြဲအောင် ထိန်းသိမ်းသွားသင့်ပေသည်။ လူ့ဘဝတွင် လူမှုစီးပွားကိစ္စရပ်များ ရှုန်းကန်ကြရင်း အခက်အခဲများ၊ အဆင်မပြေမှုများ များစွာဖြစ်ပေါ်ဖြေရှင်းခဲ့ရပေမည်။ အခက်အခဲ၊ အဆင်မပြေမှုသည် လူ့ဘဝတွင် မပါမပြီးသော ကိစ္စရပ်ဖြစ်ပေရာ ကောင်းသောအတွေးအခေါ်၊ ကောင်းသောရည်ရွယ်ချက်၊ နှစ်ဦးနှစ်ဖက် မရှုံးသောသဘောထားတို့ဖြင့် ဆက်၍လည်း ရင်ဆိုင်ဖြေရှင်းကျော်လွှားကြရပေမည်။

ယခုနှစ်ဟောင်းတွင် မိမိ၏လုပ်ဆောင်ချက်များအနက် မှန်ကန်သောလုပ်ရပ်များ၊ သင်ခန်းစာယူပြုပြင်ပြောင်းလဲရမည့် လုပ်ရပ်များ ရှိနေမည်ဖြစ်ပါသည်။ နှစ်သစ်ကို ကူးပြောင်းရာတွင် သင်ခန်းစာယူပြုပြင်ရမည့် ကိစ္စရပ်တိုင်းကို မှန်မှန်ကန်ကန်ရှုမြင်ကာ ရဲရဲဝံ့ဝံ့ပြုပြင်ပြောင်းလဲမှသာ ပိုမိုကောင်းမွန်သောဘဝကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါသည်။ သံသရာနှင့် နှိုင်းယှဉ်ပါက လူ့သက်လူ့အိမ်၊ လူ့စည်းစိမ်ကား၊ မိုးတိမ်လျှပ်နွယ်၊ ပုံသောကြယ်မျှ၊ ကြာနွယ်ရေခြောက်၊ သေမီးတောက်သို့ ပျောက်ပျက်လွယ်စွာ ဟူ၍ပင် လူ့ဘဝသည် အလွန်တိုတောင်းလှပါသည်။ နှစ်ဟောင်းမှာ သေခြင်းတရားက လွတ်မြောက်ကာ နှစ်သစ်ကို ကူးပြောင်းရသော်လည်း အသက်တစ်နှစ်ကြီးရင့်သွားသည်ဖြစ်သဖြင့် မသေခင်အချိန်ပိုင်းကာလအတွင်း ယခုပစ္စုပ္ပန်အချိန်ကစ၍ မိမိအကျိုး၊ အများအကျိုးအတွက် ကောင်းမွန်သောလုပ်ဆောင်ချက်များကို လုပ်နိုင်သလောက် လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ ပစ္စုပ္ပန်တွင် ကောင်းမွန်မှန်ကန်သည့် လုပ်ဆောင်ချက်မှန်သမျှသည် လာမည့်အနာဂတ်ကစ၍ မိမိဘဝ ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်းပင်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၉၉၆၈၆ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊တောင်၊ မြောက် စောင်းတန်းကြီး လေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ခုံတွေ ပြုလုပ်ထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေက မန္တလေးမြို့ရဲ့ အလှအပ ရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကြည့်ရှုနေကြတာကို တွေ့ရပါတယ်။ မန္တလေးတောင်တော်ပေါ်ကို ကားဆိုင်ကယ်တွေနဲ့ကော၊ စောင်းတန်းကပါ တက်ရောက်ဖူးမြော်သူတွေ များပြားပါတယ်" ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၉၃၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၉၇၃၃၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၄၂၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အင်းလေးဒေသမှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ် အင်းလေးဒေသမှ ထွက်ရှိပြီး မန္တလေး သီရိမာလာ ကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ၂၅ စီးမှ အစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ခရမ်းချဉ်သီး ဈေးနှုန်းများမှာ အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၂၀၀၀၀ ရရှိနေကာ အရောင်းအဝယ်များ ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ မြေပြန့်ဒေသကထွက်တဲ့ ခရမ်းချဉ်သီးတွေက ဝင်ရောက်မှုနည်းသေးပါတယ်။ အင်းသီးကလဲ အထားခံတော့ ဈေးကောင်းရရှိနေကြပါတယ်။ တစ်နေ့ကို အင်းလေးဒေသကနေ ခြောက်ဘီးကား ၂၅ စီးကနေ အစီးရေ ၃၀ ထိ ပုံမှန်ဝင်ရောက်နေပါတယ်။ ခရမ်းချဉ်သီးတွေက ဈေးကောင်းပြီး အရောင်းအဝယ်ကောင်းနေပါတယ်။ ကျန်တဲ့ ကုန်စိမ်းသီးနှံတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းချဉ်သီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီး၊ အာလူးသီးများလည်း အရောင်းအဝယ်များ ကောင်းနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၂၅ စီးရှိခဲ့

**မန္တလေး ဒီဇင်ဘာ ၃၀**

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ရက်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၂၅ စီးထိရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခု ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေကြောင်းကျပ်တည်းမှုမရှိဘဲ ရေလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း၊ ရေလမ်းကြောင်းကောင်းမွန်သည့်အပြင် မန္တလေးဆိပ်ကမ်းသို့ ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ ဆား၊ ကျောက်မီးသွေး စသည့်ကုန်စည်များ တင်ပို့သည့် ကုန်တင်ရေယာဉ်များလည်း များပြားခဲ့ကြောင်း သိရသည်။

"ဧရာဝတီမြစ်အတွင်း အခုက ရေနည်းချိန်ကာလဖြစ်ပေမဲ့ ရေလမ်းကြောင်းက ကောင်းနေတယ်ဆိုပြီး မန္တလေးဆိပ်ကမ်းကို အခြားမြို့တွေကနေ ကုန်စည်အပါအဝင် ခရီးသည် တင်ဆောင်ပြေးဆွဲပေးနေတဲ့ ရေယာဉ်တွေအနေနဲ့ ကုန်တန်ချိန်အများကြီးတင်ဆောင်သွားလာတာမျိုး မလုပ်ကြဖို့ လိုပါတယ်"ဟု ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ကျောက်မီးသွေးတန်ချိန် ၆၀၀ နှင့် ဆား ၃၇၈ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

အလားတူ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၁၈၆ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၃၃၂ စင်တီမီတာ၊ ရွှေကူမြို့တွင် ၂၁၉ စင်တီမီတာ၊ ကသာမြို့တွင် ၂၆၅ စင်တီမီတာ၊ မန္တလေးမြို့တွင် စင်တီမီတာ ၃၁၀ ထိရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၇၅၁ ဧက စိုက်ပျိုးမည်

**ပုသိမ် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၇၅၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၄၇၅၁ ဧကကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် ဆီထွက်သီးနှံစုံ ၄၇၅၁ ဧကတွင် မြေပဲ ၂၆၃၅ ဧက၊ နှမ်း ရှစ်ဧက၊ နေကြာ ၂၁၀၈ ဧကဖြစ်ကြောင်း သိရသည်။

“သာပေါင်းမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားသီးနှံတွေကိုလဲ စိုက်ပျိုးနေပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၄၇၅၁ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဆီထွက်သီးနှံတွေထဲမှာ မြေပဲကို အများဆုံးစိုက်ပျိုးမှာဖြစ်ပါတယ်။ အခြားသီးနှံတွေကတော့ ဒေသခံတောင်သူတွေက ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းတဲ့သီးနှံတွေကို စိုက်ပျိုးဖို့ရှိပါတယ်”ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံများအားလုံး ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်တိုးတက်လာစေရေး၊ ဓာတ်မြေဩဇာများ အကျိုးရှိရှိ စနစ်တကျသုံးစွဲတတ်စေရေး၊ ဓာတုပိုးသတ်ဆေးများကို လျှော့ချသုံးစွဲတတ်စေရေး စသည့်နည်းပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း၊**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ ဓံပြေကွက်နေ ဒေါ်မြင့်မြင့်ဆွေမိသားစုက ဦးချစ်ခင်အား ရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၄၅ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၂၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၉၉၈ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၂၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ ဟင်းသီးဟင်းရွက် ၇၉၉၈ ဧက စိုက်ပျိုးဖို့ လျာထားတာ ၇၂၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ ခရမ်းချဉ်၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ရုံးပတီ စတာတွေ စိုက်ပျိုးကြပါတယ်”ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၆၆၉၅ ဧက၊ ကျွန်းလှမြို့နယ်တွင် ဧက ၅၅၀ စုစုပေါင်း ၇၂၄၅ ဧကဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# အမရပူရမြို့နယ် ရွှေဟင်္သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဟင်္သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ရွှေဟင်္သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ရွှေဟင်္သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၆၅ ဦးအတွက် ငွေကျပ် ၃၆၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးအတွက် ငွေကျပ် ၁၅၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို ငွေကျပ် ၅၂၂ သိန်း ထုတ်ချေးပေးထားကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# ဒက္ခိဏသီရိမြို့နယ် မြောက်ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာမြေဧကများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ရွာမကျေးရွာအုပ်စု မြောက်ကျောင်းစုကျေးရွာ၌ လယ်ယာမြေဧကများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက မြောက်ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မြောက်ကျောင်းစုကျေးရွာ၌ အရှည်ပေ ၄၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသားတစ်ပေ သဲဖြန့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၆၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် မျိုးခေတ်ကျော်ကုမ္ပဏီက ဧန္ဒလတတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကြောင့် မြောက်ကျောင်းစုကျေးရွာရှိ အိမ်ခြေ ၁၈၁ အိမ်၊ လူ ၆၀၃ ဦးတို့၏ လယ်ယာမြေဧက ၉၀ ကျော်ကို အကျိုးပြုနိုင်ခဲ့ကြောင်း လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ရိုင်**



# စီးပွားရေးလုပ်ငန်းအောင်မြင်ရန်နည်းလမ်းများ လေ့လာသုံးသပ်ခြင်း

မျိုးသူ(ကုန်သွယ်မြှင့်)

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြသည့်အခါတွင် ရင်းနှီးမြှုပ်နှံသည့်ငွေကြေး၊ ရောင်းဝယ်မည့်ကုန်ပစ္စည်းများ၊ လူသားအရင်းအမြစ်များရှိရုံဖြင့် မလုံလောက်သေးကြောင်း သတိပြုနိုင်သည်။ ရောင်းဝယ်မည့်ကုန်ပစ္စည်းများကို မည်သို့ရောင်းချမည်နည်း၊ မည်သူများကိုရောင်းချမည်နည်း၊ ရောင်းချမည့်နေရာတွင် မည်သို့သောအခြေအနေများရှိမည်နည်း၊ မည်သူနှင့်ယှဉ်ပြိုင်၍ ရောင်းရမည်နည်း၊ မိမိကုန်ပစ္စည်းသည် ဈေးကွက်တွင် မည်သို့ရင်ဆိုင်ရမည်နည်းဟူသော မေးခွန်းများကို သေချာစွာသိရှိနေရန် လိုအပ်သည်။ မိမိကုန်ပစ္စည်း သို့မဟုတ် မိမိ၏ဝန်ဆောင်မှုလုပ်ငန်းအတွက် ရောင်းချပြီး အမြတ်အစွန်းကောင်းစွာရရှိစေရန်အတွက် လေ့လာသုံးသပ်မှုများကို ပြုလုပ်ပြီးမှ ရောင်းချမည်ဆိုပါက မိမိ၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်မှုကို ရရှိရန်သေချာမည်ဖြစ်သည်။

သို့ဖြစ်၍ လေ့လာသုံးသပ်မှုများကို စီးပွားရေးလုပ်ငန်းများမလုပ်မီတွင်သာမက လုပ်ကိုင်နေဆဲအချိန်တွင်ပါ လေ့လာသုံးသပ်နေရမည်ဖြစ်သည်။ ထို့ပြင် ကုန်ပစ္စည်းအသစ်ကို ထုတ်လုပ်ဖြန့်ဖြူးသည့်အခါတွင်လည်းကောင်း၊ ဈေးကွက်အသစ်သို့ဝင်ရောက်ရန်ကြိုးပမ်းသည့်အခါတွင်လည်းကောင်း လေ့လာသုံးသပ်မှုများကို ကြိုတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများကို လေ့လာသုံးသပ်သည့်အခါတွင် အခြေခံအားဖြင့် လေ့လာသုံးသပ်နိုင်သည့်နည်းလမ်းများကို တင်ပြလိုသည်။ အဆိုပါနည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

- PESTLE Analysis ဟု ခေါ်ဝေါ်သည့် ဈေးကွက်နိုင်ငံတစ်နိုင်ငံအပေါ် လေ့လာသုံးသပ်ခြင်း။
- SWOT Analysis ဟု ခေါ်ဝေါ်သည့် မိမိရောင်းဝယ်မည့်ကုန်ပစ္စည်းနှင့် လုပ်ငန်းပတ်ဝန်းကျင်ကို လေ့လာသုံးသပ်ခြင်း။
- Ansoff Matrix ဟု ခေါ်ဝေါ်သည့် ဈေးကွက်ဖော်ဆောင်ရေးမဟာဗျူဟာကို လေ့လာသုံးသပ်ခြင်း။
- 7S Mc Kinsey Framework ဟု ခေါ်ဝေါ်သည့်လုပ်ငန်းအတွင်းပိုင်းနှင့်စီမံကိန်းချမှတ်ရန်အတွက် လေ့လာသုံးသပ်ခြင်း။

**ဈေးကွက်နိုင်ငံတစ်နိုင်ငံအပေါ် လေ့လာသုံးသပ်ခြင်း**

ဈေးကွက်ဖော်ဆောင်ရေးသမားများသည် PESTLE Analysis ခေါ် လေ့လာသုံးသပ်ခြင်းနည်းလမ်းကို မူဘောင်တစ်ခုအဖြစ်လည်းကောင်း၊ လက်နက်ကိရိယာတစ်ခုအဖြစ်လည်းကောင်း သုံးစွဲပြီး ဈေးကွက်နိုင်ငံတစ်နိုင်ငံအပေါ် လေ့လာသုံးသပ်မှု ပြုလုပ်လေ့ရှိသည်။ ဈေးကွက်နိုင်ငံတစ်နိုင်ငံ၏ ပြင်ပစီးပွားရေးပတ်ဝန်းကျင်အခြေအနေအကောင်းအဆိုးကို ခွဲခြားစိတ်ဖြာနိုင်ပြီး မိမိကုန်ပစ္စည်းများ ဝင်ရောက်ရောင်းချမည်ဆိုပါက မည်သို့သောအခြေအနေနှင့် ရင်ဆိုင်ရမည်ကို ကြိုတင်ခန့်မှန်းနိုင်သဖြင့် ဤနည်းလမ်းကိုသုံးစွဲပြီး လေ့လာတတ်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ကုန်ပစ္စည်းအမျိုးမျိုးကို လယ်ယာကဏ္ဍဘက်မှ ထုတ်လုပ်နေခြင်း၊ လက်မှုလုပ်ငန်းများမှ လက်မှုကုန်ပစ္စည်းများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းဆိုင်ရာ ရိုးရာလက်မှုထည်များ ထုတ်လုပ်နေခြင်းနှင့် အသေးစားအလတ်စားလုပ်ငန်းများမှ ကုန်ပစ္စည်းများထုတ်လုပ်နေခြင်းများရှိနေပြီး အခြားနိုင်ငံများသို့လည်း တင်ပို့ရောင်းချနေရသဖြင့် အခြားဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ဤနည်းလမ်းကို ကောင်းစွာအသုံးပြုနိုင်သည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ရောင်းချရာတွင်လည်း မိမိတို့ကုန်ပစ္စည်းအတွက် ဈေးကွက်အခြေအနေကို ကြိုတင်ခန့်မှန်းရာတွင်လည်း အသုံးပြုနိုင်သည်။ ဤလေ့လာသုံးသပ်ခြင်းဖြင့် ကုန်ပစ္စည်းအတွက်စိန်ခေါ်မှုများကို လျှော့ချနိုင်သည်။ မိမိတို့စီးပွားရေးလုပ်ငန်းများ၏ပိုင်ဆိုင်မှုများကို မဆုံးရှုံးစေရန် ကာကွယ်နိုင်သည်။ အောင်မြင်မှုများကိုကြိုတင်သိရှိနိုင်ပြီး ကြိုတင်ပြင်ဆင်မှုများ၊ စီမံကိန်း၊ စီမံချက်များချမှတ်ထားနိုင်သည်။ မဟာဗျူဟာမြောက်အတွေးအခေါ်များကို ဖော်ထုတ်နိုင်သည်။ အခွင့်အလမ်းများကိုလည်း ဖော်ထုတ်အသုံးချနိုင်သည်။ ထို့ကြောင့်ပင် ဤသုံးသပ်သည့်နည်းလမ်းသည် ယခင်က မထင်မရှားရှိရာမှ ယခုအခါ ထင်ရှားလာပြီး စနစ်တကျကောင်းစွာလုပ်ဆောင်လာကြခြင်းဖြစ်သည်။ ဈေးကွက်တစ်ခုကို ကြိုတင်လေ့လာခြင်းမရှိဘဲ ဝင်ရောက်ရောင်းဝယ်ခြင်းသည် ကြီးမားသောစွန့်စားမှုဖြစ်ပြီး ကျရှုံးနိုင်ခြေများပြားသည်ကို သတိချပ်ရမည်ဖြစ်သဖြင့် လေ့လာသုံးသပ်ခြင်းကို မဖြစ်မနေပြုလုပ်ရပါမည်။ မိမိကုန်ပစ္စည်းများကို ရောင်းချမည့် ဈေးကွက်နိုင်ငံတစ်နိုင်ငံ၏အခြေအနေကို အောက်ပါအချက်များကိုကြည့်ပြီး ရောင်းချရန် လေ့လာသုံးသပ်နိုင်ပါသည်-

- နိုင်ငံရေးမူဝါဒအခြေအနေ၊ ဥပဒေပြုနိုင်မှုအခြေအနေ၊ အခွန်အတုတ်ထမ်းဆောင်ရသည့်အခြေအနေ၊ အထူးအခွင့်အရေးပေးထားသောဥပဒေများ ရှိ၊ မရှိ (ဥပမာ- အထူးစီးပွားရေးဇုန်ဆိုင်ရာဥပဒေများ)ကို လေ့လာရပါမည်။
- စီးပွားရေးဆိုင်ရာဝန်းကျင်နှင့်ပတ်သက်၍ ငွေဖောင်းပွမှုနှုန်း၊ အလုပ်လက်မဲ့ရာခိုင်နှုန်း၊ ငွေလဲလှယ်နှုန်းနှင့်အတိုးနှုန်းစသည့်အခြေအနေများနှင့် ဈေးကွက်အတွင်းရှိ ဝင်ငွေကောင်းသောအလွှာ၊ အလယ်အလတ်အလွှာနှင့် အခြေခံလူတန်းစားအလွှာတို့၏ ငွေသုံးစွဲသည့်အခြေအနေများ၊ အမျိုးသား၊ အမျိုးသမီးများ၏ ဝယ်ယူသုံးစွဲမှုအခြေအနေများကို လေ့လာရပါမည်။
- လူမှုရေးဆိုင်ရာ အခြေအနေများကိုလည်း လေ့လာရပါမည်။ အမျိုးသားများနှင့် အမျိုးသမီးများ၊ ဝယ်ယူမှုပုံစံများ၊ ငွေသုံးစွဲမှုပုံစံများ၊ ငွေသုံးနိုင်သူမည်မျှရှိသည်၊ နည်းသည်၊ များသည်တို့ကိုလည်းကောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်းကောင်း လေ့လာရပါမည်။ လူနေမှုပုံစံပြောင်းလဲမှုအခြေအနေ၊ ခေတ်ရေစီးကြောင်းအခြေအနေနှင့် ဖက်ရှင်ဒီဇိုင်းများဝတ်ဆင်မှုအခြေအနေ၊ အလုပ်လုပ်ကိုင်ပုံ၊ အနားယူမှုအခြေအနေ၊ အားလပ်ရက်များတွင်အနားယူသည့်လူနေမှုပုံစံ၊ လူနေမှုအခြေအနေ၊ ပညာရေးအခြေအနေ၊ လူဦးရေအခြေအနေ၊ လူနေထူထပ်သောမြို့ကြီးများနှင့် မြို့ငယ်များအခြေအနေ စသည်တို့ကို လေ့လာထားရပါမည်။
- နည်းပညာပိုင်းနှင့်ပတ်သက်ပြီး မိမိကုန်ပစ္စည်းကို မည်သို့ဈေးကွက်ထိုးဖောက်နိုင်မည်၊ မိမိကုန်ပစ္စည်းပါဝင်သည့်အခန်းကဏ္ဍတွင် နည်းပညာသုံးစွဲနိုင်မှု၊ ဈေးကွက်ထိုးဖောက်မည့်ဒေသတွင် နည်းပညာသုံးစွဲနိုင်မှု၊ ဆက်သွယ်ရေးကဏ္ဍတွင် နည်းပညာသုံးစွဲနိုင်မှု စသည်တို့ကိုလည်း လေ့လာရမည်ဖြစ်သည်။
- ဈေးကွက်ဝင်ရောက်မည့် နိုင်ငံနှင့်ဒေသရှိ ဥပဒေများနှင့်ပတ်သက်၍လည်း လေ့လာထားရန် အထူးလိုအပ်သည်။ ဥပမာ- အလုပ်သမားဥပဒေ၊ အနည်းဆုံးလုပ်ခနှုန်းထားအခြေအနေ၊ အငြင်းပွားမှုဖြေရှင်းရေးကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများ၊ အခွန်ဆိုင်ရာဥပဒေများ၊ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ယှဉ်ပြိုင်မှုဆိုင်ရာဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကိုလေ့လာထားရန် လိုအပ်သည်။
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီး မိမိလုပ်ငန်း၊ မိမိထုတ်လုပ်ရောင်းချမည့်ကုန်ပစ္စည်းတို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ငြိစွန်းနိုင်ခြင်း ရှိ၊ မရှိ၊ ရေဆိုးစွန့်ထုတ်မှုနှင့်ပတ်သက်၍ ဖြေရှင်းရမည့်နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လေထု၊ ရေထုညစ်ညမ်းမှုများနှင့်ဆိုင်သောကိစ္စများ၊ ရာသီဥတု၊ မိုးလေဝသအခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုအခြေအနေများ စသည်တို့ကိုလည်း သိရှိထားရန် လိုအပ်သည်။

**လုပ်ငန်းနှင့်စီးပွားရေးဝန်းကျင်ကို လေ့လာသုံးသပ်ခြင်း**

မိမိကုန်ပစ္စည်း၊ ရောင်းဝယ်သည့်လုပ်ငန်းဝန်းကျင်အား လေ့လာသုံးသပ်ခြင်းကိုလည်း မှန်မှန်ဆောင်ရွက်ပေးရန်လိုအပ်သည်။ ထိုသို့လုပ်ငန်းအတွင်း လေ့လာရာတွင် အားသာချက်(Strength)နှင့် အားနည်းချက်(Weakness)များကို ရှာဖွေဖော်ထုတ်ပြီး အားသာချက်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ အားနည်းချက်များကိုဖော်ထုတ်ပြီး ပြုပြင်ပြောင်းလဲခြင်းများကို အစဉ်ပြုလုပ်နေရမည်ဖြစ်သည်။ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ရာတွင် လုပ်ငန်း၏ အလုပ်ရုံ၊ စက်ရုံများ ကောင်း၊ မကောင်း၊ သိုလှောင်ရန်နေရာ ကောင်း၊ မကောင်း၊ လုပ်ငန်းများအဆင့်ဆင့်ဆောင်ရွက်ရန် စက်ကိရိယာများ ကောင်း၊ မကောင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ကောင်း၊ မကောင်း စသည်တို့ကိုလည်းကောင်း၊ လူသားအရင်းအမြစ်များဖြစ်သည့် လုပ်သားများကျန်းမာရေး၊ ဝန်ထမ်းများ၊ အလယ်၊ အလတ်နှင့် အထက်အဆင့် အရာထမ်းကြီးများ၏ စိတ်ပိုင်းဆိုင်ရာအခြေအနေနှင့် ခေါင်းဆောင်မှုအခြေအနေ ကောင်း၊ မကောင်း၊ လုပ်ငန်းကျွမ်းကျင်မှု ကောင်း၊ မကောင်း၊ နည်းပညာများကို အသုံးချနိုင်ခြင်း ရှိ၊ မရှိ၊ ကုန်ထုတ်စွမ်းအားကောင်းမွန်မှု ရှိ၊ မရှိ စသည့်အချက်များ၏ အားသာချက်၊ အားနည်းချက်များကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းအတွင်း လေ့လာသုံးသပ်ပြင်ဆင်ခြင်းအပြင် လုပ်ငန်းနှင့်ဆက်စပ်နေသော စီးပွားရေးပတ်ဝန်းကျင်၏ အခွင့်အလမ်းဖော်ဆောင်နိုင်ခြေကောင်း၊ မကောင်း၊ စိန်ခေါ်မှု၊ ခြိမ်းခြောက်မှုများ ရှိ၊ မရှိ၊ များ၊ မများ၊ နည်း၊ မနည်း၊ စသည်တို့ကိုလည်း လေ့လာသုံးသပ်ပြီး ပြင်ဆင်ရမည်ဖြစ်သည်။ လုပ်ငန်းအတွင်းပိုင်းကို ကောင်းသည်ထက်ကောင်းအောင် ပြင်ဆင်ထားသော်လည်း အခွင့်အလမ်းမရှိသောနေရာဒေသမျိုးဖြစ်နေလျှင် အခွင့်အလမ်းကောင်းသော ဈေးကွက်နေရာဒေသသို့ ပြောင်းရွှေ့မည်လား စသည်ဖြင့် အဖြေရှာရမည်ဖြစ်သည်။ ထို့ပြင် စိန်ခေါ်မှုများကိုလေ့လာပြီး အခွင့်အလမ်းအဖြစ် ပြောင်းလဲနိုင်ခြေ ရှိ၊ မရှိကိုပါ အဖြေထုတ်ရမည်ဖြစ်သည်။

**ဈေးကွက်ဖော်ဆောင်ရေးမဟာဗျူဟာကို လေ့လာသုံးသပ်ခြင်း**

အမေရိကန်နိုင်ငံမှ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်သူ H. Igor Ansoff က ဤဈေးကွက်ဖော်ဆောင်ရေးမဟာဗျူဟာကို လေ့လာသုံးသပ်ပြီးဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းတစ်ခု၏ ကြီးပွားတိုးတက်မှုကို လျင်လျင်မြန်မြန်နှင့် ရိုးရှင်းစွာ လေ့လာသုံးသပ်နိုင်သည့်နည်းလမ်းကို ဖော်ထုတ်ထားခြင်းဖြစ်သည်။ အကွက်လေးကွက်ပါဝင်ပြီး ဈေးကွက်နှင့် ကုန်စည်တို့ကို အခြေခံထားသည်။ ထိုအကွက်လေးကွက်မှာ လေ့လာသုံးသပ်ပြီး မဟာဗျူဟာချမှတ်အကောင်အထည်ဖော်ပြရမည့် အချက်လေးချက်လည်းဖြစ်သည်။

**ဈေးကွက်ထိုးဖောက်ဝင်ရောက်ခြင်း (Market Penetration)** ကို လက်ရှိ ရှိပြီးဖြစ်သောကုန်ပစ္စည်း၏ အားသာချက်များကိုအခြေပြုပြီး ဈေးကွက်ဝေစုပိုမိုရရှိအောင်ဆောင်ရွက်ရမည်။ မည်သည့်နည်းလမ်းများသုံးမည်ကို စဉ်းစားသုံးသပ်ပြီး မဟာဗျူဟာချမှတ်ဆောင်ရွက်ရန်ဖြစ်သည်။ အဓိကအားဖြင့် စွန့်စားမှုအနည်းဆုံးနည်းလမ်းတစ်ခုကို ရွေးချယ်ရမည်။ ဈေးကွက်ဖော်ဆောင်ရေးမဟာဗျူဟာအသစ်ကို ချမှတ်ပြီး အရောင်းမြှင့်တင်ရေးနည်းလမ်းများ ဖော်ထုတ်ကာဆောင်ရွက်သွားရမည်။ ဈေးနှုန်း၊ ကုန်ပစ္စည်းအရည်အသွေး၊ Special Promotion စသည်တို့ကို ချမှတ်ရမည်ဖြစ်သည်။

**ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ဈေးကွက်တိုးချဲ့ခြင်း (Market Development)** ကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။ လေ့လာသုံးသပ်ချက်များအရ ဈေးကွက်အသစ်ကိုတိုးချဲ့နိုင်ရေးအတွက် မဟာဗျူဟာချမှတ်ဆောင်ရွက်ရမည်။ ရည်မှန်းထားသည့်ဈေးကွက်အတွင်းရှိ အပိုင်းလိုက်၊ အလွှာလိုက်မှဝယ်ယူသူများ၊ ရည်မှန်းထားသည့်ဖောက်သည်များကို တိုးတက်အောင် မဟာဗျူဟာချမှတ်နိုင်ရန်လိုအပ်သည်။ ကုန်ပစ္စည်းအတွက် ဈေးကွက်ကို ဖန်တီးရမည်လား၊ ဝယ်ယူသူများ နားလည်လက်ခံလာအောင် ပညာပေးနည်းလမ်းများကို သုံးမည်လား စသည်တို့ကိုလည်း သုံးသပ်ရမည်ဖြစ်သည်။ ကြော်ငြာခြင်းများနှင့် ရောင်းချခြင်းများကိုလည်း နည်းလမ်းအမျိုးမျိုးအသုံးပြုနိုင်ရန် စီမံခန့်ခွဲရမည်။ ဖောက်သည်များအနေဖြင့် မိမိတို့ကုန်ပစ္စည်းကို နားလည်သုံးစွဲလာစေရန် မည်သည့်ဗျူဟာ၊ မည်သည့်နည်းလမ်းများ သုံးစွဲမည်ကိုပါ စဉ်းစားဖော်ထုတ်ရပါမည်။

**ကုန်ပစ္စည်းပိုင်းတွင် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း(Product Development)** နည်းလမ်းဖြင့်လည်း မိမိတို့လုပ်ငန်းကို တိုးချဲ့သွားရမည်ဖြစ်သည်။ ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ရှိပြီးဈေးကွက်တွင်

စာမျက်နှာ ၅ သို့ ➤

> ❖ လူမှုရေးဆိုင်ရာအခြေအနေများကိုလည်း လေ့လာရပါမည်။ အမျိုးသားများနှင့် အမျိုးသမီးများ၊ ဝယ်ယူမှုပုံစံများ၊ ငွေသုံးစွဲမှုပုံစံများ၊ ငွေသုံးနိုင်သူမည်မျှရှိသည်၊ နည်းသည်၊ များသည်တို့ကိုလည်းကောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်းကောင်း လေ့လာရပါမည်။ လူနေမှုပုံစံပြောင်းလဲမှုအခြေအနေ၊ ခေတ်ရေစီးကြောင်းအခြေအနေနှင့် ဖက်ရှင်ဒီဇိုင်းများဝတ်ဆင်မှုအခြေအနေ၊ အလုပ်လုပ်ကိုင်ပုံ၊ အနားယူမှုအခြေအနေ၊ အားလပ်ရက်များတွင် အနားယူသည့် လူနေမှုပုံစံ၊ လူနေမှုအခြေအနေ၊ ပညာရေးအခြေအနေ၊ လူဦးရေအခြေအနေ၊ လူနေထူထပ်သော မြို့ကြီးများနှင့် မြို့ငယ်များအခြေအနေ စသည်တို့ကို လေ့လာထားရပါမည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် အမြင်အာရုံကြည်လင်လာစေနိုင်သည်



လမ်းလျှောက်တာနဲ့ အမြင်အာရုံကြည်လင်တာက သိပ်တော့ဆက်စပ်မှုမရှိဘူးလို့ထင်ရပေမယ့် တကယ်တမ်းမှာတော့ အဲဒီလိုမဟုတ်ဘဲ လမ်းလျှောက်တာဟာ မိမိတို့ရဲ့အမြင်အာရုံကို တိုးတက်ကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ဘာကြောင့် အမြင်အာရုံတိုးတက်ကောင်းမွန်တာလဲဆိုရင် လမ်းလျှောက်ခြင်းဟာ မျက်စိမှာဖြစ်ပေါ်နေတဲ့ ဖိစီးမှုတွေကို ပြေလျော့စေလို့ပါ။

ဒါ့အပြင် မျက်လုံးအိမ်အတွင်း ဖိအားများလို့ မျက်စိကွယ်စေတတ်တဲ့ အခြေအနေဖြစ်တဲ့ ရေတိမ်ဖြစ်ပွားမှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၇၁၁၆ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၇၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်နှစ်က ကြက်သွန်ဖြူစိုက်ခင်းကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူဧက ၁၃၃၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ကြက်သွန်ဖြူစိုက်ပျိုးမှုက စိုက်ဧကနည်းပါတယ်။ ကြက်သွန်ဖြူကို စီးပွားဖြစ်မစိုက်ကြဘဲ အိမ်သုံးလောက်ပဲ စိုက်ကြတာများတယ်။ တချို့နေရာတွေမှာ ကြက်သွန်ဖြူကို စီးပွားဖြစ်စိုက်တာရှိပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးဖို့က အရင်းအနှီးများတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ခရိုင်အလိုက် ကြက်သွန်ဖြူ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၄၄၉ ဧက၊ တမူးခရိုင်တွင် ၃၅ ဧက၊ ကလေးခရိုင်တွင် ၃၀၈ ဧက၊ ဟုမ္မလင်းခရိုင်တွင်ဧက ၁၂၀၊ နာဂဒေသတွင် ၉၈ ဧက၊ မုံရွာခရိုင်တွင် ဧက ၁၂၀၊ ယင်းမာပင်ခရိုင်တွင် ၆၂၂ ဧက၊ ရွှေဘိုခရိုင်တွင် ၄၀၈၉ ဧက၊ ရေဦးခရိုင်တွင် ၉၁၇ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၄၇ ဧက၊ ကသာခရိုင်တွင် ၂၀၉ ဧက၊ ကောလင်းခရိုင်တွင် နှစ်ဧက စုစုပေါင်း ၇၁၁၆ ဧကဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ကြက်သွန်ဖြူစိုက်ပျိုးရန်အတွက် ခရိုင်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၅၅၂ ဧက၊ တမူးခရိုင်တွင် ၄၅ ဧက၊ ကလေးခရိုင်တွင် ဧက ၂၅၃၀၊ ဟုမ္မလင်းခရိုင်တွင် ၁၇၅ ဧက၊ နာဂဒေသတွင် ၁၂၅ ဧက၊ မုံရွာခရိုင်တွင် ဧက ၃၅၀၊ ယင်းမာပင်ခရိုင်တွင် ဧက ၁၄၅၀၊ ရွှေဘိုခရိုင်တွင်ဧက ၅၈၀၀၊ ရေဦးခရိုင်တွင် ၁၁၉၅ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၉၈ ဧက၊ ကသာခရိုင်တွင် ၇၃၇ ဧက၊ ကောလင်းခရိုင်တွင် ၁၉၃ ဧက စုစုပေါင်း ဧက ၁၃၃၅၀ ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မြန်မာ့အနာဂတ် ခိုင်ခိုင်မတ်မည်

- တစ်ကိုးလေးရှစ် အစစ်အမှန်
  လွတ်လပ်သံကို နဘံမိုးဖျား
  တိမ်ယံကြားထိ မြန်သားပြည်သူ
  များဗိုလ်လူတို့
  အတူတကွ ရယူကြခဲ့
  သာစွမြန်ပြည် အောင်ပန်းဝေ။

- ဤသို့လွတ်လပ် ပန်းမြတ်တော်ဝင်
  ဂေါ်သဇင်ကို
  ပန်ဆင်ရဖို့ ငါတို့ဘိုးဘွား
  ညီနောင်များ၏ သွေးသားအသက်
  ရင်းနှီးဆက်ခဲ့
  မေ့ရက်စရာ မရှိပါ။

- လွတ်လပ်ရေးအမွေ တည်တံ့စေဖို့
  မသွေဆက်ဆက် ညီညာယှက်၍
  တွဲလက်ခိုင်ခိုင် မယိမ်းယိုင်ဘဲ
  စီးခိုင်ယိုဖိတ် မျိုးချစ်စိတ်ဖြင့်
  မမှိတ်မသုန် စောင့်ရှောက်ကုန်လော့။

- ငါတို့တာဝန် စဉ်ကျေပွန်အောင်
  ချည်နှောင်သတိ ဖွဲ့ရှိရှိဖြင့်
  တိုင်းသိပြည်ကုန် ကြိုးပါကုန်လော့။

- အမျိုးဂုဏ်တက် လန်းရွှင်လျက်သာ
  ဤကမ္ဘာဝယ် ထည်ဝါတင့်ကြောင်း
  စုပေါင်းလှံ့လ အားထုတ်ကြမှ
  မြန်မာ့အနာဂတ် ခိုင်ခိုင်မတ်မည်
  လွတ်လပ်ရေးနေ့အဓိဌာန်။

- တိုင်းလုံးပြည်ရွာ ခြိမ့်ခြိမ့်ညံ။
  မြန်မာ့အောင်လံ စွင့်စွင့်ပျံ။ ။

**ဘိုမျိုး(ရွှေဘို)**

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုလျက်။

➤ စာမျက်နှာ ၄ မှအဆက်

ကုန်ပစ္စည်းအသစ် ထုတ်လုပ်မိတ်ဆက်ပေးခြင်းဖြင့် ဖောက်သည်ဟောင်းများကို ထိန်းထားနိုင်ပြီး ဖောက်သည်အသစ်များလည်း ရရှိလာနိုင်သည်။ ထိုနည်းလမ်းဖြင့် ဈေးကွက်ဝေစုတိုးလာရေးနှင့် အကျိုးအမြတ်ပိုမိုရရှိရေးကိုဆောင်ရွက်ရာတွင် ကုန်ပစ္စည်းအသစ်ကိုမိတ်ဆက်ခြင်း၊ ကုန်ပစ္စည်းအသစ်နှင့်ပတ်သက်သည့်အချက်များကို ဖောက်သည်များ၊ စားသုံးသူများ ပိုမိုသိရှိအောင် ဆောင်ရွက်ရမည့်နည်းလမ်းများကို ချမှတ်အကောင်အထည်ဖော်ရမည်။

**ဈေးကွက်နှင့် ကုန်ပစ္စည်းတိုးတက်ဖြန့်ကြက်ခြင်း (Diversification)**လုပ်ငန်းကို ဆောင်ရွက်ရမည့်နည်းလမ်းမှာ ကုန်ပစ္စည်းအသစ်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်အသစ် ဖော်ထုတ်ခြင်းတို့ဖြစ်သည်။ ကုန်ပစ္စည်းအသစ်ထုတ်လုပ်ခြင်းနည်းလမ်းသည် များစွာစွန့်စားရသကဲ့သို့ ဈေးကွက်အသစ်များ ဖြန့်ကြက်ခြင်းသည်လည်း စွန့်စားရသောနည်းလမ်းပင်ဖြစ်သည်။ ထို့ကြောင့် ကုန်ပစ္စည်းအသစ်လည်း ထုတ်လုပ်၊ ဈေးကွက်အသစ်များထံလည်း ဖြန့်ကြက်ခြင်းသည် စွန့်စားရမှုအလွန်များ ပြားသည်ကို တွေ့နိုင်သည်။ သို့သော်လည်း စွန့်စားရမှုများသည်နှင့်အမျှ အမြတ်အစွန်းနှင့် အကျိုးကျေးဇူးလည်း များစွာရရှိနိုင်သည်။ ထို့ကြောင့် ဤနည်းလမ်းကို စနစ်တကျမဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး လုပ်ကိုင်နိုင်မည်ဆိုပါက များစွာအကျိုးရှိနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ရန်အတွက် အသေးစိတ်နည်းလမ်းချမှတ်နိုင်ရန်လိုအပ်သကဲ့သို့ မည်သို့ကိုင်တွယ်မည်ကိုလည်း သေချာစွာစဉ်းစားအကောင်အထည်ဖော်ရန်လိုအပ်သည်။

**လုပ်ငန်းအတွင်းပိုင်းလေ့လာခြင်းနှင့် စီမံကိန်းချမှတ်ခြင်း**

ဤနည်းလမ်းကို 7S Mc Kinsey Framework ဟုလည်း ခေါ်ဝေါ်ကြသည်။ S ခုနစ်လုံးဖြင့် ဖော်ပြထားသဖြင့် 7S ဟု ခေါ်ကြခြင်းဖြစ်သည်။ အဆိုပါ 7S မှာ Strategy ဟူသော မဟာဗျူဟာ၊ Structure ဟူသော လုပ်ငန်းဖွဲ့စည်းပုံ၊ System ဟူသော စနစ်၊ Share Value ဟူသော အဓိကပင်မတန်ဖိုး၊ Style ဟူသော ခေါင်းဆောင်မှုပုံစံ၊ Skill ဟူသော ကျွမ်းကျင်မှုနှင့် Staff ဟူသော ဝန်ထမ်းတို့ဖြစ်သည်။ အသေးစိတ်ဖော်ပြရလျှင် အဆိုပါ S ခုနစ်လုံးဖြင့် မိမိလုပ်ငန်းအတွင်းပိုင်းအခြေအနေကို လေ့လာသုံးသပ်နိုင်သကဲ့သို့ ထိုသုံးသပ်ချက်များပေါ်မှီ၍ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်နိုင်သည်။

**Strategy မဟာဗျူဟာ**သည် လုပ်ငန်းတိုင်းတွင် ရှိရမည်ဖြစ်သည်။ နောင် ငါးနှစ်ကြာလျှင်ရောက်ရမည့် Vision အတွက် သွားမည့်နည်းလမ်း မဟာဗျူဟာချမှတ်ရမည်။ ထိုမဟာဗျူဟာကို မည်သို့အကောင်အထည်ဖော်မည်၊ မည်သည့်ဈေးကွက်ကို ထိုးဖောက်မည်၊ ဈေးကွက်ဝေစုကို မည်သည့်နည်းလမ်းဖြင့် ချဲ့ထွင်မည်၊ ရာသီဥတုပြောင်းလဲမှုကြောင့် မဟာဗျူဟာကို ပြင်ဆင်မည် စသည်ဖြင့် ဆောင်ရွက်ထားရမည်။

**Structure ဟူသောလုပ်ငန်းဖွဲ့စည်းပုံ**မှာလည်း လုပ်ငန်းတိုင်း၊ အဖွဲ့အစည်းတစ်ခုတိုင်းတွင် ဖွဲ့စည်းပုံရှိရမည်။ မည်သူကခေါင်းဆောင်မည်၊ မည်သို့သောနည်းလမ်းများဖြင့် စီမံခန့်ခွဲမည်၊ မည်သူက မည်သူများကို စီမံခန့်ခွဲရမည်၊ မည်သို့သောကဏ္ဍများခွဲခြား၍ လုပ်ငန်းလုပ်ကိုင်မည် စသည်တို့ကို ထားရှိရမည်ဖြစ်သည်။

**System ဟူသော စနစ်**အနေဖြင့် မည်သည့်နည်းလမ်းဖြင့် လူသားရင်းမြစ်ဖွံ့ဖြိုးရေးကဏ္ဍကို ဖွဲ့စည်းမည်၊ မည်သည့်စနစ်များဖြင့် တိုးတက်အောင်လုပ်မည်၊ ငွေကြေးကဏ္ဍကို မည်သို့ဖွဲ့စည်းဆောင်ရွက်မည်၊ ဘဏ္ဍာရေးစည်းမျဉ်းစနစ်များချမှတ်မည်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ မည်သို့ချမှတ်မည်၊ မည်သူက စီမံခန့်ခွဲမည် စသည့်နည်းစနစ်များကို စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ရမည်ဖြစ်သည်။ ထိုစနစ်များ ကောင်း၊ မကောင်းကို အမြဲတမ်းလေ့လာသုံးသပ်ပြီး ပြုပြင်ဆောင်ရွက်နေရန်လည်း စနစ်ချမှတ် အကောင်အထည်ဖော်နေရန် လိုအပ်သည်။

**Share Value ဟူသော အဓိကပင်မတန်ဖိုး**က မည်သည့်အရာဖြစ်ပါသလဲ၊ အမြတ်များများရရှိရေးသည် ပင်မတန်ဖိုးဖြစ်ပါသလား သို့မဟုတ် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများထုတ်လုပ်ရေးသည် ပင်မတန်ဖိုးဖြစ်ပါသလား စသည်ဖြင့် ဖော်ထုတ်နိုင်ရမည်ဖြစ်သည်။ ပင်မတန်ဖိုးသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၏ Vision မျှော်မှန်းချက်လည်းဖြစ်သည်။

**Style ဟူသော ပုံစံဟန်ပန်**သည် လုပ်ငန်း၏ ခေါင်းဆောင်မှုပုံစံဟန်ပန်ကို အဓိကဆိုလိုသည်။ ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်ခြင်း၊ ခွဲခြားစိတ်ဖြာ၍ အုပ်ချုပ်ခြင်း၊ Laissez-Faire Styleဖြင့် အုပ်ချုပ်ခြင်း စသည်ဖြင့် မည်သည့်အုပ်ချုပ်မှုပုံစံများဖြင့် မိမိအဖွဲ့အစည်း၊ ကုမ္ပဏီကို ခေါင်းဆောင်နေသည်ကို ဖော်ထုတ်သုံးသပ်ရမည်။

**Skill ဟူသော ကျွမ်းကျင်မှုနှင့် Staff ဟူသော ဝန်ထမ်း**အပိုင်းတွင် ကျွမ်းကျင်မှုရှိရမည့် လုပ်သား၊ ဝန်ထမ်းများ လိုအပ်သည်မှာ မုချဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းကျွမ်းကျင်မှုအကောင်းဆုံးရှိနေရန် ဆောင်ရွက်ရမည်၊ လုပ်သားများကိုလည်း နယ်ပယ်အသီးသီးတွင် ကျွမ်းကျင်လိမ္မာရန် လုပ်ကိုင်ပေးရမည်၊ ကျွမ်းကျင်မှုမရှိသေးလျှင် ကျွမ်းကျင်အောင် ဖန်တီးပေးရမည်။ လုပ်သားနှင့် ဝန်ထမ်းများအတွက် စဉ်းစားရာတွင် လုပ်ငန်းခွင်ပျော်ရန်၊ သာရေးနာရေးကိစ္စများတွင် လုပ်ငန်းဘက်မှ ပါဝင်ကူညီနိုင်ရန် စသည့်အချက်များကအစ ထည့်သွင်းစဉ်းစားကာ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

ထို့ကြောင့် အထက်တွင်ဖော်ပြသည့်နည်းလမ်းများနှင့် လေ့လာပြီး မိမိလုပ်ငန်းကို အကောင်အထည်ဖော်မည်ဆိုပါက လစ်ကွက်ဟာကွက်မရှိဘဲ အောင်မြင်မှုဆီသို့ တက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **MESI University's Business Management Course**

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းစစ်ရေးပဋိပက္ခကာလတစ်လျှောက် အကြီးမားဆုံးလေကြောင်းထိုးစစ် ရုရှားပြုလုပ်

**မော်စကို ဒီဇင်ဘာ ၃၀**

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲကာလတစ်လျှောက် အကြီးမားဆုံး လေကြောင်းထိုးစစ်ကို ဒီဇင်ဘာ ၂၉ ရက်တွင်ပြုလုပ်ခဲ့ရာ ယူကရိန်းနိုင်ငံ၌ လူ ၃၁ ဦးသေဆုံး၍ ဦးရေ ၁၆၀ ကျော်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၏ အဆိုပါလေကြောင်းတိုက်ခိုက်မှုကို အဆောတလျင်ကျင်းပခဲ့ရသည့် လုံခြုံရေးကောင်စီအစည်းအဝေး၌ အမေရိကန်၊ဗြိတိန်နှင့်ပြင်သစ်အပါအဝင် အဖွဲ့ဝင်နိုင်ငံအများစုက ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

သို့သော် ဒီဇင်ဘာ ၂၉ ရက် လေကြောင်းထိုးစစ်များတွင် ရုရှားစစ်ဘက်အနေဖြင့် ယူကရိန်း၏ စစ်ရေးအခြေခံအဆောက်အအုံများကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီးမာဆီလီနီဘင်ယာက လုံခြုံရေးကောင်စီအစည်းအဝေး၌ထုတ်ဖော်ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၉ ရက် လေကြောင်းထိုးစစ်အတွင်း ရုရှားနိုင်ငံသည် ဒုံးကျည်နှင့် မောင်းသူမဲ့လေယာဉ် ၁၅၈ စင်းကိုအသုံးပြု၍ ယူကရိန်းပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါထိုးစစ်သည် နှစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်သည့် ယူကရိန်းစစ်ပွဲကာလတစ်လျှောက် ရုရှားနိုင်ငံ၏ အကြီးမားဆုံးလေကြောင်းထိုးစစ်ဖြစ်သည်။

အဆိုပါလေကြောင်းထိုးစစ်အတွင်း အရပ်သားများ ထိခိုက်သေဆုံးမှုအတွက် ယူကရိန်းလေကြောင်းရန်ကာကွယ်ရေးတပ်များတွင် တာဝန်ရှိသည်ဟု ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီးက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဥရောပသို့ လောင်စာဆီပို့ဆောင်မည့်သင်္ဘောများ အာဖရိကကို ကွေ့ပတ်မောင်းနေရဆဲဖြစ်

**လန်ဒန် ဒီဇင်ဘာ ၃၀**

အရှေ့အလယ်ပိုင်းနှင့်အိန္ဒိယတို့မှတစ်ဆင့် ဥရောပသို့ ဒီဇယ်နှင့် လေယာဉ်ဆီများ ပို့ဆောင်မည့် ရေနံတင်သင်္ဘော အနည်းဆုံးလေးစီးသည် ပင်လယ်နီရေပြင်ကို ရှောင်ရှားရေးအတွက် အာဖရိကတိုက်ကို ကွေ့ပတ်မောင်းနှင်နေကြောင်း ဒီဇင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

ဥရောပသို့ရောက်ရန် အာဖရိကတိုက် ဂွတ်ဟုပ်အငူကိုကွေ့ပတ်မောင်းနှင်နေရမှုကြောင့် ရေနံတင်သင်္ဘောများ၏ ဥရောပခရီးစဉ်ကာလမှာ ပုံမှန်ထက်ရက်သတ္တသုံးပတ်ကျော်ပိုမိုကြာမြင့်လာခဲ့ရပြီး ကုန်စည်သယ်ယူပို့ဆောင်ရေးစရိတ်စကများလည်း မြင့်တက်လာခဲ့ရသည်။

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စု၏ တိုက်ခိုက်မှုအန္တရာယ်ကို ရှောင်ရှားရေးအတွက် အချို့ကုန်တင်သင်္ဘောများက ရေလမ်းကြောင်းများပြောင်းလဲပြေးဆွဲနေစဉ် အချို့သောကုန်တင်သင်္ဘောများကလည်း ခရီးချိန်တိုတောင်းသည့် ပင်လယ်နီရေလမ်းကြောင်းကို ဆက်သုံးနေကြဆဲဖြစ်သည်။

ယီမင်အခြေစိုက် အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် အစ္စရေး၏ဂါဇာစစ်ပွဲကိုတုံ့ပြန်သည့်အနေဖြင့် အောက်တိုဘာ ၇ ရက်နောက်ပိုင်းမှစ၍ ပင်လယ်နီရေပြင်အတွင်းရှိ ကုန်တင်သင်္ဘောများကိုတိုက်ခိုက်ခဲ့ရာ ယခုလအစောပိုင်းတွင် ရေနံတင်သင်္ဘောများအနေဖြင့် ပင်လယ်နီရေပြင်ကို စတင်ရှောင်ရှားခဲ့ကြရကြောင်း သိရသည်။

သို့သော် မက်စ်နှင့်စီအမ်အေစီဂျီအမ်အပါအဝင် ကုန်သေတ္တာတင်သင်္ဘောလိုင်းများက ပင်လယ်နီရေလမ်းကြောင်းကိုပြန်လည်အသုံးပြုနေကြပြီဖြစ်သည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံဦးဆောင်သော မဟာမိတ်နိုင်ငံများ၏ နိုင်ငံစုံရေတပ်အုပ်စုတစ်ခုက ပင်လယ်နီရေလမ်းကြောင်းများကို အကာအကွယ်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တရုတ်ရေတပ်အကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီးတောင်ကျန်းကို ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် တရုတ်အစိုးရခန့်အပ်




**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်ရေတပ် အကြီးအကဲဟောင်း ဗိုလ်ချုပ်ကြီးတောင်ကျန်းကို ကာကွယ်ရေးဝန်ကြီးသစ်အဖြစ် တရုတ်အစိုးရက ဒီဇင်ဘာ ၂၉ ရက်တွင် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အသက် ၆၂ နှစ်ရှိ ဗိုလ်ချုပ်ကြီးတောင်ကျန်းသည် ပြီးခဲ့သည့်လေးလခန့်မှ ကာကွယ်ရေးဝန်ကြီးအဖြစ်မှ ဖယ်ရှားခံခဲ့ရသော ဗိုလ်ချုပ်ကြီးလီရှန်ဖူး၏နေရာတွင် အစားထိုးတာဝန်ယူမည်ဖြစ်သည်။

ဗိုလ်ချုပ်ကြီး တောင်ကျန်းသည် တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်(ပီအယ်လ်အေ)အရှေ့ဘက်စစ်ဒေသ စစ်ဌာနချုပ်လက်အောက်ရှိ အရှေ့ပင်လယ်ရေတပ်အုပ်စု ဒုတိယတပ်မှူးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ဗိုလ်ချုပ်ကြီးတောင်ကျန်းသည် တောင်တရုတ်ပင်လယ်ဒေသ၌ အခြေပြုထားသော တောင်ပိုင်းစစ်ဒေသစစ်ဌာနချုပ် ဒုတိယဌာနချုပ်မှူးအဖြစ် တာဝန်ယူခဲ့သူလည်းဖြစ်သည်။

ကာကွယ်ရေး ဝန်ကြီးသစ်တောင်ကျန်းသည် တရုတ်ကာကွယ်ရေးဝန်ကြီးအဖြစ် ပီအယ်လ်အေကို ကိုယ်စားပြု၍ သတင်းမီဒီယာများ၊ အခြားနိုင်ငံများမှ လက်နက်ကိုင်တပ်များနှင့် ထိတွေ့ဆက်ဆံရမည်ဖြစ်သည်။

ထို့ပြင် တရုတ်(တိုင်ပေ)ပြဿနာ၊ တောင်တရုတ်ပင်လယ် ပြဿနာများကိုအကြောင်းပြု၍ ပဋိပက္ခများပေါ်ပေါက်လာနိုင်ခြေကို လျှော့ချရေးအတွက် အမေရိကန်စစ်ဘက်နှင့် ထိတွေ့ဆက်ဆံရေးတာဝန်ကိုလည်း ရယူရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ရုရှားကပြန်သိမ်းနိုင်မည့် အနောက်အုပ်စုပိုင်ဆိုင်မှုများ စာရင်းပြုစုထားကြောင်း ရုရှားအစိုးရ ဂျီ-၇ ကို သတိပေး

**မော်စကို ဒီဇင်ဘာ ၃၀**

ရုရှားဗဟိုဘဏ်၏ အရန်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ကို သိမ်းယူရန် ဂျီ-၇ အုပ်စုခေါင်းဆောင်များကဆုံးဖြတ်ခဲ့ပါက မိမိတို့အနေဖြင့်လည်းပြန်လည်သိမ်းယူနိုင်မည့်အမေရိကန်၊ဥရောပနိုင်ငံများနှင့်အခြားနိုင်ငံများ၏ပိုင်ဆိုင်မှုများကို စာရင်းပြုစုထားကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ဒီဇင်ဘာ ၂၉ ရက်တွင် သတိပေးလိုက်သည်။

ဂျီ-၇ အုပ်စု နိုင်ငံများမှ ခေါင်းဆောင်များသည် ရုရှားဗဟိုဘဏ်အရန်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ကိုသိမ်းယူရေးအတွက် ဥပဒေသဘောတရားများချမှတ်ရန် လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

သို့သော် ရုရှားဗဟိုဘဏ်အရန်ငွေများကို သိမ်းယူမည်ဆိုပါက အနောက်အုပ်စုအနေဖြင့် သူတစ်ပါးဥစ္စာကိုလုယက်ခိုးယူရာ၊ နိုင်ငံတကာဥပဒေများကိုဖောက်ဖျက်ရာရောက်လိမ့်မည်ဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က ဝေဖန်ခဲ့သည်။

ထို့ပြင် ရုရှားဗဟိုဘဏ်ပိုင်ဆိုင်မှုများအသိမ်းခံခဲ့ရပါက လက်တုံ့ပြန်သိမ်းယူနိုင်သည့် အမေရိကန်၊ ဥရောပနှင့်အခြားနိုင်ငံများ၏ ပိုင်ဆိုင်မှုစာရင်းကိုလည်း မိမိတို့ပြုစုထားပြီးဖြစ်ကြောင်း ဒီမီထရီပက်စကော့ဗ်က သတိပေးခဲ့သည်။

သို့သော် အဆိုပါစာရင်းတွင် ပါဝင်သည့်အနောက်အုပ်စုပိုင်ဆိုင်မှုများကို ဒီမီထရီပက်စကော့ဗ်က အသေးစိတ် ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ယူကရိန်းပြဿနာကိုအကြောင်းပြု၍ အမေရိကန်နိုင်ငံနှင့်အနောက်အုပ်စုမဟာမိတ်များသည် ရုရှားဗဟိုဘဏ်၊ ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ ငွေပေးချေပြုလုပ်မှုများကို ပိတ်ပင်ထားပြီး ရုရှားဗဟိုဘဏ်ပိုင်ဆိုင်မှုများကိုလည်း ထုတ်ယူခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# နှစ်သစ်ကူးပွဲများ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင် ၉၀၀၀၀ ခန့် ပြင်သစ်ဖြန့်ကြက်မည်

**ပဲရစ် ဒီဇင်ဘာ ၃၀**

ပြင်သစ်နိုင်ငံသည် ယခုရက်သတ္တပတ်ကုန်ကာလ နှစ်သစ်ကူးပွဲအခမ်းအနားများ လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်အမြောက်အမြားဖြန့်ကြက်ရန် စီစဉ်ထားကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီး ဂျရယ်ဒါမာနင်က ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံရင်ဆိုင်နေရသည့် အကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုမြင့်မားနေခြင်းကြောင့် နှစ်သစ်ကူးပွဲသဘင်များအတွက် လုံခြုံရေးမြှင့်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ထုတ်ဖော်ပြောကြားထားသည်။

ပြင်သစ်နိုင်ငံသည် နှစ်သစ်ကူးကာလအတွင်း နိုင်ငံတစ်ဝန်း၌ ရဲတပ်ဖွဲ့ဝင် ၉၀၀၀၀ ခန့်ဖြန့်ကြက်ထားမည်ဖြစ်ပြီး အဆိုပါရဲတပ်ဖွဲ့ဝင်အင်အားအနက် ၆၀၀၀ တို့က ပဲရစ်မြို့အတွက် တာဝန်ယူပေးမည်ဖြစ်သည်။



ထို့ပြင် နှစ်သစ်ကူးကာလအတွင်း ပြင်သစ်နိုင်ငံသည် ပြင်သစ်စစ်ဘက်အကြမ်းဖက်မှုတိုက်ဖျက်ရေးတပ်ဖွဲ့မှအထူးတပ်ဖွဲ့ဝင် ၅၀၀၀ ကိုလည်း နိုင်ငံတစ်ဝန်း ဖြန့်ကြက်ထားရန် စီစဉ်ထားသည်။

အစ္စရေး-ဟားမတ်စ် စစ်ပွဲကို အစ္စရေးနှင့်ပါလက်စတိုင်းအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြားဖြစ်ပွားနေသည့်စစ်ပွဲကြောင့် ပြင်သစ်နိုင်ငံရင်ဆိုင်နေရသော အကြမ်းဖက်ဝါဒ ခြိမ်းခြောက်မှုမှာလည်း မြင့်မားနေကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားထားသည်။

အကြောင်းပြု၍ အစွန်းရောက်များက တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ခြေမြင့်မားနေသည်ဟု ဥရောပတစ်လွှားမှလုံခြုံရေးတာဝန်ရှိသူများက သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ ဒုံးပျံ၏အစိတ်အပိုင်းများ လူနေထိုင်ခြင်းမရှိသည့် နေရာတစ်ခုအနီးကျရောက်ခဲ့



**ပေကျင်း ဒီဇင်ဘာ ၃၀**

တရုတ်နိုင်ငံက မကြာသေးမီကာလတွင် ပြုလုပ်ခဲ့သော ဂြိုဟ်တုလွှတ်တင်မှုအတွင်း အသုံးပြုခဲ့သည့် ဒုံးပျံ၏အစိတ်အပိုင်းများသည် လူနေထိုင်ခြင်းမရှိသည့် နေရာတစ်ခုအနီး ကျရောက်ခဲ့ကြောင်း ဒီဇင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် ဒီဇင်ဘာ ၂၅ ရက်တွင် ဂြိုဟ်တုနှစ်စင်းကို လောင်းမတ်ချ်-၃ ဘီဒုံးပျံဖြင့် စီချမ်ပြည်နယ် ရှီချန်းဂြိုဟ်တုလွှတ်တင်ရေးစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လောင်းမတ်ချ်-၃ ဘီ ဒုံးပျံ၏ဘေးတွဲ တွန်းအားပေး ဒုံးယာဉ်များသည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးဒေသ၌ ကျရောက်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် လောင်းမတ်ချ်-၃ ဘီ ဒုံးပျံသည် ပေတူ-၃ အုပ်စုဝင် လမ်းပြနေရာပြစနစ် ဂြိုဟ်တု နှစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ရှေးယခင်ကလည်း ပေတူဂြိုဟ်တုများ လွှတ်တင်ရာတွင် အသုံးပြုသည့် ဒုံးပျံအစိတ်အပိုင်းများ မြေပြင်သို့ပြန်ကျရောက်ခဲ့ဖူးကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ဂြိုဟ်တုလွှတ်တင်ရေးစခန်းများအနက် အချို့မှာ ကုန်းတွင်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းများဖြစ်ရာ ဒုံးပျံအစိတ်အပိုင်းများမြေပြင်ပေါ်သို့ ပြန်လည်ကျရောက်တတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ဂျူနိုအာကာသယာဉ် ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျူနိုအာကာသယာဉ်သည် ယနေ့တွင် ကြာသပတေးဂြိုဟ်၏ အိုင်အိုဂြိုဟ်ရံလကို အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း သိရသည်။


ဂျူနို အာကာသယာဉ်သည် အိုင်အိုဂြိုဟ်ရံလကို မိုင်ပေါင်း ၉၃၀ အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ခြင်းဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

ဂျူနိုအာကာသယာဉ်သည် နှစ် ၂၀ ကျော်ကာလအတွင်း အိုင်အိုဂြိုဟ်ရံလကို အနီးကပ်ဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းခဲ့သော ပထမဆုံးအာကာသယာဉ်ဖြစ်သည်။

နာဆာ၏ ဂယ်လီလီယို အာကာသယာဉ်သည် ၂၀၀၁ ခုနှစ်က အိုင်အိုဂြိုဟ်ရံလကို မိုင်ပေါင်း ၁၁၂ မိုင်အကွာမှ ဖြတ်ကျော်ပျံသန်းခဲ့ဖူးကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဂျူနိုအာကာသယာဉ်ကို ၂၀၁၁ ခုနှစ် ဩဂုတ် ၅ ရက်တွင် ကြာသပတေးဂြိုဟ်နှင့် ဂြိုဟ်ရံလများ လေ့လာရေးအတွက် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဂျူနို အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်ကို ၅၆ ကြိမ်ထိ



အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ဂျပန်အာကာသအေဂျင်စီက အိတ်ချ်-၃ ဒုံးပျံသစ်ကို စမ်းသပ်လွှတ်တင်ရန် ၂၀၂၄ ခုနှစ် အစောပိုင်းတွင် ဒုတိယအကြိမ် ကြိုးပမ်းမည်

**တိုကျို ဒီဇင်ဘာ ၃၀**

ဂျပန် အာကာသအေဂျင်စီသည် အိတ်ချ်-၃ ဒုံးပျံသစ်ကို စမ်းသပ်လွှတ်တင်ရန် ၂၀၂၄ ခုနှစ် အစောပိုင်းတွင် ဒုတိယအကြိမ် ကြိုးပမ်းမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။



ဂျပန် အာကာသအေဂျင်စီသည် အိတ်ချ်-၃ ဒုံးပျံကို ယခုနှစ် မတ်လအတွင်း ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ရာ အောင်မြင်မှုမရခဲ့ပေ။

သို့ရာတွင် မိမိတို့အနေဖြင့် အိတ်ချ်-၃ ဒုံးပျံကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ထပ်မံလွှတ်တင်ရေးအတွက် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဒုံးပျံကို တာနီဂါရှီးမား အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် ဂျပန်အာကာသအေဂျင်စီက စီစဉ်ထားသည်။

မစ်ဆူဘီရှီကုမ္ပဏီက တည်ဆောက်ထားသည့် အိတ်ချ်-၃ ဒုံးပျံသည် အလေးချိန် လေးတန်ရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာ့မြေပြင်အထက် အမြင့်မိုင် ၃၁၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်သည်။

ဂျပန်နိုင်ငံသည် လက်ရှိအသုံးပြုနေသော အိတ်ချ်-၂ အေ ဒုံးပျံနေရာတွင် အစားထိုးရန် အိတ်ချ်-၃ ဒုံးပျံသစ်ကိုစမ်းသပ်ရေးအတွက် ဂျပန်နိုင်ငံက ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## သက်လတ်ပိုင်းအရွယ်တွင် ငွေကြေးဆုံးရှုံးပါက Dementia ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**ပေကျင်း ဒီဇင်ဘာ ၃၀**

သက်လတ်ပိုင်း အရွယ်တွင် ငွေကြေးဆုံးရှုံးပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေမြင့်တက်လာနိုင်ကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

သက်လတ်ပိုင်းအရွယ်တွင် ငွေကြေးဆုံးရှုံးနစ်နာမှုဖြင့် ရင်ဆိုင်နေရမှုကြောင့် ပေါ်ထွက်လာသည့် စိတ်ဖိအားသည် တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှု ပို၍မြန်ဆန်လာတတ်ကြောင်း တရုတ်နိုင်ငံ ကျိကျန်းတက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း စည်းစိမ်ဉစ္စာ ၇၅ ရာခိုင်နှုန်းဆုံးရှုံးခဲ့ရသူ လူပေါင်း ၈၀၀၀ ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဘဏ္ဍာရေးဆုံးရှုံးမှုဖြင့်ရင်ဆိုင်ခဲ့ရသော သက်လတ်ပိုင်းများတွင် Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်း ပို၍ မြင့်တက်လာနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် ဘဏ္ဍာရေးအရ ဆုံးရှုံးမှုနှင့် Dementia ရောဂါတို့ကြား ဆက်စပ်မှုကို အသက် ၆၅ နှစ်အရွယ်ထိ တွေ့ရတတ်ပြီး ၆၅ နှစ်နှင့်အထက် သက်ကြီးပိုင်းများတွင် မတွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ငွေကြေးဆုံးရှုံးမှုပြဿနာသည် Dementia ရောဂါနှင့်ဆက်စပ်နေသည့် စိတ်ကျဝေဒနာပေါ်ထွက်လာတတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကိုယ်ဝန်ဆောင်စဉ် Benzodiazepines ဆေးသုံးစွဲပါက ကိုယ်ဝန်ပျက်ကျနိုင်ခြေ မြင့်မားနိုင်

**တိုင်ပေ ဒီဇင်ဘာ ၃၀**

ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း Benzodiazepines ခေါ် စိုးရိမ်သောကဝေဒနာ ကုသရေးဆေးတစ်မျိုးသုံးစွဲခဲ့ပါက ကိုယ်ဝန်ပျက်ကျနိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

စိုးရိမ်သောက ဝေဒနာနှင့် အိပ်မရနိုင်မှု ပြဿနာကဲ့သို့ နောက်ခံ အကြောင်းတရားများ ထည့်သွင်းစဉ်းစားခဲ့လျှင် Benzodiazepines ဆေးကြောင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများတွင် ကိုယ်ဝန်ပျက်ကျနိုင်ခြေ မြင့်မားနေတတ်ကြောင်း တရုတ်(တိုင်ပေ) သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ်(တိုင်ပေ) သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင်မိခင်လောင်း သုံးသန်းခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုယ်ဝန်ဆောင်ကာလအတွင်း Benzodiazepines ဆေးသုံးစွဲသူများ၌ ကိုယ်ဝန်ပျက်ကျနိုင်ခြေ ပုံမှန်ထက် ၇၀ ရာခိုင်နှုန်း ပိုမြင့်မားလာနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ပြဿနာများရှိနေသော ကိုယ်ဝန်ဆောင်မိခင်လောင်းများကို Benzodiazepines ဆေးပေးမည်ဆိုပါက အကျိုးနှင့်အပြစ်ကို ချိန်ဆရန်လိုကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

Benzodiazepines ဆေးအုပ်စုတွင် Ativan၊ Valium နှင့် Xanax စသည့်ဆေးများ ပါဝင်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# နည်းပြအန်ဆယ်လော့တီ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မက်ဒရစ် ဒီဇင်ဘာ ၃၀**

ရီးရဲလ်မက်ဒရစ်အသင်းသည် နည်းပြ အန်ဆယ်လော့တီနှင့် ယခုနှစ် ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ယခုအခါ နည်းပြ အန်ဆယ်လော့တီနှင့် သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကာ ၂၀၂၆ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

နည်းပြ အန်ဆယ်လော့တီသည် ရီးရဲလ်မက်ဒရစ်အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ထားနိုင်သဖြင့် ဘရာဇီးလက်ရွေးစင်အသင်းက လာမည့် ဇွန် ၃၀ ရက်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်သက်တမ်းကုန်ဆုံးမည့် ၎င်းကိုခေါ်ယူမည့် သတင်းများ ပေါ်ထွက်ခဲ့ပြီး အသင်းအနေဖြင့်လည်း နည်းပြသစ်ရှာဖွေလျက်ရှိနေသောကြောင့် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အန်ဆယ်လော့တီတို့၏ အနာဂတ်မှာ မရေမရာမှုများရှိခဲ့သည်။

အစောပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းသည် အန်ဆယ်လော့တီကို သက်တမ်းတိုးရန် အစီအစဉ်မရှိတော့သဖြင့် လေဗာကူဆင်အသင်းနည်းပြအလွန်ဆို၊ လူငယ်အသင်းနည်းပြရာအူးလ်၊ ဘရိုက်တန်နည်းပြဒီဇာဘီတို့ကို နည်းပြသစ်ခန့်အပ်နိုင်ရေး ပစ်မှတ်ထားခဲ့ကာ အန်ဆယ်လော့တီကလည်း အသင်းအနေဖြင့် သက်တမ်းတိုးစာချုပ်မကမ်းလှမ်းပါက ဘရာဇီးလက်ရွေးစင်အသင်းကို တာဝန်ယူမည်ဖြစ်ကြောင်း ကနဦးသဘောတူညီမှုရရှိခဲ့သည်။

သို့သော် နည်းပြအန်ဆယ်လော့တီသည် လက်ရှိအသင်းလူစာရင်းနှင့်အသင်းကိုအကောင်းဆုံးပုံစံတည်ဆောက်ထားနိုင်သောကြောင့် အသင်းတာဝန်ရှိသူများက သက်တမ်းနှစ်နှစ်တိုးရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၂၆ ခုနှစ်ထိလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**




# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲများသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# ရိုးမားအသင်းက ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်နှင့် အငှားစာချုပ်ဖျက်သိမ်း

**ရောမ ဒီဇင်ဘာ ၃၀**

ရိုးမားအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်း ကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ယခုအခါစာချုပ်ဖျက်သိမ်းခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

ရီနာတိုဆန်းချက်သည် ပီအက်စ်ဂျီအသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း အသင်းတွင်ပုံမှန်ပွဲကစားခွင့်မရသဖြင့် ရိုးမားအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့်ပြောင်းရွှေ့ခဲ့ပြီး စာချုပ်တွင် အပြီးသတ် ဝယ်ယူခွင့်ပါရှိခဲ့ပြီး ၎င်းအနေဖြင့် အသင်းတွင်ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်ခဲ့ရကာ ပြိုင်ပွဲစုံတွင် ၂၂၇ မိနစ်သာ ပါဝင် ကစားနိုင်ခဲ့သောကြောင့် ရိုးမားအသင်းက စာချုပ်ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

၎င်းသည် ယခင်က လိုင်လီအသင်း ကွင်းလယ်ပိုင်းတွင်ခြေစွမ်းပြကစားနိုင်ခဲ့သူဖြစ်ပြီး အသင်း ကို အမှတ်ပေးဆုဖလား ရရှိအောင်ကူညီနိုင်ခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် ပီအက်စ်ဂျီအသင်းသို့ရောက်ရှိခဲ့ပြီး အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရခဲ့ချိန်၌ ရိုးမားအသင်းက ၎င်း၏စွမ်းဆောင်မှုများကို နှစ်သက်နေသဖြင့် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သော်လည်း ကြံ့ခိုင်မှုပိုင်းအားနည်းချက်ရှိခဲ့သဖြင့် မကြာခဏ ဒဏ်ရာပြဿနာ ကြုံတွေ့ခဲ့ရပြီး ရိုးမားအသင်းတွင် ၎င်း၏ပုံစံကောင်းများ ပျောက်ဆုံးခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက စာချုပ်ဖျက်သိမ်း၍ ပီအက်စ်ဂျီအသင်းသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ရိုးမားအသင်းသည် ကွင်းလယ်ပိုင်းထက် ခံစစ်ပိုင်းလိုအပ်ချက် ရှိနေသောကြောင့် ဒဏ်ရာရနေသည့် စမောလင်း၏နေရာတွင် ယူနီယံဘာလင်အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် ဘူနူချီနှင့်အစားထိုးနိုင်ရန် ကြိုးပမ်းနေပြီး အာဆင်နယ်ခံစစ်ကစားသမားကီဗီရော်၊ ချဲလ်ဆီးခံစစ်ကစားသမား ချာလိုဘတ်၊ လိုင်လီအသင်းခံစစ်ကစားသမား ရီဘာရီရိုတို့ကိုလည်း ပစ်မှတ်ထားနေကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

# အာဖရိကဖလားပြိုင်ပွဲဝင်မည့် တိုက်စစ်မှူးဆာလာဟ် လီဗာပူးအသင်း၏ ပွဲစဉ်ခုနစ်ပွဲခန့် လွဲချော်မည်ဟု နည်းပြကလော့ပ် ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၃၀**

လီဗာပူးအသင်းမှ တိုက်စစ်မှူးဆာလာဟ်သည် အာဖရိကဖလားပြိုင်ပွဲကစားမည့် အီဂျစ်အသင်းလူစာရင်းတွင် ရွေးချယ်ခံရသဖြင့် လီဗာပူးအသင်း၏ အဓိကပွဲစဉ်အနည်းဆုံး ခုနစ်ပွဲခန့်လွဲချော်မည်ဖြစ်ကြောင်း နည်းပြကလော့ပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၂၄ အာဖရိကဖလားပြိုင်ပွဲသည် ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်ပြီး လီဗာပူးအသင်းအနေဖြင့် တိုက်စစ်မှူးဆာလာဟ်ကို လာမည့်ဇန်နဝါရီ ၂ ရက်တွင်ကစားရမည့် နယူးကာဆယ်အသင်းအပါအဝင် ဖေဖော်ဝါရီ ၄ ရက်တွင် ကစားရမည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တို့အပါအဝင် အနည်းဆုံးခုနစ်ပွဲခန့်ထိ လက်လွှတ်ရမည်ဖြစ်ကြောင်း နည်းပြကလော့ပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အာဖရိကဖလားပြိုင်ပွဲ အုပ်စုပွဲများသည် ဇန်နဝါရီ ၁၄ ရက်မှ ဇန်နဝါရီ ၂၄ ရက်ထိယှဉ်ပြိုင်မည်ဖြစ်ပြီး ဆာလာဟ်၏အီဂျစ်အသင်းအနေဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့တက်ရောက်ခဲ့ပါက ဇန်နဝါရီ ၃၁ ရက်တွင်ကစားရမည့် ချဲလ်ဆီးအသင်းပွဲစဉ်ကို လွဲချော်မည်ဖြစ်ပြီး ကွာတားဖိုင်နယ် ရောက်ရှိခဲ့ပါက အာဆင်နယ်အသင်းနှင့် ပွဲစဉ်ကို ထပ်မံလွဲချော်မည်ဖြစ်ကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပါက ဇန်နဝါရီ ၁၀ ရက်တွင်ကစားရမည့် ဘန်လေအသင်းနှင့်ပွဲစဉ်ကိုပါ ထပ်မံလွဲချော်နိုင်ကြောင်း သိရသည်။

နည်းပြကလော့ပ်က "အသင်းအနေနဲ့ဆာလာဟ်ကို နယူးကာဆယ်နဲ့ပွဲမှာ ပါဝင်စေချင်ပါတယ်။ ဘယ်အသင်းမဆို အသင်းရဲ့ အဓိကဂိုးသွင်းယူနေတဲ့ ကစားသမားလက်လွှတ်ရတာ မလွယ်ပါဘူး။ အရင်ကဆို မာနေးနဲ့ ဆာလာဟ်တို့ နှစ်ယောက်စလုံးကို လက်လွှတ်ခဲ့ရတာပါ။ အခုတစ်ချိန်က အရင်ကလောက်မဆိုးပါဘူး" ဟု ပြောကြားခဲ့ကြောင်း သိရသည်။




**Ref : Sputnik**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ခံစစ်ကစားသမား ဘိုင်လီသည် ဘက်ဆစ်တပ်အသင်းနှင့် လေးလအကြာကစားအပြီးတွင် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် ဗီလာရီးရဲလ်အသင်းက ၎င်းကိုခေါ်ယူနိုင်ရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိကြောင်း သိရသည်။
- ဆော်ဒီအာရေဗျနိုင်ငံတွင် ဒီဇင်ဘာ ၂၉ ရက်၌ကျင်းပမည့် ဂါလာတာစာရေးအသင်းနှင့် ဖီနာဘာချီအသင်းတို့၏ တူကီယဲစူပါဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို အဖွဲ့အစည်းနှင့် ပတ်သက်သည့်ပြဿနာအချို့ကြောင့် ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။ **ML**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၀) ရလဒ်

| | | | | |
|---|---|---|---|---|
| လူတန် | ၂ | - | ၃ | ချဲလ်ဆီး |
| အေဗီလာ | ၃ | - | ၂ | ဘန်လေ |
| ပဲလေ့စ် | ၃ | - | ၁ | ဘရန့်ဖို့ဒ် |
| မန်စီးတီး | ၂ | - | ၀ | ရှက်ဖီးလ်(U) |
| ဝုဗ် | ၃ | - | ၀ | အဲဗာတန် |

**(၀၄၀)**

# အမျိုးသားတံခွန်စိုက်ချန်ပီယံရှစ်ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဒီဇင်ဘာ ၃၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်၂၀၂၃ ခုနှစ် အမျိုးသားတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ(Myanmar National Championships 2023) ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင် အားကစားခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမျိုးသားအကြီးတန်းတစ်ဦးချင်းပြိုင်ပွဲမှချန်ပီယံဘုန်းပြည့်နိုင်(Zawana)က ချန်ပီယံဟိန်းထွဋ်(MBF)ကို ရမှတ်(၁၄-၂၁၊၂၁-၁၉၊၂၁-၁၃) ဖြင့်အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကျင်းပရာ သာမန်တန်းအမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသားအမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသားသက်ကြီးတန်း နှစ်ယောက်တွဲ၊ ဝါသနာရှင်တန်းအမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ၊အကြီးတန်းအမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ဒုတိယ၊ပူးတွဲတတိယဆုရရှိကြသော အားကစားသမားများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့်တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အကြီးတန်းအမျိုးသား တစ်ဦးချင်း၊ နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော အားကစားသမားများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ပေးအပ်ခဲ့ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်မှ ယနေ့ထိပြိုင်ပွဲပေါင်း ၃၀၄ ပွဲကျင်းပခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးမှ အားကစားသမား ဦးရေ ၂၅၀ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**STA**

# United Cup တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်အသင်းနှင့် စပိန်အသင်းတို့နိုင်ပွဲကိုယ်စီရရှိ

**ပက်သ် ဒီဇင်ဘာ ၃၀**

သြစတြေးလျနိုင်ငံ ပက်သ်မြို့တွင်ကျင်းပနေသည့် United Cup တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်အသင်းက အိမ်ရှင်သြစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး စပိန်အသင်းက ဘရာဇီးအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဗြိတိန်အသင်းက သြစတြေးလျအသင်းကို(၂-၁)ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး စပိန်အသင်းကလည်း ဘရာဇီးအသင်းကို (၂-၁)ရလဒ်ဖြင့်အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန်အသင်းသည် တစ်ဦးချင်းပွဲစဉ်နှစ်ပွဲတွင် အနိုင်ရခဲ့ပြီး နှစ်ယောက်တွဲ ပွဲစဉ်တွင် သြစတြေးလျအသင်းကို ရှုံးနိမ့်ခဲ့သည်။

တစ်ဦးချင်းပွဲစဉ်(၁) အဖြစ် ဗြိတိန်အသင်းမှ ဘော်လ်တာက သြစတြေးလျအသင်းမှ တွမ်ဂျန်နိုဗစ်ကို(၆-၂ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီးပွဲစဉ်(၂)တွင် ဗြိတိန်အသင်းမှ ကင်မရွန်းနော်ရီက သြစတြေးလျအသင်းမှ အဲလက်စ်ဒီမီနောကို (၆-၄ ၊ ၂-၆ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

နှစ်ယောက်တွဲ ပွဲစဉ်တွင် သြစတြေးလျအသင်းမှ ဟန်တာနှင့် အက်ဘ်ဒင်တို့အတွဲက ဗြိတိန်အသင်းမှ ဘော်လ်တာနှင့် စကပ်စကီတို့အတွဲကို(၆-၃ ၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်တွင် တစ်ဦးချင်းပွဲစဉ်(၁)အဖြစ် စပိန်အသင်းမှ ဗိုကီနာက ဘရာဇီးအသင်းမှ ဆေးဘုတ်ဝိုင်ကို(၆-၄၊ ၆-၀) ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ပွဲစဉ်(၂)အဖြစ် ဘရာဇီးအသင်းက ဟာဒက်မိုင်အာက စပိန်အသင်းမှ ဆော်ရီဘက်စ်ကို(၇-၆ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

နှစ်ယောက်တွဲ ပွဲစဉ်အဖြစ် စပိန်အသင်းမှ ဆောရီဘက်စ်နှင့် ဗိုကီနာတို့အတွဲက ဘရာဇီးအသင်းမှ ဟာဒက်မိုင်အာနှင့်မယ်လိုတို့အတွဲကို(၆-၄ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# TSS ၏ ၂၀၂၃ ခုနှစ် တစ်နှစ်တာအကောင်းဆုံး လက်ဝှေ့သမားအဖြစ် ဂျပန်လက်ဝှေ့သမားနာအိုယာကို ရွေးချယ်




**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန်နိုင်ငံတွင် အခြေစိုက်သည့် TSS သတင်းအေဂျင်စီကရွေးချယ်သော ၂၀၂၃ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး လက်ဝှေ့သမားဆုကို ဂျပန်လက်ဝှေ့သမားနာအိုယာက ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုယာသည် လက်ရှိစူပါဘင်တန်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံအဖြစ်ရပ်တည်နေသူဖြစ်ပြီး ဖိလစ်ပိုင်လက်ဝှေ့သမားမာလွန်တာပါလက်စ်ကို အနိုင်ရရှိကာ ပြိုင်ဘက်ကင်းချန်ပီယံဖြစ်လာခဲ့ခြင်းဖြစ်သည်။

နာအိုယာသည် ၂၀၂၂ ခုနှစ်တွင် ဘင်တန်ဝိတ်တန်း၏ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်အကုန်တွင် ဘင်တန်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ပြီးနောက် စူပါဘင်တန်ဝိတ်တန်းလောကသို့ကူးပြောင်းခဲ့သူဖြစ်သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် WBC၊WBO စူပါဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမားဖူလ်တန်နှင့် ထိုးသတ်ခဲ့ပြီး ဖူလ်တန်ကိုအနိုင်ရရှိကာ စူပါဘင်တန်ဝိတ်တန်းတွင် ကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

ဒီဇင်ဘာ ၂၆ ရက်တွင် ဖိလစ်ပိုင်လက်ဝှေ့သမား WBA၊ IBF စူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မာလွန်တာပါလက်စ်နှင့် ထိုးသတ်ခဲ့ရာ ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိကာ စူပါဘင်တန်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သည်။

နာအိုယာသည် အရပ် ၄ပေ ၄လက်မခွဲသာရှိသော်လည်း အရပ်အမောင်းသာလွန်သော ပြိုင်ဘက်များကို အသာစီးဖြင့်ထိုးသတ်ကာ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့သူလည်းဖြစ်သည်။

လက်ဝှေ့လောက သမိုင်းတွင် မတူညီသော ဝိတ်တန်းနှစ်ခုတွင် ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့သည့် နာအိုယာ၏ စွမ်းဆောင်ရည်ကြောင့် TSS သတင်းအေဂျင်စီက တစ်နှစ်တာအကောင်းဆုံး လက်ဝှေ့သမားအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# အမေရိကန်ကစားသမားကင်မရွန်းယန်းက ကက်ဒီဖြစ်သူ ပေါလ်တက်ဆိုရီနှင့်လမ်းခွဲကြောင်း ထုတ်ပြန်

**ဝါရှင်တန် ဒီဇင်ဘာ ၃၀**

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းသည် ကက်ဒီဖြစ်သူ ပေါလ်တက်ဆိုရီနှင့် ၁၀ လတာကာလ အတူလက်တွဲအလုပ်လုပ်ခဲ့ပြီးနောက် ပေါလ်တက်ဆိုရီနှင့် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကင်မရွန်းယန်းသည် ကက်ဒီအသစ်ကို ရွေးချယ်ရခြင်းမရှိသေးဘဲ ကက်ဒီအသစ်ခန့်အပ်ရေးအတွက် အချိန်ပေးရှာဖွေသွားမည်ဖြစ်ကြောင်းလည်း ပေါလ်တက်ဆိုရီက ပြောကြားခဲ့သည်။

ပေါလ်တက်ဆိုရီသည် အတွေ့အကြုံရှိသည့် ကက်ဒီတစ်ဦးဖြစ်ပြီး US Open ဂေါက်သီးရိုက်ချန်ပီယံဟောင်း တစ်ဦးဖြစ်သူဝက်ဘ်ဆင်ပဆန်နှင့် ၁၂ နှစ်ကြာ လက်တွဲအလုပ်လုပ်ခဲ့ပြီး ကင်မရွန်းယန်းနှင့် လက်တွဲအလုပ်လုပ်ခဲ့သည်။

ကင်မရွန်းယန်းနှင့် လမ်းခွဲခဲ့ပြီးနောက် ပေါလ်တက်ဆိုရီက အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဘရန်ဒန်တော့ဒ်နှင့်လက်တွဲအလုပ်လုပ်သွားမည် ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ကင်မရွန်းယန်းသည် ပေါလ်တက်ဆိုရီနှင့် လမ်းခွဲခဲ့ခြင်းမှာ စွမ်းဆောင်ရည်ပိုင်းကြောင့်မဟုတ်ဘဲ ပုဂ္ဂိုလ်ရေးသဘောမကျမှုကြောင့် ကက်ဒီအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ကင်မရွန်းယန်းက "ပေါလ်တက်ဆိုရီနဲ့ လမ်းခွဲဖို့ဆုံးဖြတ်လိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ကက်ဒီအသစ်ခန့်အပ်ရေးအတွက် အချိန်ယူစဉ်းစားသွားမှာ ဖြစ်ပါတယ်။ ပေါလ်တက်ဆိုရီနဲ့လက်တွဲဖြုတ်ဖို့ ဆုံးဖြတ်လိုက်တာက စွမ်းဆောင်ရည်ကြောင့် မဟုတ်ပါဘူး။ ပုဂ္ဂိုလ်ရေးကိစ္စတချို့ကြောင့် ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဥရောပစူပါဖလားပြိုင်ပွဲဝင်ရောက်မည့် အသင်းများကို စီးရီးအေပြိုင်ပွဲမှ ထုတ်ပယ်မည်ဟုသတိပေး

**ရောမ ဒီဇင်ဘာ ၃၀**

အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဥရောပစူပါလိဂ်ပြိုင်ပွဲသို့ ဝင်ရောက်ကစားမည့် အသင်းများကို အီတလီစီးရီးအေပြိုင်ပွဲမှ ထုတ်ပယ်သွားမည်ဟု ပြင်းပြင်းထန်ထန် သတိပေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ကဦးဆောင်ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲကဲ့သို့ ဥရောပစူပါလိဂ်ပြိုင်ပွဲအမည်ဖြင့် ပြိုင်ပွဲအသစ်တစ်ခု ကျင်းပရန်စီစဉ်နေပြီး ပြိုင်ပွဲဝင်အသင်းများကိုလည်း ချိတ်ဆက်မှုများပြုလုပ်လျက်ရှိနေသည်။

အစောပိုင်းက ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပမည့် စီမံကိန်းတွင် စီးရီးအေ ထိပ်သီးအသင်းများဖြစ်သည့် ဂျူဗင်တပ်အသင်း၊အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ကပါဝင်ခဲ့ကြသော်လည်း သက်ဆိုင်ရာ ကလပ်အသင်းပရိသတ်များ၏ ဆန့်ကျင်မှုများကြောင့် စီမံကိန်းမှပြန်လည်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ကဦးဆောင်ပြီး ဥရောပစူပါလိဂ်ပြိုင်ပွဲအတွက် ပရီးမီးယားလိဂ်ထိပ်တန်းကလပ် အသင်းများကို ကမ်းလှမ်းခဲ့ရာတွင်လည်း ငြင်းပယ်ခံခဲ့ရပြီး လက်ရှိအချိန်ထိ စီးရီးအေကလပ်အသင်းများကငြင်းပယ်ထားသော်လည်း နောင်တစ်ချိန်တွင် ပြန်လည်ပါဝင်သွားနိုင်သည့်အခြေအနေများကြောင့် အီတလီနိုင်ငံဘောလုံးအဖွဲ့ချုပ်က စည်းမျဉ်းသစ်တစ်ခုထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး စီးရီးအေပြိုင်ပွဲအပါအဝင် နိုင်ငံတွင်းကျင်းပသည့်ပြိုင်ပွဲများမှ ထုတ်ပယ်မည်ဟု သတိပေးခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : STA**

### အီတလီစီးရီးအေ ပွဲစဉ် (၁၈) ရလဒ်

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၁ | - | ၀ | လက်ချီ |
| ကက်ဂလီယာရီ | ၀ | - | ၀ | အမ်ပိုလီ |
| အူဒီးနီးစ် | ၃ | - | ၀ | ဘိုလော့ဂ်နာ |

(၀၄၀)

# တည်ငြိမ်အေးချမ်းသော နှစ်သစ်ဖြစ်စေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဇန်နဝါရီ ၁ ရက်တွင် ၂၀၂၄ ခုနှစ် ဆိုသော နှစ်သစ်သို့ရောက်ရှိမည်ဖြစ်သည်။ ခက်ခဲကြမ်းတမ်းလှသော ၂၀၂၃ ခုနှစ်ကို နှုတ်ဆက်ခဲ့ပြီဖြစ်သည်။ ၂၀၂၄ ခုနှစ်ကို မျှော်လင့်ချက်ကြီးမားစွာဖြင့် ဖြတ်သန်းကြရဦးမည်ဖြစ်သည်။ ပျော်ရွှင်ချမ်းမြေ့မှုများ၊ စိတ်မချမ်းမြေ့မှုများ၊ ပူဆွေးသောကများကိုလည်း ရင်ဆိုင်ကြုံတွေ့ကြရဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ တူညီသောစိတ်ဆန္ဒသည် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းနေမှသာလျှင် ပညာရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**အကြမ်းဖက်လုပ်ငန်းများ**

၂၀၂၃ ခုနှစ်အတွင်း NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်း၌ စာသင်ကျောင်းနှင့် ဆေးရုံများအပါအဝင် လမ်း၊ တံတားများ၊ ရုံး၊ ဌာန အဆောက်အအုံများ စသည့်အခြေခံအဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ PDF အကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဒလန်ဟုစွပ်စွဲကာလူမဆန်စွာ အကြောင်းမဲ့သတ်ဖြတ်ခဲ့ကြသည်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) များသည် PDF များကို အကြမ်းဖက်သင်တန်းများပို့ချပေးခြင်း၊ လက်နက်၊ ခဲယမ်းများပံ့ပိုးပေးခြင်းဖြင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် အားပေးကူညီခဲ့ကြသည်။ အကြမ်းဖက်လုပ်ရပ်ထောက်ခံသည့် အချို့သော ပြည်ပနိုင်ငံများကလည်း တရားမဝင် ငွေကြေးအကူအညီများ ပေးခဲ့ကြသည်။ လူမိုက်အားပေးလုပ်ဆောင်နေခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နေခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီသော ဒီမိုကရေစီနိုင်ငံကြီးများ၏အပြုအမူပင်ဖြစ်သည်။

**အမြတ်ထုတ်အသုံးချ**

ထို့ပြင် MNDAA ၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များသည် တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများရပ်ဆိုင်းထားသည်ကို အခွင့်ကောင်းယူပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တပ်မတော်လုံခြုံရေးစခန်းများကို အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ကာ အမြတ်ထုတ်အသုံးချလျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးအတွက် တံခါးဖွင့်ထားသော်လည်း EAO များသည် လက်နက်စွဲကိုင်ရသည့်အရသာကို မစွန့်လွှတ်နိုင်ကြပေ။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်နေခဲ့ရသည်။ သောင်းကျန်းသူများအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသဖြင့် ဒေသခံပြည်သူများနှင့် တိုင်းပြည်သာထိခိုက်နစ်နာစေမည်ဖြစ်သည်။

**❖ တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် နှစ်ဟောင်းတွင် မည်သို့မည်ပုံ ဖြတ်သန်းခဲ့သည်ဖြစ်စေ နှစ်သစ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် အကောင်းဆုံးအထောက်အကူပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ အနောက်တိုင်းသားများသည် နှစ်ကုန်ခါနီးအချိန်တွင် နှစ်သစ်သန္နိဋ္ဌာန်များ(New Year's Resolutions) ချမှတ်လေ့ရှိကြသည်။ ထိုသန္နိဋ္ဌာန်ကိုလည်း ရပ်လုံးပေါ်အောင် ကြိုးပမ်းလေ့ရှိကြသည်။ ❖**

**တွေ့ဆုံဆွေးနွေးဖြေရှင်းသည်သာလျှင်**

ဆိုရလျှင် မြန်မာနိုင်ငံတွင် နယ်ချဲ့တို့၏သွေးထိုးလှုံ့ဆော်မှုကြောင့် အချို့သောတိုင်းရင်းသားများသည် လွတ်လပ်ရေးမရမီကတည်းကပင် အတွေးအခေါ် အယူဝါဒအမျိုးမျိုးဖြင့် လက်နက်စွဲကိုင်ခဲ့ကြသည်။ လူမျိုးရေးအကြောင်းပြပြီး လက်နက်စွဲကိုင်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ တရားမဝင်စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ကာ ကိုယ်ကျိုးစီးပွားရှာခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း လက်ရှိအချိန်ထိ ထာဝရငြိမ်းချမ်းရေး မတည်ဆောက်နိုင်သေးပေ။ စင်စစ်အားဖြင့် တည်ငြိမ်အေးချမ်းသာယာဝပြောသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို လက်နက်ကိုင်လမ်းစဉ်ဖြင့် တည်ဆောက်နိုင်မည်မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးသည့်နည်းလမ်းဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် EAO များအနေဖြင့် တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းသို့ လာရောက်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာသွားသင့်ပေသည်။

**သင်ခန်းစာယူသင့်**

အမှန်တော့ ပြည်တွင်းစစ်မီး တောက်လောင်နေသောနိုင်ငံများတွင် ကလေးငယ်များ၊ အမျိုးသမီးများနှင့်သက်ကြီးရွယ်အိုများသည် တိုက်ပွဲရှောင်ဘဝဖြင့် ချို့တဲ့စွာဖြတ်သန်းနေကြရသည်။ သာဓကအနေဖြင့် လစ်ဗျား၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ ယီမင်နှင့် အာဖရိကရှိ အချို့သောနိုင်ငံများတွင် အပြစ်မဲ့ပြည်သူများသည် သောကပင်လယ်ဝေလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း EAO များ ခိုအောင်းလှုပ်ရှားလျက်ရှိသောဒေသများရှိ ပြည်သူများသည် ကျီးလန့်စာစားဘဝဖြင့် ဖြတ်သန်းကြရလျက်ရှိသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်မှနောက်ကျ ကျန်ရစ်လျက်ရှိသည်။ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ EAO များအနေဖြင့် နိုင်ငံတကာဖြစ်စဉ်များကို သင်ခန်းစာယူသင့်နေပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၊ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ကို ကြည့်သင့်နေပြီဖြစ်သည်။

**ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်**

စင်စစ်အားဖြင့် တည်ငြိမ်အေးချမ်းမှုရှိသော အသိုက်အဝန်းသည် လုံခြုံမှုရှိသဖြင့် နေ့စဉ်လူနေမှုဘဝနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်နိုင်ကြသည်။ မျိုးဆက်သစ်များသည်လည်း အေးချမ်းပျော်ရွှင်စွာပညာသင်ယူနိုင်သည်။ မိသားစုများသည် သိုက်သိုက်ဝန်းဝန်းဖြင့် နေထိုင်နိုင်သည်။ တိုင်းပြည်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း စွမ်းအားပြည့်လုပ်ဆောင်နိုင်သဖြင့် ဝင်ငွေ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုရှိသော နိုင်ငံများသည် ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်သကဲ့သို့ စီးပွားရေးတိုးတက်မှုကိုလည်း တစိုက်မတ်မတ်လုပ်ဆောင်နိုင်ကြသည်။ မြန်မာနိုင်ငံတွင်လည်း တည်ငြိမ်အေးချမ်းမှုအပြည့်အဝရှိမည်ဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် နယ်ပယ်ပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်သည်။

**နှစ်သစ်သန္နိဋ္ဌာန်ချမှတ်**

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် နှစ်ဟောင်းတွင် မည်သို့မည်ပုံဖြတ်သန်းခဲ့သည်ဖြစ်စေ နှစ်သစ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လူသစ်၊ စိတ်သစ်၊ အတွေးသစ်၊ ခွန်အားသစ်များဖြင့် အကောင်းဆုံးအထောက်အကူပြုနိုင်ရန် ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ အနောက်တိုင်းသားများသည် နှစ်ကုန်ခါနီးအချိန်တွင် နှစ်သစ်သန္နိဋ္ဌာန်များ(New Year's Resolutions) ချမှတ်လေ့ရှိကြသည်။ ထိုသန္နိဋ္ဌာန်ကိုလည်း ရုပ်လုံးပေါ်အောင် ကြိုးပမ်းလေ့ရှိကြသည်။

ထိုနည်းတူစွာ စာရေးသူတို့ မြန်မာနိုင်ငံသားများသည်လည်း နှစ်သစ်တွင် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်နယ်ပယ်များ၌ အောင်မြင်မှုများရရှိအောင် ကြိုးပမ်းသွားမည်ဆိုသော ခိုင်မာသည့် နှစ်သစ်ကူးအိပ်မက်အသစ်လေးများကို ကိုယ်စီချမှတ်သွားသင့်ပေသည်။ အထူးသဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ်သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုသော သန္နိဋ္ဌာန်ချမှတ်သွားသင့်ပေသည်။ လူတစ်ဦးသည် စိတ်ကူးအိပ်မက်ရှိနေမှသာလျှင် တက်ကြွလန်းဆန်းနေပြီး ထိုစိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ စိတ်ကူးအိပ်မက်မရှိသူသည် အောင်မြင်မှုအတွက် လမ်းစပျောက်နေမည်ဖြစ်သည်။

**တည်ငြိမ်အေးချမ်းသော နှစ်သစ်ဖြစ်စေလို**

မည်သို့ပင်ဆိုစေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ သို့သော် အချို့သော EAO များသည် တပ်မတော်က စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်ဆိုင်းထားသည်ကို အခွင့်ကောင်းယူကာ စစ်အင်အားတည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်း၊ လက်နက်မှောင်ခိုဝယ်ယူခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ အထူးသဖြင့် MNDAA ၊ TNLA နှင့် AA သောင်းကျန်းသူအဖွဲ့များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တပ်မတော်စခန်းများကို အလစ်အငိုက်ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ မြေစာပင်ဖြစ်ကြရသည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထို့ကြောင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် အကြမ်းဖက်အားပေးသည့် လုပ်ရပ်များကို ရှောင်ရှားလျက် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် တတ်နိုင်သမျှပါဝင်ဆောင်ရွက်သွားသင့်ပေသည်။ သို့မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ၂၀၂၄ ခုနှစ်အတွင်း သက်ဆိုင်သူအားလုံး၏ ပါဝင်ဆွေးနွေးမှုများဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပါစေကြောင်း နှစ်သစ်ကူးဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာနှင့်မြေပဲ ၂၅၇၉ ဧက စိုက်ပျိုးမည်

**မြောင်းမြ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာနှင့်မြေပဲ ၂၅၇၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာဧက ၂၃၁၀ နှင့်မြေပဲ ၂၆၉ ဧက စုစုပေါင်း ၂၅၇၉ ဧကကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ နေကြာနှင့်မြေပဲများလျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံနေကြာနဲ့ မြေပဲ ၂၅၇၉ ဧက လျာထား စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေအောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် နေကြာနှင့်မြေပဲများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ပို့ချပေးခြင်း၊ လိုအပ်သော သွင်းအားစုများ ပံ့ပိုး ရှက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင် နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူမိ Event Park တွင် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲ Yangon New Year Countdown ပြုလုပ်လျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူမိ Event Park တွင် နှစ်သစ်ကူးပျော်ပွဲရွှင်ပွဲအဖြစ် Yangon New Year Countdown ပွဲကို ယနေ့မှစ၍ ကျင်းပပြုလုပ်လျက်ရှိကြောင်း အဆိုပါပွဲကို စီစဉ်သည့် YNC The Biggest Countdown Show In Myanmar မှ မန်နေဂျာ ဦးစိုးမိုးအေးက ပြော ပြ၍ သိရသည်။

အဆိုပါ Yangon New Year Countdown ပွဲကို ယနေ့မှစ၍ ဒီဇင်ဘာ ၃၁ ရက်ထိ ကျင်းပပြုလုပ်မည်ဖြစ်ပြီး နှစ်သစ်ကူး Countdown တွင် အသုံးပြုရန်အတွက် မြန်မာ့ရိုးရာကနုတ်ဒီဇိုင်းပါစင်မြင့်တစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ၎င်းစင်မြင့်မှ အီလက်ထရွန်နစ်တေးဂီတ (Electronic Music) များဖြင့် ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ရန်ကုန်တိုင်းဒေသကြီးရဲ့ နှစ်သစ်ကူးပွဲတော်ကို သုဝဏ္ဏဘူမိ Event Park မှာ ခမ်းခမ်းနားနား ထူးထူးခြားခြား ကျင်းပနေပါတယ်။ ဒီနှစ်မှာတော့ Countdown ရေတွက်မဲ့စင်မြင့်ကို ထူးထူးခြားခြား လုပ်ထားပါတယ်။ စင်မြင့်ရဲ့ဒီဇိုင်းပိုင်းမှာ မြန်မာရဲ့အနုပညာလက်ရာတွေ ဖော်ညွှန်းထားသလို တေးဂီတဖျော်ဖြေမှုမှာလဲ စင်မြင့်ရဲ့ထူးခြားတဲ့ ပံ့ပိုးမှုတွေပါရှိပါမယ်။ Countdown မရေတွက်မီ ဖျော်ဖြေရေးအစီအစဉ်တွေရှိမယ်။ စားသောက်တန်းလဲရှိမယ်။ အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်မဲ့ Photo Booth တွေရှိပါမယ်"ဟု မန်နေဂျာ ဦးစိုးမိုးအေးက ပြောပြသည်။

အဆိုပါဖျော်ဖြေရေးအစီအစဉ်တွင် မြန်မာနိုင်ငံမှထင်ရှားသည့် အီလက်ထရွန်နစ်တေးဂီတ (Electronic Music) ဖျော်ဖြေသူများသာမက နိုင်ငံတကာမှ အီလက်ထရွန်နစ်တေးဂီတ DJ ဖျော်ဖြေသူများပါ ဖျော်ဖြေပေးနေကြောင်း၊ လက်ရှိတွင် ရုရှားနိုင်ငံမှ ZAPRAVKA DJ အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံမှ DJ OOTORO၊ ဂျပန်နိုင်ငံမှ MIKE CERVELLO တို့က လာရောက် ဖျော်ဖြေပေးလျက်ရှိကြောင်း သိရသည်။ ASH

# A24 ၏ Civil War ဇာတ်ကား ပြသချိန်စုစုပေါင်း ၁၀၉ မိနစ်သာရှိ

**နယူးယောက် ဒီဇင်ဘာ ၃၀**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Civil War ရုပ်ရှင်ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ မူလထင်မှတ်ထားသည်ထက် ပိုနည်းပြီး ၁၀၉ မိနစ်သာရှိကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Civil War ဇာတ်ကား၏ပြသချိန်စုစုပေါင်းမှာ ၃ နာရီနှင့် ၁၅ မိနစ်ထိ ရှိလိမ့်မည်ဖြစ်ကြောင်း ယခင်က သတင်းများပေါ်ထွက်ခဲ့ကြောင်း သိရသည်။


သို့ရာတွင် A 24 ရုပ်ရှင်ကုမ္ပဏီ၏ အတည်ပြုချက်အရ Civil War ဇာတ်ကား၏ပြသချိန်စုစုပေါင်းမှာ ၁၀၉ မိနစ် သို့မဟုတ် ၂ နာရီခန့်သာရှိကြောင်း သိရသည်။

Civil War ဇာတ်ကားသည် အမေရိကန်နိုင်ငံ၌ ပြည်တွင်းစစ်ဖြစ်နေသည့်အနာဂတ်အချိန်ကာလတစ်ခုကို ဇာတ်အိမ်တည်ရိုက်ကူးထားသော ဇာတ်ကားဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားကို ဒါရိုက်တာ အဲလစ်ဂါးလန်းက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသမီး ကိုင်လီ စပေနီ၊ ကာစတန်ဒန့်၊ မင်းသား နစ်အော်ဖာမင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**




# မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်ဖြစ်

**မြစ်ကြီးနား ဒီဇင်ဘာ ၃၀**

(၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးဝင်းတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် ရိုးရာအစဉ်အလာမပျက် မနောကပွဲကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည့်အပြင် ကချင်ပြည်နယ်အတွင်း နေထိုင်ကြသည့် တိုင်းရင်းသားများဖြစ်သည့် တိုင်းလေ(တိုင်းနေ)၊ တိုင်းလိုင်(ရှမ်းနီ)၊ တိုင်းခမ်းတီ(ခန္တီးရှမ်း)၊ တိုင်းလုံ(ရှမ်းကြီး)နှင့် တိုင်းဆာ(မိုင်းသာရှမ်း) စသည့်ရှမ်းတိုင်းရင်းသားများ၏ ရိုးရာကပြဖျော်ဖြေမှုများ၊ ချင်းတိုင်းရင်းသား၊ ပလောင်တိုင်းရင်းသား၊ နာဂတိုင်းရင်းသားတို့၏ ရိုးရာအကများဖြင့်လည်း ဖျော်ဖြေ တင်ဆက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကချင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သည့် ဂျိန်ဖော့၊ အဇီး(ဇိုင်ဝါး)၊ လရှီး(လာချန်)၊ လီဆူ၊ ရဝမ်နှင့် မရူ(လော်ဝေါ်) မျိုးနွယ်စုများ၏ စုပေါင်းကပြမှုများဖြင့် ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။



"ကချင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲတော်အနေနဲ့ မနောပွဲကို နှစ်စဉ်အစဉ်အလာမပျက် ဇန်နဝါရီ ၁၀ ရက်မှာ ကျင်းပနေပါတယ်။ ကိုဗစ်ကာလမှာလဲ ပွဲတော်ကျင်းပတာကို မရပ်နားဘဲနဲ့ နှစ်တိုင်း ကျင်းပနေပါတယ်။ ၂၀၂၄ ခုနှစ်မှာလဲ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းက ကချင်တိုင်းရင်းသားမျိုးနွယ်စု ပေါင်းစုံ တက်ရောက်ကြမှာ ဖြစ်ပါတယ်။ မနောပွဲတော်အတွက် မနောကွင်းကိုလဲ အစိုးရအဖွဲ့ရုံးဝင်းအတွင်းမှာ တည်ဆောက်နေပါတယ်"ဟု ဦးကျော်ဇေယျက ပြောပြသည်။

ASH

# Salaar ဇာတ်ကား ရုံတင်ပြီးခြောက်ရက်ကြာ ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ သန်း ၆၀ ကျော်ရရှိ

**နယူးဒေလီ ဒီဇင်ဘာ ၃၀**

အိန္ဒိယရုပ်ရှင်ဇာတ်ကား Salaar ဇာတ်ကားသည် ရုံတင်ပြီး ခြောက်ရက်အကြာတွင် Salaar ဇာတ်ကားသည် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ရရှိထားကြောင်း ဒီဇင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

သို့ဖြစ်ရာ အထက်ပါကမ္ဘာတစ်ဝန်းဝင်ငွေ စုစုပေါင်းအရ Salaar ဇာတ်ကားသည် ၂၀၂၃ ခုနှစ်တွင် သတ္တမမြောက် ကမ္ဘာတစ်ဝန်းဝင်ငွေအကောင်းဆုံးရုပ်ရှင်ဇာတ်ကားအဖြစ် စာရင်းဝင်ခဲ့သည်။

Salaar ဇာတ်ကားသည် မင်းသား ပရာဘတ် ပါဝင်သရုပ်ဆောင်ထားသည့် တီလူဂူဘာသာစကားပြော လှုပ်ရှားဇာတ်သည်းဖိုအက်ရှင်ဇာတ်ကားဖြစ်သည်။

Salaar ဇာတ်ကားကို နာမည်ကျော် အိန္ဒိယဒါရိုက်တာ ပရာရှန့်နီးက တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို Hombale Films က ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**




# ရေသေအိုင် ဇာတ်လမ်းတွဲကို Hey Play Application၊ Hey Play YouTube Channel နှင့် Channel 7 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရေသေအိုင် ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၁၃ ရက်တွင် Hey Play Application၊ Hey Play YouTube Channel နှင့် Channel 7 ရုပ်သံလိုင်းတို့မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် ညိမ်းသော်က ပြောပြ၍ သိရသည်။

ရေသေအိုင် ရုပ်သံဇာတ်လမ်းတွဲသည် စာရေးဆရာ လင်းခါး၏ ဝတ္ထုကို အင်ကြင်းဟန်က ဇာတ်ညွှန်းရေးဖွဲ့ထားခြင်းဖြစ်ပြီး ခရေမြုရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ နေပိုင်က ဖန်တီးပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ Hey Play ၏ Original Series တစ်ခုအဖြစ် Hey Play Application၊ Hey Play You Tube Channel နှင့် Channel 7 ရုပ်သံလိုင်းတို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆရာလင်းခါးရဲ့ နာမည်ကြီး ဝတ္ထုကို ပုံဖော်ရိုက်ကူးထားတဲ့ ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့အတွက် အတတ်နိုင်ဆုံး စာရေးသူပေးချင်တဲ့အကြောင်းအရာကို ပေါ်လွင်အောင် ကျွန်တော်တို့ကြိုးစားထားပါတယ်။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မြင်နေတွေ့နေရတဲ့ လူငယ်လူရွယ်တွေ ဖြတ်သန်းနေရတဲ့ ဘဝခါးခါးတွေကို ဝတ္ထုက ရေးထားသလို ကျွန်တော်တို့က အနီးစပ်ဆုံး ပုံဖော်ရတာပါ။ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းကအစ သက်ဆိုင်သူအားလုံးရဲ့ ကြိုးစားမှုကိုမြင်ရမှာပါ"ဟု သရုပ်ဆောင် ညိမ်းသော်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထွန်းထွန်း၊ ရဲရင့်အောင်၊ ညိမ်းသော်၊ နေဝင်း၊ ရွှေသမီးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Over 700 entrepreneurs trade bean and pulses, maize, and sesame in the Mandalay Commodity Depot


Samples of beans and pulses, maize and sesame are on display in the Mandalay Commodity Depot.

**Mandalay December 30**

The number of entrepreneurs trading bean and pulses, maize, and sesame in the Mandalay Commodity Depot has reached over 700, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

At the current Mandalay Commodity Depot, bean and pulses, maize and sesame commodities are being traded normally, and since the last week of December, the number of businessmen trading in the commodity depot has increased again.

The number of businessmen doing business was only more than 600 per day in the third week of December, but since the last week of December, the number of businessmen has increased to more than 700 per day.

It is reported that the commodity depot is open as usual from 8 am to 4 pm daily for the convenience of the businessmen who will be purchasing goods such as bean and pulses, maize, and sesame. 184

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Pwintbyu Township cultivates more than 7,000 acres of butter bean this cold season

**Pwintbyu December 30**

A total of 7,735 acres of croplands have been placed under butter bean in Pwintbyu Township of Magway Region, according to the Township Agriculture Department.

This year, the township set a target of cultivation on 7,732 acres of butter bean as cold season crop. Local farmers are striving for cultivation of butter bean meeting the target starting from early October 2023 and so far they have cultivated 7,735 acres of the bean under the supervision of the Township Agriculture Department.

"This year, we will grow 7,732 acres of butter bean in Pwintbyu Township. Due to efforts of local farmers, a total of 7,735 acres of croplands have been placed under butter bean so far, exceeding the target. As croplands can be irrigated properly, butter bean is thriving in the region. As the bean fetches good prices in the domestic market, local farmers rely on such bean in cultivation in cold season yearly. The township department provides necessary agricultural techniques to local farmers for cultivation of cold season crops in addition to use of pesticides and natural fertilizers," said Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department.

In addition to cultivation of butter bean, some farmers grow butter bean mixed with corns. So far, 7,735 acres of butter beans have been planted, exceeding the target, according to the township department.

Ye Win Naing (NyaungU)


A butte bean plantation.

# Soybeans receive good demand in Mandalay market since last week of December

**Mandalay December 30**

Soybeans have received good demand in the Mandalay Market since the last week of December, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

It is reported that the sales of the soybeans produced from YeU has recovered in the Mandalay market, and traders are buying the soybeans at a good price.

"Soybeans from YeU are being bought in the Mandalay market recently, and the trade is good.

There are only a few orders for the soybeans from abroad," he continued.

According to the market price on December 29, for the price of domestically produced soybeans, only 53 visses of soybeans has reached the price of about 185,000 kyats, and it is reported that the trade is recovering.

In the same way, the types of soybeans produced by Shan State are also being traded in the Mandalay market as usual. Recently, only 53 visses of soybeans are selling for about 174,000 kyats. 184


Soybeans.

# Groundnut seeds fetch good price in Mandalay market due to high demand from China

**Mandalay December 30**

The high demand from Chinese merchants in recent days before 2024 pulls up prices of groundnut seeds in Mandalay market, according to bean merchants in Mandalay.

In the transition of new year period, groundnut seeds from Natogyi, Bagan, NyaungU, Myingyan, Kyaukpadaung and Chauk flow into Mandalay market. Due to high demand of China, prices of red groundnut seeds fetch K7,300 per viss and white seeds K7,100 per viss.

"At present, Chinese merchants purchase groundnut seeds, encouraging market trends. Cold season groundnut seeds are marketable. In recent months, trading of groundnut seeds was dull. Currently, groundnut seeds from various regions flow into Mandalay market. So, trading of such bean is marketable and increasing incomes for farmers," explained U Soe Win Myint of Soe Win Myint brokerage in Mandalay.

Groundnut is grown in Mandalay, Sagaing, Magway and Ayeyawady regions for local sufficiency and export purpose. Magway Region is dubbed as an oil pot of the country. 185

# YRIC approves five investments of Myanmar citizens, foreigners



An aerial view of Thilawa Special Economic Zone in Yangon.

**Yangon December 30**

The Yangon Region Investment Committee on 29 December stated that it has approved five investments of Myanmar citizens and foreigners in Yangon Region.

Being an economic hub, Yangon becomes a focal point for investors to put most of their investments in Yangon Region.

While YRIC invests local and foreign investments to the region, Yangon Region Invested Businesses Supervisory Committee inspects work process of invested workplaces, fire preventive measures, fire insurance and difficulties of businesspersons.

As such, local and foreign investments flow into the region. In December, three businesses were invested a cent per cent by Myanmar citizens where two more businesses were also put cent per cent foreign investments, totalling five.

On 28 December when Yangon Region Investment Committee meeting 12/2023, these local and foreign investments were approved by the committee.

These five invested businesses are CMP basic garment industries, production of export quality rice for foreign market, crushing and sorting of pulses and beans for export, grinding of gravels for construction and wearing apparel based on CMP system.

These investments amounted to K8950,238 million and US$7.020 million for generating 1,719 jobs for local people.

336

# Vocational courses conducted 45 times for establishment of small-scale industries

**Mandalay December 30**

Mandalay Region Small-scale Industries Department stated that the vocational training courses were conducted 45 times in Mandalay Region for local people to establish manageable scale small scale industries.

The courses aim to create employment opportunities for rural people. Plans were set to open these courses 47 times this financial year, 45 times of which have been conducted. The remaining courses will be conducted, said U Win Bo, director of Mandalay Region Small-scale Industries Department.

"Not only we but partner departments conduct the training courses. This year, we will open 47 times of courses this financial year. The courses comprise subjects on personal goods and cosmetic production, advanced foodstuff production, electric welding, basic motorcycle maintenance, housing wiring, electric motorized sewing, basic tailoring and so on. Depending on subjects, training periods ware different. Those who completed the courses are operating their manageable scale livelihoods," he explained.

Thanks to the training courses, people have technological production of products. The courses were conducted for urban and rural people to operate manageable scale businesses for earning increased incomes.

185



A tailoring course is being conducted.

# Natyaygan fishery camp produces six species of fish, sells more than 2 million fingerlings

**Mandalay December 30**

Natyaygan fishery camp in Mandalay Region produces six species of fish and more than 2 million fingerlings to local fishermen, according to the camp.

The camp set a plan to distribute 4 million fingerlings to local fishermen, 2 million of which have been produced, said assistant director Daw San San Oo of the camp.

"Our camp sells fingerlings to local fishermen at fair prices. We provide necessary techniques for farming fish to buyers. We sell K5 per one-inch fingerling and K10 per two-inch fingerling. Primarily, we sell rohu fingerlings to local people. Moreover, we are ready to sell fingerlings to fishermen from other regions and states," she added.

Natyaygan camp produces six species of fish. It strives for meeting the target of production to sell fingerlings to local people. 185

# UN Urges Israel to 'End Unlawful Killings' in West Bank as Conditions 'Rapidly' Deteriorate

**New York December 30**

The United Nations released a report Thursday urging Israel to end "unlawful killings" in the West Bank, citing a "rapidly deteriorating human rights situation."

The report from the Office of the UN High Commissioner for Human Rights (OHCHR) cited the use of heavy handed tactics by security officials leading to "arbitrary detention and ill-treatment of Palestinians" as well as "discriminatory movement restrictions."

"The UN Human Rights Office has verified the deaths of 300 Palestinians from 7 October to 27 December 2023 – including 79 children – in the occupied West Bank, including East Jerusalem," read a news release accompanying the report. Of those deaths, 201 involved no exchange of fire from the victim while 105 were caused by airstrikes and similar use of military force.

"The use of military tactics means and weapons in law enforcement contexts, the use of unnecessary or disproportionate force, and the enforcement of broad, arbitrary and discriminatory movement restrictions that affect Palestinians are extremely troubling," read a statement from UN High Commissioner for Human Rights Volker Türk. Sputnik

# Economic Cooperation Between Russia, China Developing Dynamically - Putin

**Moscow December 30**

Russian President Vladimir Putin has sent New Year's greetings to Chinese President Xi Jinping, saying that the economic cooperation between Moscow and Beijing continued to develop in 2023, with trade surpassing the $200 billion mark, the Kremlin said on Saturday.

"Trade and economic cooperation between the Russian Federation and the People's Republic of China is dynamic: the target of bringing trade to a record level of over $200 billion was reached ahead of schedule," the Kremlin said in a statement.

Moreover, the two Russia-China summits in March and October "gave a powerful impetus to the development of the comprehensive partnership and strategic cooperation between the two countries in all areas," the statement said.

In February 2022, Putin and Xi set a goal of reaching $200 billion in bilateral trade by 2024, after the previous threshold of $100 billion was passed in 2018.

Xi paid a state visit to Russia from March 20-22, during which he had a meeting with Putin. The leaders signed a joint statement on a plan to develop key areas of Russian-Chinese economic cooperation by 2030. Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်စစ်ဘက်က Coyote ဒရုန်းကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ထောင်ပေါင်းများစွာဝယ်ယူရန် စီစဉ်နေ




အမေရိကန်စစ်ဘက်သည် Loitering Munitions တိုက်ခိုက်ရေးဒရုန်း ခြိမ်းခြောက်မှုများ ကြီးထွားလာနေသည့်ကြားတွင် ၎င်း၏ Coyote ဒရုန်းကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ထောင်ပေါင်းများစွာ ဝယ်ယူရန်စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီက ထုတ်ပြန်ခဲ့သောအချက်အလက်များတောင်းဆိုမှုတွင် ပေါက်ကွဲစေတတ်သော ထိပ်ဖူးများတပ်ဆင်ထားသော Coyote Block II မျိုးကွဲအစင်း ၆၀၀၀ ကို ဝယ်ယူလိုခြင်းဖြစ်သည်ဟု အမေရိကန်ကြည်းတပ် တာဝန်ရှိသူများကပြောကြားသည်။

၎င်းတွင် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် Block III ဗားရှင်းများ အစင်း ၇၀၀ ဝယ်ယူရန်လည်း စဉ်းစားနေပြီး အဆိုပါဒုံးကျည်များတွင် Non-Kinetic Payload တစ်မျိုး တပ်ဆင်အသုံးပြုရန် သတ်မှတ်ပေးထားသည်။

ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များအပြင် အမေရိကန်ကြည်းတပ်သည် မြေပြင်အခြေစိုက် ပုံသေပစ်ဒုံးပစ်လောင်ချာ ၂၅၂ ခု၊ မိုဘိုင်းလောင်ချာ ၅၂ ခု၊ မြေပြင်အခြေစိုက် Ku-band ရေဒါ ၁၁၈ ခုနှင့် မိုဘိုင်းရေဒါ ၃၃ ခုတို့ကိုဝယ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

အမေရိကန်အစိုးရသည် Coyote ဒရုန်း၏ မူရင်းထုတ်လုပ်သည့် Raytheon ကုမ္ပဏီကို စာချုပ်တစ်ခုချုပ်ဆို၍ တာဝန်ပေးအပ်ရန် ရည်ရွယ်ထားသော်လည်း လိုအပ်ချက်များအားလုံးကို ပံ့ပိုးပေးနိုင်စွမ်းရှိသည့် အခြားစိတ်ဝင်စားသည့်ကုမ္ပဏီများထံမှ ကမ်းလှမ်းမှုများကို လမ်းဖွင့်ပေးထားကြောင်း သိရသည်။

သတင်းအချက်အလက်တောင်းဆိုချက်အရ အလားအလာရှိသော ရွေးချယ်ခြင်းခံအပ်ရမည့် ထုတ်လုပ်သူကုမ္ပဏီအနေဖြင့် အချိန်ကာလ ငါးနှစ်အတွင်း Coyote ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်စနစ်များအတွက် ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်းနှင့် လွှဲပြောင်း၊ လက်ခံမှု၊ စမ်းသပ်မှုများ လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်စွမ်းရှိရမည်ဖြစ်သည်။

နည်းပညာဆိုင်ရာ ဒေတာပက်ကေ့ချ်အကူအညီမပါဘဲ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံးကို ပံ့ပိုးပေးရန်အတွက် လုံလောက်သော အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှင့် အင်ဂျင်နီယာလုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအပြည့်အဝ ရှိရမည်ဖြစ်သည်။

ထို့ပြင်အလားအလာရှိသော ကန်ထရိုက်တာကုမ္ပဏီသည် အမေရိကန်ပြင်ပအခြားနေရာများတွင် တပ်ဖြန့်ချထားအသုံးပြုသွားမည့် Coyotes ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များအတွက် ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုများကို ပံ့ပိုးပေးရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ သက်ဆိုင်ရာပံ့ပိုးကူညီမှု ဝန်ဆောင်မှုများအတွက် အနည်းဆုံးနေရာ၊ အခြေစိုက်စခန်း ၁၅ နေရာတွင် ကျွမ်းကျင်ဝန်ထမ်းများစေလွှတ်၍ ပံ့ပိုးပေးရမည်ဖြစ်သည်။ သက်ဆိုင်ရာလျှောက်ထားသူကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ တင်ပြချက်များကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် တင်သွင်းသွားရမည်ဖြစ်သည်။

အမေရိကန်ကြည်းတပ်၏ Coyote ဒရုန်း ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်သည် မြေပြင်သွားယာဉ်များ၊ ရဟတ်ယာဉ်များ သို့မဟုတ် ရေယာဉ်များပေါ်မှပစ်လွှတ်နိုင်သော လေရှူသွင်းဒုံးကျည်အမျိုးအစားဖြစ်သည်။ ၎င်းသည် လမ်းညွှန်မှုနှင့်ပစ်ခတ်ထိန်းချုပ်မှုစွမ်းရည်ကိုသေချာစေရန် Ku-band ရေဒါများကို အသုံးပြုထားကြောင်း သိရသည်။

**US Army Wants Thousands More 'Coyote' Drone Interceptors ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းက ပြည်တွင်းထုတ် Loitering Munition ဒရုန်းသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့

ယူကရိန်းနိုင်ငံသည် ပြည်တွင်းထုတ် Loitering Munition ဒရုန်းသစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၂၃ ရက်က Xavier Tytelman မှ YouTube ပေါ်တွင် တင်ထားသော ဗီဒီယိုဖိုင်တစ်ခုအရ သိရသည်။

ရုရှားနိုင်ငံထုတ် Lancet ဒရုန်း၏ နည်းပညာကိုအခြေခံ၍ ဆန်းသစ်တီထွင်ထားသော အဆိုပါဒရုန်းသည် တင့်၊ သံချပ်ကာယာဉ်မျိုးစုံကို ထိထိရောက်ရောက် ပစ်မှတ်ထား တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သိရသည်။

ယူကရိန်းစစ်မြေပြင်တွင် စွမ်းဆောင်ရည်မြင့်မားကြောင်း သက်သေပြခဲ့သည့် Lancet Kamikaze ဒရုန်းမှရရှိသော ထိုးထွင်းသိမြင်မှုများက တီထွင်ထုတ်လုပ်ထားသည့် ဤအလတ်စားဒရုန်းသစ်သည် အလွယ်တကူဝယ်ယူရနိုင်သော ဟာ့ဒ်ဝဲပိုင်းဆိုင်ရာ အခြေခံစက်ပစ္စည်းအစိတ်အပိုင်းများကိုအသုံးပြု၍ ထုတ်လုပ်ထားခြင်းလည်းဖြစ်သည်။ ၎င်းတွင် သမားရိုးကျ ဒေါင်လိုက်နှင့် အလျားလိုက်မျက်နှာပြင်များကို V ပုံသဏ္ဌာန် မျက်နှာပြင်တစ်ခုဖြင့် အစားထိုးထားပြီး အပေါ်ပိုင်းကိုယ်ထည်တွင် တပ်ဆင်ထားသော တောင်ပံတစ်စုံနှင့် V ပုံစံနောက်မြီးတောင်ပံတို့ဖြင့် သမားရိုးကျဒီဇိုင်းပုံစံ တည်ဆောက်ထားသည်။ ဝန်တင်ဆောင်မှုမပါရှိဘဲ ၁ ဒသမ ၅ ကီလိုဂရမ်ခန့် အလေးချိန်ရှိသော ဒရုန်းသည် အကွာအဝေး ကီလိုမီတာ ၂၀ မှ ကီလိုမီတာ ၅၀ ထိ ပျံသန်းစစ်ဆင်နိုင်ပြီး အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ မှ ကီလိုမီတာ ၁၅၀ ကြား ပျံသန်းနိုင်မည်ဖြစ်သည်။

ကိုယ်ထည်နောက်ဘက်တွင် လျှပ်စစ်မော်တာတပ်ဆင်ထားပြီး ဒရုန်းတွင် GPS Jamming စနစ်များ၊ နေ့နှင့်ညမြင်ကွင်းကြည့်ရှုနိုင်သည့် ကင်မရာများနှင့် GNSS (Global Navigation Satellite System) အာရုံခံကိရိယာများအပါအဝင် မတူညီသော အစိတ်အပိုင်းများစွာကို သယ်ဆောင်တိုက်ပွဲဝင်နိုင်သည်။ ဗားရှင်းပေါ်မူတည်၍ ဈေးနှုန်းမှာ ယူရို ၅၀၀၀ မှ ၁၂၀၀၀ ထိရှိသည်။

ဒရုန်း၏ထူးခြားချက်မှာ ရောင်စုံကုဒ်စနစ်ဖြင့် ဖြစ်နိုင်ခြေရှိသောပစ်မှတ်များကို ဖော်ထုတ်နိုင်စေသည့် ၎င်း၏ ဉာဏ်ရည်တုစနစ်ဖြစ်သည်။ အော်ပရေတာများသည် ၎င်းတို့၏ ထိန်းချုပ်ရေးပုံရိပ်ဖော်မျက်နှာပြင်များတွင် ပစ်မှတ်များကိုရွေးချယ်နိုင်ပြီး ဒရုန်းကိုထိန်းချုပ်ခလုတ်နှင့် ချိတ်ဆက်မှု ပြတ်တောက်သွားသည့်အခါတွင်ပင် ဒရုန်းသည် ပစ်မှတ်ဆီသို့ အလိုအလျောက် ပျံသန်းတိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ ဤအင်္ဂါရပ်သည် လှုပ်ရှားနေသည့်အရာများအပါအဝင် ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရာတွင် ရာနှုန်းပြည့်အောင်မြင်မှုနှုန်းကို အာမခံနိုင်သည်။

ဒရုန်း၏ ရှေ့ဘက်တွင်လမ်းကြောင်းပြမှုအတွက် Optical စနစ်တစ်ခုနှင့်ခေတ်မီပင်မတိုက်ပွဲဝင်တင့်ကားများကို တိုက်ခိုက်ဖျက်ဆီးနိုင်သည့် Hollow-Charge Explosive ဖောက်ခွဲရေးပစ္စည်းပါဝင်သည်။ အဆိုပါဒရုန်းကို ရုရှားနိုင်ငံ Orlan-10 ဒရုန်းအသုံးပြုသည့် ပုံစံတူ



လောက်လွှဲကိုအသုံးပြု၍ လွှတ်တင်နိုင်မည်ဖြစ်ပြီး လောက်လွှဲအရှည်မှာ ငါးမီတာခန့်ရှိသည်။

ယူကရိန်းစစ်ဘက်သည် ဒရုန်းတွင် တွန်းအားပေးစနစ်ကို လျှပ်စစ်မော်တာဗားရှင်းအသုံးပြုထားကြောင်း အတည်ပြုထားပြီး အစုလိုက်အပြုံလိုက်ထုတ်လုပ်မှုကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားထားသည်။

စံပြုမော်ဒယ်အပြင် ထုတ်လုပ်သူများအနေဖြင့် အပူအင်ဂျင် (Thermal Engine)နည်းပညာဖြင့် မောင်းနှင်နိုင်သည့် ဒရုန်း၏ တာဝေးပျံဗားရှင်းကိုထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသည်။ ထိုအဆင့်မြှင့်တင်မှုသည်ကီလိုမီတာရာပေါင်းများစွာကို လွှမ်းခြုံပျံသန်းနိုင်မည်ဖြစ်ပြီး ယူကရိန်းအလယ်ပိုင်းမှ မော်စကိုမြို့ထိ ရောက်ရှိနိုင်လိမ့်မည်ဖြစ်သည်။ ယခုအခါ ဖွံ့ဖြိုးတိုးတက်မှုအဆင့်၌ ရောက်ရှိနေဆဲဖြစ်ပြီး အလွန်မြင့်မားသော သို့မဟုတ် အလွန်နိမ့်သောအမြင့်ပေများတွင် ဒရုန်းအနေဖြင့် ပျံသန်းလုပ်ဆောင်ရန် လိုအပ်ချက်များရှိနေသေးပြီး စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်။

အဆိုပါ ဒရုန်းဗားရှင်းကို အလုံးစုံအလိုအလျောက် ပျံသန်းလုပ်ဆောင်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ ဒရုန်းပျံသန်းမှုအစီအစဉ်ကို ကြိုတင်စီစဉ်ထားနိုင်ပြီး အလိုအလျောက်ပျံသန်းတိုက်ပွဲဝင်နိုင်သောဒုံးကျည်အဖြစ် လုပ်ဆောင်နိုင်စေကာ ခေတ်မီစစ်ပွဲများတွင် သိသာထင်ရှားသောမဟာဗျူဟာမြောက် အားသာချက်ကို ထပ်လောင်းပေးစွမ်းနိုင်မည့် တိုက်ခိုက်ရေးစွမ်းအားစုတစ်ရပ်အဖြစ် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

**Ukraine Unveils Locally-Made Loitering Munition Utilizing Russian Lancet Drone Technology ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၉၅၁၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကိုတွေ့ရစဉ်။

**ဝက်လက် ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၉၅၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၂၁၄၅၁ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၉၅၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဝက်လက်မြို့နယ်မှာ ဒီနှစ် ဖူးစားပြောင်းဧက ၂၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၉၅၁၁ ဧကစိုက်ပျိုးပြီးပါပြီ။ ဆက်လက် စိုက်ပျိုးနေပါတယ်။ ပြောင်းဖြစ်ထွန်းအောင်မြင်ဖို့ ပိုးမွှားရောဂါကျရောက်မှုမရှိဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း စိုက်ပျိုးရန် လျာထားချက်မရှိသော်လည်း အစေ့ထုတ်ပြောင်း ၁၀ ဧကစိုက်ပျိုးထားကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး ဒီဇင်ဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွာသစ်ကုန်းကျေးရွာ၌ လမ်းအရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်း စုစုပေါင်းငွေကျပ် ၁၆၃ သိန်းအသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရွာသစ်ကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။



ခင်မာ

# ပုဗ္ဗသီရိမြို့နယ် ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်း

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသည့် ဥယျာဉ်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရန်အချက်များနှင့် ကော်မတီဝင်များ၏တာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို ဆွေးနွေးတင်ပြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

နေဘ်လူး

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၃၀-၁၂-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၂၀၀၀၀/၁၁၅၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧည့်ဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၀၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



## လွတ်လပ်ရေးရဲ့တာဝန်

**ပဒေသာပင်ပေါက်မယ်ဆိုရင် ကျွန်တော်တို့အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့နားလည်စေချင်တယ်။ အဲဒီတော့ လွတ်လပ်ရေးရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲ ဆိုတာ ခင်ဗျားတို့သိစေချင်တယ်။**

**(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် မြို့တော်ခန်းမကြီး၌ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်)**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၃၀**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေဆင်းတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ၊ဆရာမများ၊ ဘွဲ့ခံကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား ပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် ပညာသည် Soft Power ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ရန် "ပညာ"အပေါ် အဓိကမူတည်ပြီး တည်ဆောက်ထားသော လူသားအရင်းအမြစ်က အဓိကဖြစ်သည်ကို လက်ခံထားကြပါကြောင်း၊ အဆင့်အတန်းမြင့်မားသည့် ပညာရှင်လူသားအရင်းအမြစ်၊ ခေတ်မီနည်းပညာ၊ အသုံးချသုတေသန၊ တီထွင်ဖန်တီးမှုတို့ကို အချိုးညီညီပေါင်းစပ်နိုင်ပါက ကမ္ဘာ့အဆင့်မီနိုင်ငံတစ်နိုင်ငံ မလွဲကေန် ဖြစ်လာမည်အမှန်ပင်ဖြစ်ကြောင်း။ အမိတက္ကသိုလ်ကျောင်းတော်ကြီးအနေဖြင့် မောင်တို့မယ်တို့တွင် ရှိသင့်ရှိအပ်သော Knowledge၊ Skill နှင့် Attitude များကို မောင်တို့မယ်တို့ ပညာရည်နို့သောက်စို့ခဲ့စဉ်ကာလအတွင်းမှာ တတ်စွမ်းသမျှဖြည့်ဆည်းမှုဝေပေးခဲ့ပြီဖြစ်ပါကြောင်း။

ဘွဲ့ရမောင်မယ်များအနေဖြင့် ပြင်ပလုပ်ငန်းခွင်ကိုရောက်ရှိအချိန်မှာ မိမိတို့၏တွေးခေါ်မြော်မြင်နိုင်စွမ်း၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ယှဉ်ပြိုင်နိုင်စွမ်းများမြင့်မားလာအောင် အထူးကြိုးစားသွားကြရန်လိုကြောင်း၊ ယင်းသို့မြင့်မားနိုင်ရန် ကျင့်ဝတ်သိက္ခာပြည့်စုံပြီး ကောင်းမွန်သော စိတ်သဘောထား (Attitude)နှင့် လက်တွေ့ကျွမ်းကျင်နှံ့စပ်မှုရှိခြင်း(Skills)တို့ကို ပေါင်းစပ်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရပ်အချင်းချင်း ဆက်နွယ်နေမှု သဘောတရားများကို ပေါင်းစပ်ပြီး လက်တွေ့နယ်ပယ်တွင် နှံ့စပ်ကျွမ်းကျင်စွာ အသုံးချနိုင်ရေးကြိုးစားအားထုတ်ကြမည်ဆိုပါက စိုက်ပျိုးမွေးမြူရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွက် လက်တွေ့အကျိုးရှိမှာ အမှန်ပင်ဖြစ်ပါကြောင်း။ သို့ဖြစ်၍ မောင်တို့မယ်တို့အနေဖြင့် နိုင်ငံတည်ဆောက်ရေးတွင် မိမိတို့ကိုယ်တိုင်၏ အရေးပါမှုကိုလည်းကောင်း၊ ပညာရေး၏အရေးပါမှုကိုလည်းကောင်း ကောင်းစွာသိမြင်နားလည်ပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားကြရန် ထပ်လောင်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ထူးချွန်ဆုရာမနှင့် တန်းစဉ်ပေါင်းရမှတ်အများဆုံးရရှိသည့် ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

အစီအစဉ် ဒုတိယပိုင်းတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမာမာဝင်းက မွေးမြူရေးပညာ (Bachelor of Animal Science - BASc) ဘွဲ့ရရှိသူဦးရေ ၃၀၊ တိရစ္ဆာန်ဆေးပညာ(Doctor of Veterinary Medicine - DVM) ဘွဲ့ရရှိသူ ၆၂ ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံ Master of Veterinary Science (MVSc)ဘွဲ့ရရှိသူ ငါးဦး၊ ပါရဂူ (Doctor of Philosophy – PhD) ဘွဲ့ရရှိသူ နှစ်ဦးတို့ကို ဆိုင်ရာဘွဲ့လက်မှတ်ချီးမြှင့်ပေးအပ်သည်။

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် နှစ်စဉ်မွေးမြူရေးပညာရှင်များနှင့် တိရစ္ဆာန်ဆေးကုပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ ယနေ့ထိ ၆၆ နှစ်တာကာလအတွင်း တိရစ္ဆာန်ဆေးသိပ္ပံဘွဲ့ရ (BVS/BVSc) ၅၆၇၂ ဦး၊ မွေးမြူရေးပညာဘွဲ့ရ(BASc) ၁၉၉ ဦး၊ တိရစ္ဆာန်ဆေးပညာဘွဲ့ရ(DVM) ၁၀၈ ဦး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်း ဒီပလိုမာဘွဲ့ရ (Dip L.I.S) ဦးရေ ၂၂၀၊ မွေးမြူထုတ်လုပ်ရေး ဒီပလိုမာဘွဲ့ရ(Dip.L.P.A.) ၄၄၉ ဦး၊ တိရစ္ဆာန် ဆေးပညာမဟာဒဿနဘွဲ့ရ (MPhil) ၂၁ ဦး၊ တိရစ္ဆာန်ဆေးပညာမဟာဘွဲ့ရ(MVM) ကိုးဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံ(MVSc) ၃၃၃ ဦး၊ ပါရဂူဘွဲ့ရ(PhD) ၂၅ ဦးတို့ကို မွေးထုတ်ခဲ့ပြီးပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ ရတနာပုံဥယျာဉ်၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် လူဦးရေ ၂၀၀၀ ကျော် ပါဝင်ဆင်နွှဲ

**မန္တလေး ဒီဇင်ဘာ ၃၀**

တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်နိုင်ရန် တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊အားကစားကို လူအများစိတ်ပါဝင်စားပြီး လေ့လာလိုက်စားခြင်းဖြင့် လူတိုင်းကျန်းမာသန်စွမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်စေရန်၊ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် လူတစ်စုအားကစားမှ လူထုအားကစားသို့ဟူသော ရည်မှန်းချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတစ်ဝန်း၌ ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို အပတ်စဉ်စနေနေ့တိုင်း တပျော်တပါးပျော်ရွှင်စွာပါဝင်ဆင်နွှဲလျက်ရှိသည်။

မန္တလေးမြို့တွင်လည်း ဒီဇင်ဘာလ၏ အပတ်စဉ်စနေနေ့များ၌ ကျင်းပလျက်ရှိပြီး ဒီဇင်ဘာအားကစားလ၏ နောက်ဆုံးပတ်ဖြစ်သည့် ယနေ့နံနက် ၆ နာရီတွင် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးနန်းမြို့နှင့် ကျုံးရေပြင်ကြား ရတနာပုံဥယျာဉ်၌ စုပေါင်းလမ်းလျှောက်ပွဲနှင့် စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်း၊ Myanmar Fitness Dance များဖြင့် လှုပ်ရှားဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီးဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။

ဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က လူထုစုပေါင်းလမ်းလျှောက်ပွဲကို ရတနာပုံဥယျာဉ်နှင့် ကျုံးရေပြင်ကြား ၁၉ လမ်းဦးထိပ်တံတားထိပ်အနီးရှိ တာလွှတ်နေရာမှ သေနတ်ပစ်ဖောက် စတင်တာလွှတ်ပေးရာ ပြည်သူလူထုစုစုပေါင်း ဦးရေ ၂၀၀၀ ကျော်က ကျုံးအရှေ့တောင်ဘက်ထောင့်အထိ စုပေါင်းလမ်းလျှောက်ခြင်းကို စည်ကားသိုက်မြိုက်စွာ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်မှု ကာယလေ့ကျင့်ခန်း အတွဲ(၁/၂)၊ Myanmar Fitness Dance များဖြင့် တပျော်တပါး လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



# အင်တိုင်းသာကျောင်းတိုက်နှင့် သရက်ခုံကျောင်းတိုက်တို့၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေနေပြည်တော် လယ်ဝေးမြို့နယ်ရှိ အင်တိုင်းသာကျောင်းတိုက်နှင့် သရက်ခုံကျောင်းတိုက်တို့တွင်ကျင်းပသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာလယ်ဝေးမြို့ အင်တိုင်းသာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမသာရနှင့် သရက်ခုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒမာလာတို့ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဆရာတော်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဥပ္ပါတသန္တိပါဠိဝတ်ရွတ်စဉ်စာအုပ်များကို ဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍လယ်ဝေးမြို့ အင်တိုင်းသာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တမသာရနှင့် သရက်ခုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒမာလာတို့က အနုမောဒနာတရားဟောကြားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှအတမ်းပေးဝေပြီး အခမ်းအနားကိုရုပ်သိမ်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်တိုင်းသာကျောင်းတိုက်နှင့် သရက်ခုံကျောင်းတိုက်အတွင်းအပြင်၌ အမှိုက်သိမ်းသန့်ရှင်းရေးဆောင်ရွက်နေသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဝန်ထမ်းများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော် လယ်ဝေးမြို့နယ် အေလာသရက်တောပရိယတ္တိစာသင်တိုက်တွင် အသံမစဲဥပ္ပါတသန္တိပါဠိတော်ရွတ်ဖတ်တော်မူသည့် ဆရာတော်၊ သံဃာတော်များအား သွားရောက်ကြည်ညိုပြီး ဥပ္ပါတသန္တိပါဠိတော်ဝတ်ရွတ်စဉ် စာအုပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိမဏ္ဍပ်၌ ဥပ္ပါတသန္တိပါဠိတော်ရွတ်ဖတ်ပူဇော်နေသော ဆရာတော်သံဃာတော်များအား သွားရောက်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဥပ္ပါတသန္တိပါဠိတော်ကို နိုဝင်ဘာ ၅ ရက်မှစ၍ ၁၀၈ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်လျက်ရှိရာ ယနေ့အထိ ၅၆ရက်မြောက် ရွတ်ဖတ်ပူဇော်လျက်ရှိကြောင်းနှင့် နေပြည်တော်တွင် အသံမစဲ ဥပ္ပါတသန္တိပါဠိတော်ကို ဆက်လက်ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ (၁၃)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ကန်တော့ပွဲအခမ်းအနားကျင်းပ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ကြီးဂီတပညာရှင်များပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းငွေကျပ်သိန်း၁၀၀နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်လှူဒါန်းစဉ်။**

**ရန်ကုန် ဒီဇင်ဘာ ၃၀**

မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)၏ (၁၃)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များကန်တော့ပွဲ အခမ်းအနားကိုယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်သည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) တွဲဖက်အတွင်း ရေးမှူး(၂) ဦးသီရိမောင်မောင်နှင့် ကန်တော့ခံသက်ကြီးဂီတပညာရှင်များ၊ စာပေပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင်တို့က မှာတိတာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ကြီးဂီတပညာရှင်များပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းငွေကျပ်သိန်း ၁၀၀ နှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေတို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းငွေကျပ်သိန်း ၃၀ ကို ဒုတိယဝန်ကြီး ဦးရဲတင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)သို့ အလှူရှင်များကလှူဒါန်းငွေများပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) တွဲဖက်အတွင်းရေးမှူး(၁) ဦးမြတ်မင်းနှင့် တွဲဖက်အတွင်းရေးမှူး(၂)ဒေါ်ဝတီဦးကျော်ဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများက သက်ကြီးဂီတပညာရှင်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အမှုဆောင်အဖွဲ့ဝင် တက္ကသိုလ်လှလှဲ့က ဦးဆောင်၍ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးရဲတင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ အမှုဆောင်များက ကန်တော့ခံ ဂီတသက်ကြီးပညာရှင်များအား လှူဖွယ်ပစ္စည်းများကို ဂါရဝပြုပေးအပ်ကြ၍ ကန်တော့ခံဂီတသက်ကြီးပညာရှင်များကိုယ်စား သက်ကြီးဂီတပညာရှင်တစ်ဦးက ဩဝါဒစကားပြောကြားသည်။

(၁၃)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်ပူဇော်ကန်တော့ပွဲတွင် အသက် ၈၀နှင့်အထက်သက်ကြီးဂီတပညာရှင် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်းခွဲနှုန်း၊ အသက် ၈၀ အောက်သက်ကြီးဂီတပညာရှင် တစ်ဦးလျှင် နှစ်သိန်းနှုန်း၊ တစ်သိန်းခွဲနှုန်းဖြင့် လှူဒါန်းခဲ့ကြပြီး (၁၃)ကြိမ်မြောက် သက်ကြီးဂီတပညာရှင်များ ပူဇော်ပွဲတွင် ဂီတသက်ကြီးပညာရှင်ဦးရေ ၁၆၀ တက်ရောက်ကန်တော့ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တရုတ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် သတင်းမီဒီယာများက လုပ်ဆောင်နေမှုများ၊ မြန်မာနိုင်ငံ၏ရပ်တည်ချက်သည် မြန်မာမြေကို၊ မြန်မာနိုင်ငံပိုင်နက်ကိုအသုံးပြုပြီး အိမ်နီးနားချင်းနိုင်ငံတွေရဲ့အကျိုးစီးပွား၊ တည်ငြိမ်မှုနှင့် ပြည်သူလူထုလူမှုစီးပွားဘဝကို ထိခိုက်နှောင့်ယှက်စေသည့် မည်သည့်လုပ်ငန်းမျိုးကိုမှ လက်ခံမှာမဟုတ်ကြောင်း၊ မြန်မာနိုင်ငံ လောက်ကိုင်မှာရောက်ရှိနေတဲ့ တရားမဝင်နေထိုင်သူများကို တရုတ်နိုင်ငံနှင့်သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကိုလက်ခံတွေ့ဆုံခဲ့ပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုများ တိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးမှုများ၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် အကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့ကဦးစီးပြီး ဆောင်ရွက်နေတဲ့ ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) နှစ်တန်ကျော်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ နှင့်အတူ မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

မနေ့ကတုန်းက ကျွန်တော်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ပုဂ္ဂိုလ် မစ္စမော်နင်းကနေပြီးတော့ သတင်းစာရှင်းလင်းပွဲမှာတော့ လောက်ကိုင်၊ တုံချိန်နေရာပေါ့ Crown ဟိုတယ်ရှေ့မှာ ပေါက်ကွဲမှုကြောင့် တရုတ်နိုင်ငံသားတွေ သေကျေဒဏ်ရာရရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး သတင်းမီဒီယာတွေကလဲ အမျိုးမျိုး တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားအောင် ဦးတည်ပြီးလုပ်ဆောင်နေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံအစိုးရနဲ့ တရုတ်နိုင်ငံအစိုးရဟာ နီးကပ်စွာပူးပေါင်းဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမြေကို မြန်မာနိုင်ငံ နိုင်ငံပိုင်နက်ကို အသုံးပြုပြီး မိမိရဲ့အိမ်နီးနားချင်းနိုင်ငံတွေအပေါ်မှာ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ အကျိုးစီးပွား၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ တည်ငြိမ်မှုကို၊ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ လူမှုစီးပွားဘဝကို ထိခိုက်နှောင့်ယှက်စေမယ့် မည်သည့်လုပ်ငန်းမျိုးကိုမှ လက်ခံမှာမဟုတ်ပါဘူး။ လောက်ကိုင်မှာရောက်နေတဲ့ တရုတ်နိုင်ငံသားတွေ၊ မြန်မာနိုင်ငံမှာရောက်နေတဲ့ တရားမဝင် တရုတ်နိုင်ငံသားတွေနဲ့ပတ်သက်ပြီး ပြန်လည်ပို့ဆောင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်ကနေ ဒီဇင်ဘာ ၂၃ ရက်ထိ တရုတ်လူမျိုး အမျိုးသား ၁၀၉၁၄ ဦး၊ အမျိုးသမီး ၁၄၀၂ ဦး စုစုပေါင်း ၁၂၃၁၆ ဦး တရုတ်နိုင်ငံကို အပ်နှံပြီးဖြစ်ပါတယ်။ ဒါ့ပြင် အဲ့ဒီမှာ တရားမဝင်ရောက်ရှိနေတဲ့ ဗီယက်နမ်လူမျိုး ၁၀၅၄ ဦး၊ ထိုင်းလူမျိုး ၅၃၄ ဦး ၊ မလေးရှားလူမျိုး ၁၃၂ ဦး၊ စင်ကာပူ နှစ်ဦး၊ တောင်ကိုရီးယားလူမျိုးဦးရေ ၂၀၊ ယူဂန်ဒါ တစ်ဦး၊ တရုတ်ထိုင်ဝမ် လေးဦး၊ အိန္ဒိယလူမျိုး လေးဦးစတဲ့ ကျန်တဲ့နိုင်ငံတွေလဲ ပါပါတယ်။ ကျန်တဲ့နိုင်ငံတွေကတော့ လူဦးရေနည်းပါတယ်။ စတဲ့သူတွေကိုလဲ သက်ဆိုင်ရာနိုင်ငံတွေကို လွှဲပြောင်းခဲ့ပြီး ဖြစ်ပါတယ်။ လောက်ကိုင်နယ်မြေနဲ့ ပတ်သက်လာရင် တိုက်ပွဲများဖြစ်ပွားလျက်ရှိတဲ့အတွက်ကြောင့် တရုတ်လူမျိုးများနဲ့ ပတ်သက်ပြီး ဘေးကင်းရာကို အမြန်ဆုံးထွက်ခွာကြဖို့ သက်ဆိုင်ရာတွေကို သတင်းပို့ဖို့ ကြော်ငြာစာတွေ၊ လက်ကမ်းစာတွေ၊ ထို့ပြင် အသံချဲ့စက်နဲ့ လိုက်လံအသိပေးနှိုးဆော်တာတွေကို နေ့စဉ်ရက်ဆက်မပြတ် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အားလုံးလဲ သိမြင်တဲ့အတိုင်း လောက်ကိုင်မြို့ မြို့တွင်းမှာဆိုရင် MNDAA ဟာ အရပ်ဝတ်တွေနဲ့ ဝင်ရောက်နေရာယူတာတွေ၊ လူနေအဆောက်အအုံတွေကို စစ်ရေးအရအသုံးပြုပြီး၊ လူနေအဆောက်အအုံတွေကနေပြီး တပ်စခန်းတွေကို နှောင့်ယှက်ပစ်ခတ်တာတွေ နေ့စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ မိမိရဲ့တပ်တွေဟာ တပ်စခန်းတွေမှာပဲရှိပါတယ်။ မြို့တွင်းမှာတော့ MNDAA တချို့ယူနီဖောင်းနဲ့ဖြစ်တယ်။ တချို့အရပ်ဝတ်နဲ့ နေထိုင်ပြီးတော့ တရုတ်နိုင်ငံသားတချို့ကို လူသားတံတိုင်းသဖွယ် အသုံးပြုနေတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ နှစ်နိုင်ငံလုံးက ဂရုတစိုက်စောင့်ကြည့် တန်ပြန်ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့ပြင် ကျွန်တော်တို့ TNLA နဲ့ MNDAA အနေနဲ့ သူတို့လွှမ်းမိုးထားတဲ့ နယ်မြေတွေထဲမှာ အသက် ၁၅ နှစ်ထက်ကျော်ရင် အမျိုးသား၊ အမျိုးသမီးမကျန်၊ ယောကျ်ား၊ မိန်းမမကျန် လူသစ်စုဆောင်းနေတဲ့ သတင်းတွေလဲရရှိပါတယ်။ ဒါ့ပြင် အွန်လိုင်းလိမ်လည်မှုမှာ ပတ်သက်နေတဲ့ တရုတ်နိုင်ငံသားတချို့ကို သူတို့ရဲ့ Eဆ၀ နယ်မြေထဲကို အခကြေးငွေယူပြီး ထွက်ပြေးတိမ်းရှောင် ဖုံးကွယ်ထားတဲ့ သတင်းတွေကိုရရှိပါတယ်။ ကျွန်တော်တို့လည်း သက်ဆိုင်ရာတွေကို သတင်းပေးပို့ပြီးဖြစ်ပါတယ်။ ဒီအွန်လိုင်းလိမ်လည်မှု ကိစ္စဟာ




ကျွန်တော်တို့သိမြင်တာတွေထက် ထင်ထားတာထက်အများကြီး ရှုပ်ထွေးနက်နဲတဲ့ ကိစ္စဖြစ်ပါတယ်။

ဒီဇင်ဘာ ၂၇ ရက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ထိုင်းဘုရင့်တပ်မတော် ပူးပေါင်းစစ်ဆင်ရေးညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး Jakkapong Janpengpen နဲ့ တွေ့တဲ့အချိန်မှာလည်း နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ အွန်လိုင်းလောင်းကစားမှုနဲ့ ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးတွေကို ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့်ကတော့ ကျွန်တော်တို့ နှစ်နိုင်ငံနယ်စပ် မြဝတီမြို့အနီးမှာရှိတဲ့ အွန်လိုင်းလောင်းကစားမှုနဲ့ ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်လျက်ရှိတယ်ဆိုတဲ့ သတင်းစုံစမ်းရရှိတဲ့အတွက် နှစ်နိုင်ငံပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားရမှာဖြစ်တယ်ဆိုတာ ပြောခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အွန်လိုင်းလိမ်လည်မှုကို ဆက်လက်ဆောင်ရွက်နေတဲ့ နေရာတွေ၊ လုပ်ဆောင်နိုင်တဲ့ နေရာတွေကိုလည်း အသိပေးပြောကြားခဲ့ပါတယ်။ အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ကတော့ တရားမဝင် ငွေကြေးလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေကို အမည်ခံတိုက်ဖျက်လုပ်ငန်းသာလုပ်နေပြီး သူတို့ကိုယ်တိုင် ကာကွယ်ပေးနေတာပဲဖြစ်ပါတယ်။ ဒါ့ပြင် မူးယစ်ဆေးဝါးလုပ်ငန်းတွေနဲ့လည်း ပတ်သက်နေတာကို တွေ့ရပါလိမ့်မယ်။

မကြာသေးမီလပိုင်းအတွင်းမှာလည်း ရှမ်းပြည်နယ်နဲ့ ရန်ကုန်တိုင်းဒေသကြီးတွေမှာ အကြမ်းဖက်သောင်းကျန်းသူ AA အဖွဲ့က ဦးစီးပြီး ဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) နှစ်တန်ကျော် ငွေကျပ် ၅၁ ဒသမ ၈၇ ဘီလီယံတန်ဖိုး ပြီးရင် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖြစ်စဉ်မှာ ဒီဇင်ဘာ ၃ ရက်မှာ စတင်ပြီးဖမ်းဆီးရမိပါတယ်။ အဲဒီကနေ လိုက်လံစစ်ဆေးတဲ့အခါမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပုလဲလမ်းမှာ ဒီအိုက်စ်တွေကိုသယ်ဆောင်ရာမှာ ပူးပေါင်းပါဝင်နေတဲ့ AA အဖွဲ့က ဒုတိယဗိုလ်အဆင့်ရှိ နေလင်းထွန်း(ခ) နောနော် (ခ) ကျော်စိုး၊ ဒုတိယဗိုလ်အဆင့်ရှိ စိုးထွန်းတို့ကို ဖမ်းဆီးရမိခဲ့ပါတယ်။ အဲ့ဒီနေ့မှာပဲ ရွှေပြည်သာမြို့နယ်(၁)ရပ်ကွက် ကနောင်မင်းသားကြီးလမ်း ဂိုဒေါင်မှာ AA အဖွဲ့က ဗိုလ်အဆင့်ရှိ ထွန်းလင်း(ခ) ပြုံးချိုကို အိုက်စ် ၈၆၅ ကီလိုနဲ့အတူ ဖမ်းဆီးရမိပြီးတော့ ညဘက်မှာလည်း ကျွန်တော်တို့ ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။ ဒီဇင်ဘာ ၇ ရက် နံနက် ၁၀ နာရီမှာ တောင်ဥက္ကလာပမြို့နယ်(၉)ရပ်ကွက်မေတ္တာလမ်းမှာ CANTER BOX မော်တော်ယာဉ်ပေါ်မှာ အိုက်စ် ကီလို ၁၁၄၀၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ကီလို ၈၀၀ ကို ဆက်လက်ဖမ်းဆီးရမိခဲ့ပါတယ်။ ပူးပေါင်းအဖွဲ့တွေဟာ ဒီဇင်ဘာ ၉ ရက်မှာလည်း ဆက်လက်ဖမ်းဆီးရာမှာ ဆင်မလိုက်သင်္ဘောကျင်းမှာ စိုးပိုင်(ခ) စိုးစိုး၊ ဌေးလင်းဇော်၊ ကျော်ဌေးစိုး၊ AA အဖွဲ့က တပ်ကြပ်ကြီး အဆင့်ရှိ ကျော်ဟန်၊ တပ်သားအဆင့်ရှိ ကျော်လင်းဆန်းနဲ့ တပ်သားအဆင့်ရှိ ဦးထွန်းနုတို့ ခြောက်ဦးကို ပြည်ပသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် မူးယစ်ဆေးဝါး သယ်ဆောင်ရာမှာ တနင်္သာရီ(၁)အမည်ရှိ သံခွံကုန်တင်သင်္ဘောတစ်စီးနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါတယ်။

သိမ်းဆည်းရမိတဲ့ အိုက်စ်(မက်သ်အဖက်တမင်း) ၂ ဒသမ ၀၇ တန်ကို မူးယစ်မှောင်ခိုအသင်းဖွဲ့ပြီး ရှမ်းပြည်နယ်ကနေ ရန်ကုန်တိုင်းဒေသကြီးကို သယ်ဆောင်ပြီး ပင်လယ်ရေကြောင်းကနေတစ်ဆင့် ပြည်ပသို့ သယ်ဆောင် ရောင်းဝယ်နေခြင်းဖြစ်ကြောင်းတွေ့ရှိရပါတယ်။ အဲ့ဒီ မူးယစ်ဆေးဝါးတွေ၊ ထိန်းချုပ်ဓာတုပစ္စည်းတွေကို AA အဖွဲ့က ဗိုလ်မှူးကြီးအဆင့်ရှိတဲ့ ကျော်မြတ်ဦး(ခ) သားသား (ခ) ဝေသာထွန်းရဲ့ ဦးစီးစီမံခန့်ခွဲမှုနဲ့ သယ်ဆောင်ခြင်းဖြစ်ကြောင်းသိရပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ သတင်းဆက်များထပ်မံလိုက်လံကာ စုံစမ်းလျက်ရှိပါတယ်။ ဒီအကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ဦးစီးဦးဆောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြောခဲ့သလို တရားမဝင်ငွေကြေးရတဲ့ လုပ်ငန်းတွေ၊ တရားမဝင်မှောင်ခိုလုပ်ငန်းတွေ၊ မူးယစ်ဆေးလုပ်ငန်းတွေ၊ အွန်လိုင်း လောင်းကစားမှုလုပ်ငန်းတွေဆောင်ရွက်ပြီး ငွေကြေးတွေရလာတယ်။ အဲ့ဒီငွေကြေးတွေနဲ့ အတူ လက်နက်ခဲယမ်းတွေဝယ်တယ်။ ကာကွယ်ပေးမည့် လက်နက်ကိုင်အဖွဲ့အစည်းတွေလုပ်တယ်။ ဒီတရားမဝင်လုပ်ငန်းတွေကို ကာကွယ်ပြီး လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ဒါတွေကိုကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက သိရှိရမှာဖြစ်ပါတယ်။ ဒါ့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ၊ ညောင်ပင်သစ်ရွာအနီးမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ လက်နက်ခဲယမ်းတွေနဲ့အတူ ခိုအောင်းနေတယ်ဆိုလို့ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းမှာ ဒီနေရာကို တပ်မတော်အနေနဲ့ ဝင်ရောက်ချေမှုန်းခဲ့ပါတယ်။ အဲ့ဒီမှာ လက်နက်ခဲယမ်းမျိုးစုံဖမ်းမိတဲ့အပြင် မော်တော်ယာဉ် ခုနစ်စီး၊ မူးယစ်ဆေးဝါးများပါ ဖမ်းဆီးရမိခဲ့ပါတယ်။ WY အမျိုးအစား ဆေးပြား ၁၀၀၀၊ ဘိန်းဖြူ ပင်နီစလင်ပုလင်း ၁၀ လုံးခန့် ကျွန်တော်တို့ ဖမ်းဆီးရမိခဲ့ပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ဒီအကြမ်းဖက်လက်နက်ကိုင်အဖွဲ့များဟာ သူတို့အနေနဲ့ ဘယ်လိုပဲကြီးကြီးကျယ်ကျယ် စကားတွေ ကြွေးကြော်နေသည်ဖြစ်စေ သူတို့ရဲ့လုပ်ဆောင်နေသည့် လုပ်ငန်းတွေသည် အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးမှု၊ တရားမဝင်မှောင်ခို ဒါတွေကိုပဲလုပ်ဆောင်နေခြင်းဖြစ်တယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ ရှင်းလင်းစွာသိရှိရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မလို့ ပြည်ဖျက်သောင်းကျန်းသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ပူးပေါင်းပြီး သတင်းရယူခြင်းတွေဆောင်ရွက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့အတူ ဒီအကြမ်းဖက် အဖျက်သမားများကို တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းချေမှုန်းရမှာဖြစ်ပါတယ်။ ဒါသည် နိုင်ငံတော်ကို၊ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နေခြင်းပဲဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ချမ်းအေးသာစံမြို့နယ်ရှိ စုပေါင်းရုံးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှုအားပေး

**မန္တလေး ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် ချမ်းအေးသာစံမြို့နယ်ရှိ လမ်း ၃၀ စုပေါင်းရုံးဝင်းသို့သွားရောက်ပြီး ချုံနွယ်ပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှု၊ သစ်ပင်ကြီးများကို အလင်းဖွင့်ခြင်းဆောင်ရွက်နေမှု၊ရေစီးရေလာကောင်းမွန်စေရေး အမှိုက်သရိုက်မြောင်းစာများဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊စေတနာ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များဖြည့်စွက်ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းမြို့နယ်အသီးသီးရှိဘုရား၊စေတီပုထိုးများ၊ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



☆ **ကျောဖုံးမှအဆက်**

လက်နက်၊ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်းသိရှိရသဖြင့် တပ်မတော်စစ်ကြောင်းများက သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိခဲ့ပြီး ၎င်းတို့ ဖမ်းဆီးချုပ်နှောင်ထားသည့် အပြစ်မဲ့ ဒေသခံပြည်သူများကိုလည်း ပြန်လည်ကယ်ထုတ်နိုင်ခဲ့သည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံလုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့သည် မုံရွာမြို့နယ် ညောင်ပင်ရွာသစ်ကျေးရွာအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်းသတင်းအရ တပ်မတော်စစ်ကြောင်းများက ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ၎င်းကျေးရွာပတ်ဝန်းကျင်ကို လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်စဉ် PDF အမည်ခံအကြမ်းဖက်သမားများ၏ ယာယီစခန်းတစ်ခုကိုတွေ့ရှိခဲ့သဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများထံမှ RPG ဒုံးပစ်လောင်ချာတစ်လက်၊လက်လုပ်သေနတ်သုံးလက်၊ခဲယမ်းမျိုးစုံ၊အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ် ခုနစ်စီး၊ မူးယစ်ဆေးဝါးမျိုးစုံနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။ ထို့ပြင် အကြမ်းဖက်သမားများက မတရားဖမ်းဆီးချုပ်နှောင်ထားသည့် အပြစ်မဲ့ပြည်သူ ခြောက်ဦးကိုလည်း ပြန်လည်ကယ်ထုတ်နိုင်ခဲ့ပြီး ၎င်းတို့အနက်မှဒဏ်ရာရရှိထားသူများကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောဆေးဝါးကုသမှုများဆောင်ရွက်ပေးကာ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားရာမှ ပြန်လည်လွတ်မြောက်လာသည့် ပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရပါသည်-

အကြမ်းဖက် PDF ငါးဦးဟာကျွန်တော့်ကိုပြန်ပေးဆွဲသွားပါတယ်။ ပြန်ပေးဆွဲပြီး သူတို့စခန်းရောက်တဲ့အချိန်မှာကျွန်တော့်ကို ရောက်ရောက်ခြင်းပဲရိုက်နှက်ညှဉ်းပန်းပါတယ်။ သူတို့ဆီမှာနေရတဲ့အချိန်မှာ သံခြေချင်းကြီးတွေခတ်ပြီး ကျွန်တော်တို့ကို ဘာမြောင်းလဲတော့မသိဘူး မြောင်းအရှည်ကြီးတွေကိုတူးဖော်ခိုင်းပြီး ညှဉ်းပန်းဆဲဆိုတာခံရပါတယ်။ ဒီဇင်ဘာ ၂၈ ရက်မှာ ကျွန်တော့်ကိုခေါ်ပြောပါတယ်။ ဒီဇင်ဘာ ၃၁ ရက်မှာ မင်းကိုပိုက်ဆံသိန်း ၁၀၀၀ နဲ့မှ လာမရွေးဘူးဆိုရင် သတ်ပစ်ဆိုတဲ့အကြောင်း ကျွန်တော့်ကို ပြောတယ်။

ဒီဇင်ဘာ ၂၉ ရက် မနက်ပိုင်း ၄ နာရီခွဲလောက်မှာကျွန်တော်တို့ကို တပ်မတော်က လာရောက် ကယ်ထုတ်သွားတဲ့အတွက် အထူးပဲကျွန်တော်တို့မြန်မာ့တပ်မတော်ကြီးကိုကျေးဇူးတင်လို့မဆုံးပါဘူး။

ကျွန်တော်က ကြက်ဥအရောင်းအဝယ်လုပ်ပါတယ်။ ကြက်ဥအရောင်းအဝယ်လုပ်ရင်း ဒီဇင်ဘာ ၂၀ ရက်မှာ အကြမ်းဖက် PDF ကျားသုံးယောက် မ နှစ်ယောက် ရောက်လာပြီးတော့ ကျွန်တော့်ကိုမျက်စိပဝါစည်းပြီးတော့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါတယ်။ သူတို့စခန်းရောက်တဲ့အခါ ကျွန်တော့်ကိုထိုးကြိတ်တာတွေ၊ကန်ကျောက်တာတွေလုပ်ပြီးတော့မှ ခြေထောက်ကိုလည်းဝါးချမ်းပြားတွေနဲ့အချက်ပေါင်းများစွာရိုက်ခဲ့ပါတယ်။ ညပိုင်းမှာသံခြေချင်းကြီးခတ်ပြီးတော့ ကျွန်တော့်ကိုထားပါတယ်။ အဲ့ဒီလိုနဲ့ နောက်ရက်တွေမှာဆိုရင်တော့ သူတို့မြောင်းတူးခိုင်းတာတွေ၊ ရေဆွဲခိုင်းတာတွေ၊ သန့်ရှင်းရေး လုပ်ခိုင်းတာတွေ အလုပ်ပေါင်းစုံကို လုပ်ခိုင်းခဲ့ပါတယ်။ ကျွန်တော်တို့လည်း ကြောက်လန့်နေတဲ့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲ့ဒီနောက် ထင်းခွေ၊ ရေဆွဲ၊ ထင်းခွဲ၊ ထင်းဖြတ်တွေလည်း လုပ်ခဲ့ရပါသေးတယ်။ အချုပ်ဆောင်ထဲမှာပဲပြန်လည်ထားပါတယ်။ သေးပေါက်ချေးပါကအစ ကိုယ်တိုင်လွတ်လွတ်လပ်လပ် သွားလို့မရပါဘူး။ သေနတ်ကိုင်ရဲဘော်တွေရဲ့ အစောင့်အရှောက်တွေနဲ့သွားခဲ့ရပါတယ်။ သူတို့ဘေးကအချင်းချင်းပြောနေတဲ့ စကားအသံကိုလည်း ကျွန်တော်ကြားနေရပါတယ်။ ဒီဇင်ဘာ ၃၁ ရက် သိန်း ၅၀၀ နဲ့လာမရွေးဘူးဆိုရင် ဒီကောင်တွေကိုသတ်ပစ်မယ်ဆိုတဲ့ခြိမ်းခြောက်သံတွေကိုလည်း ကျွန်တော်ကြားနေရပါတယ်။ ဒီလိုနဲ့ရက်တွေကကုန်ဆုံးပြီးတော့ ဒီဇင်ဘာ ၂၉ ရက်မှာ တပ်မတော်စစ်ကြောင်းက ဝင်ရောက်လာပြီးတော့ မနက် ၄ နာရီခွဲလောက်မှာ သူတို့နဲ့တိုက်ပွဲဖြစ်ပြီးတော့ တပ်မတော်က ကျွန်တော်တို့ကို ကယ်တင်ခဲ့တဲ့အတွက် ကျွန်တော်တို့ အသက်ချမ်းသာရခဲ့ပါတယ်။ တပ်မတော်ကိုလည်းအထူးကျေးဇူးတင်ပါတယ်ခင်ဗျ။

ကျွန်တော့်စီးပွားရေးလုပ်ငန်းကတော့ ကုန်စုံဆိုင်လေးဖွင့်ထားပါတယ်။ ဒီဇင်ဘာ ၂၅ ရက်မှာ ကျွန်တော့်ဆိုင်ကို PDF အကြမ်းဖက် ၁၀ ယောက်လောက်ကဝင်ပြီး ကျွန်တော့်ကိုရိုက်နှက်ပြီးတော့ သူတို့စခန်းကိုခေါ်ဆောင်သွားပါတယ်။နောက်ရက်မှာ ကျွန်တော့်ကို သံခြေချင်းတွေခတ်ပြီး ကျင်းတွေတူးခိုင်းပါတယ်။ သူတို့က ကျွန်တော့်ကို ဒီဇင်ဘာ ၃၀ ရက်မှာ သိန်း ၅၀၀ နဲ့ မင်းမိသားစုက လာမရွေးရင် ကျွန်တော့်ကိုသတ်ပစ်မယ်လို့ပြောပါတယ်။ ဒီဇင်ဘာ ၂၉ ရက်မှာ တပ်မတော်စစ်တပ်က ကျွန်တော်တို့ကိုကယ်တင်ပြီးကောင်းမွန်စွာထားရှိပါတယ်။ တပ်မတော်ကိုအထူးပင်ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

ဒီဇင်ဘာ ၅ ရက် ညနေလောက်မှာ PDF ငါးယောက်လောက်ကသူတို့စခန်းကို ဖမ်းဆီးပြီးတော့ခေါ်သွားပါတယ်။ သူတို့စခန်းကိုရောက်တော့ ကျွန်တော့်ကို သံခြေချင်းခတ်ပြီးရိုက်နှက်နှိပ်စက်ပါတယ်။ ဒီဇင်ဘာ ၂၉ ရက်မှ ကျွန်တော့်မိသားစုက သိန်း ၅၀၀ နဲ့လာမရွေးရင်သတ်ပစ်မှာလို့ ခြိမ်းခြောက်ပါတယ်။ ဒီဇင်ဘာ ၂၉ ရက် မနက်မှာ တပ်မတော်စစ်ကြောင်းက ကယ်တင်ပြီး ကျွန်တော်တို့ကိုကောင်းမွန်စွာထားထားပါတယ်။ အဲ့ဒီအတွက် တပ်မတော်ကိုလည်း ကျွန်တော်တို့ကျေးဇူးတင်ပါတယ်။

အဆိုပါ သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့်ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကျေးရွာများအတွင်းသို့ ဝင်ရောက်ကာ ဆက်ကြေးကောက်ခံခြင်း၊ ဒေသခံပြည်သူများကို အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်သတ်ဖြတ်ခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အတင်းချုပ်နှောင်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဂျီနီဗာကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime) ကျူးလွန်ရာရောက်ပြီး အဆိုပါစစ်ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် ၎င်းတို့အပေါ် ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု(Counter-terrorism Action) ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။



PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်များမှတ်တမ်းဓာတ်ပုံ။









# လှည်းကူးမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပဲနန်းတုတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၆၈ ဦးတို့ကို အဆိုပါကျေးရွာရှိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ သမ္ဗုဒ္ဓေချောင်သဒ္ဓမ္မဝါဒီ သီလရှင်စာသင်တိုက်မှ သာသနာနွယ်ဝင်သီလရှင်အပါး ၁၅၀ တို့ကို အဆိုပါစာသင်တိုက်ရှိ ဓမ္မာရုံ၌လည်းကောင်း အသီးသီးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးအဖွဲ့များက သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်စစ်ဆေးခြင်း၊ တီဗီဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



သာသနာနွယ်ဝင်သီလရှင်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် စပ်ပြင်ကျေးရွာနှင့် လေးသွန်းခံကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ခဲ့ကြောင်း မဟုတ်မမှန်သတင်းများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများတွင် ဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် စပ်ပြင်ကျေးရွာနှင့် လေးသွန်းခံကျေးရွာတို့ကို ဒီဇင်ဘာ ၂၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်လာပြီး ဒေသခံနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် မီးမရှို့ခင်နေအိမ်များအတွင်း ဝင်ရောက်မွှေနှောက်ပြီး ရွှေ ငွေနှင့် ဆိုင်ကယ်အပါအဝင် တန်ဖိုးရှိပစ္စည်းများကို အတင်းအဓမ္မယူဆောင်သွားကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်သတင်းများ လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ မြေပြင်စစ်ဆေးတွေ့ရှိချက်များနှင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည်ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် လောင်းလုံမြို့နယ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် လူနေအိမ်များအတွင်းမှ ချောင်းမြောင်းပစ်ခတ်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းတို့ဖြင့် ပြည်သူများကို လူသားဒိုင်းအဖြစ် အကာအကွယ်ယူ၍ လုပ်ဆောင်ခြင်းနှင့်ဆုတ်ခွာထွက်ပြေးရာတွင်လည်း နေအိမ်များကို မီးရှို့လျက်ရှိပြီး ၎င်းတို့၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် သတင်းတု၊ သတင်းအမှားများကိုလုပ်ကြံရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြည်သူ့ဆေးရုံတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီးမျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကိုဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့်ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို အားတက်သရောဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ကနီမြို့တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့်ဆေးရုံဝင်း အတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ပေါက်တောမြို့အတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များ မီးလောင်၊ ရမ်းဗြဲမြို့ရှိ နေအိမ်များကို တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန် ကောလာဟလသတင်းများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၃၀**

ရခိုင်ပြည်နယ် ပေါက်တောမြို့ကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် နေအိမ်များ မီးလောင်နေပြီး ရမ်းဗြဲမြို့ရှိနေအိမ်များကိုလည်း တပ်မတော်က မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင်မီဒီယာတစ်ခုဖြစ်သည့် Khit Thit Media က သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

၎င်းသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေအလိုက် လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်များအရ တပ်မတော်က ပေါက်တောမြို့သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း မရှိကြောင်းနှင့် ရမ်းဗြဲမြို့အတွင်းရှိ နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်းသိရှိရပြီး AA သောင်းကျန်းသူအဖွဲ့များက ပေါက်တောမြို့နှင့် ရမ်းဗြဲမြို့ပတ်ဝန်းကျင်တွင် ခိုအောင်းလှုပ်ရှားနေပြီး အခွင့်သာသည့် အချိန်တွင် မြို့ရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဝင်ရောက်မီးရှို့ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် AA သောင်းကျန်းသူအဖွဲ့၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ တပ်မတော်အပေါ် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန်နှင့် နိုင်ငံတကာစာမျက်နှာများပေါ်တွင် တပ်မတော်ပုံရိပ်များ ကျဆင်းစေရန်အတွက် ကောလာဟလ သတင်းတုသတင်းအမှားများကို အချိန်ကိုက်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၂၈၄၀၅၄၅ ဧကထိ ဆုံးရှုံးခဲ့



**အော့တဝါ ဒီဇင်ဘာ ၃၀**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် ၂၀၂၃ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၂၈၄၀၅၄၅ ဧကထိ ဆုံးရှုံးခဲ့ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံ ဦးရေ ၁၀၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး နေအိမ်များတောမီးကူးစက်လောင်ကျွမ်းမှုလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု အဆိုးရွားဆုံးအခြေအနေဖြင့် ရင်ဆိုင်ခဲ့ရသောဧရိယာမှာ ကမ်းခြေဒေသများဖြစ်ကြောင်း၊ ကမ်းခြေဒေသများတွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၈၉၇၅၀ ထိ ပျက်စီးမှုရှိခဲ့ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ်အတွင်း ဗြိတိသျှကိုလံဘီယာပြည်နယ်အတွင်းမှာ တောမီးလောင်ကျွမ်းမှု ၃၆၅ ကြိမ်ထိ ဖြစ်ပွားခဲ့ပါတယ်။ နေအိမ်တွေဆီ ကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ၂၈၄၀၅၄၅ ဧကထိ ပျက်စီးခဲ့ပါတယ်။ သဘာဝဘေးဒဏ်ဖြစ်ပေါ်လာရင် မလိုလားအပ်တဲ့ ဆုံးရှုံးမှုတွေမဖြစ်စေဖို့အတွက် လိုအပ်တဲ့ အတားအဆီးတွေပြုလုပ်သွားဖို့ အရေးကြီးတယ်ဆိုတာ ၂၀၂၃ ခုနှစ်အတွင်းဖြစ်ပွားခဲ့တဲ့ တောမီးလောင်ကျွမ်းမှုတွေက ပေါ်လွင်စေခဲ့ပါတယ်"ဟု ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သုတေသီဒေးဗစ်ဖိလစ်က ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှု ၃၆၅ ကြိမ် ဖြစ်ပေါ်ခဲ့ရာတွင် အရေးပေါ်အခြေအနေ ရောက်ခဲ့သည့် တောမီးလောင်ကျွမ်းမှု ငါးကြိမ်ထိရှိခဲ့ပြီး ၎င်းငါးကြိမ်စလုံး နေအိမ်များဆီသို့ ကူးစက်မှုဖြစ်ပေါ်ခဲ့ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဟန်ဂေရီနိုင်ငံ၌ ဒန်နူဘီမြစ်ရေ ဆယ်စုနှစ်အတွင်း အမြင့်ဆုံးပမာဏသို့ရောက်ရှိ

**ဘူဒါပတ် ဒီဇင်ဘာ ၃၀**

ဟန်ဂေရီနိုင်ငံ ဘူဒါပတ်မြို့အနီးရှိ ဒန်နူဘီမြစ်ရေပမာဏ မြင့်တက်မှုဖြစ်ပွားနေပြီး ၎င်းမြစ်ရေသည် ဆယ်စုနှစ်အတွင်း အမြင့်ဆုံးပမာဏသို့ ရောက်ရှိနေကြောင်း ဟန်ဂေရီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဟန်ဂေရီနိုင်ငံတွင် ယခုနှစ်မိုးရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဆောင်းရာသီတွင်လည်း ဆီးနှင်းကျဆင်းမှုနှုန်းမြင့်မားခဲ့သည့်အတွက်ကြောင့် ဒန်နူဘီမြစ်ရေပမာဏ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒန်နူဘီမြစ်ရေသည် ပုံမှန်ဖြစ်ပေါ်လေ့ရှိသည့် မြစ်ရေပမာဏထက် ၆ ဒသမ ၉၃ မီတာထိ မြင့်တက်ခဲ့ပြီး သတိထားစောင့်ကြည့်ရမည့်အခြေအနေ ဖြစ်ကြောင်း ဟန်ဂေရီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"၂၀၂၃ ခုနှစ် မိုးကာလမှာ မိုးရေချိန်မြင့်မားခဲ့သလို ဆောင်းကာလမှာလဲ ဆီးနှင်းထူထပ်စွာကျဆင်းခဲ့ပါတယ်။ မိုးရေချိန်မြင့်မားခဲ့တဲ့အတွက် မြစ်ရေပမာဏ မြင့်တက်မှုဖြစ်ပွားနေသလို ၂၀၂၄ ခုနှစ် အစောပိုင်းမှာလဲ အပူချိန်မြင့်တက်ဖွယ်ရှိနေတဲ့အတွက် ရေခဲတွေအရည်ပျော်ကျလာပြီး မြစ်ရေပမာဏမြင့်တက်မှု အခြေအနေပိုဆိုးသွားနိုင်ပါတယ်။ ပုံမှန်အားဖြင့်တော့ ဒန်နူဘီမြစ်ဝှမ်းဟာ ဒီဇင်ဘာလအတွင်းမှာ ရေခဲတာတွေဖြစ်ပေါ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်ကတော့ ထူးခြားစွာနဲ့ ရေပမာဏတွေမြင့်တက်နေတယ်"ဟု ဟန်ဂေရီ ရာသီဥတုပြောင်းလဲမှုဆိုင်ရာသုတေသီ အန်နာကစ်က ပြောကြားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဒန်နူဘီမြစ်ရေတွင် စံချိန်တင်မြစ်ရေပမာဏ မြင့်တက်မှုဖြစ်ပွားနေခြင်းဖြစ်ပြီး ဒန်နူဘီမြစ်အနီး၌ နေထိုင်သော ဒေသခံများအတွက် အထူးသတိပြု စောင့်ကြည့်ရမည့်အခြေအနေဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်ကလည်း ဒန်နူဘီမြစ်ရေပမာဏ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း၊ လက်ရှိအခြေအနေမှာ ၂၀၁၃ ခုနှစ်နောက်ပိုင်း ဒန်နူဘီမြစ်ရေပမာဏ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ဟန်ဂေရီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဂျာမနီနိုင်ငံ နေရာအနှံ့အပြားတွင် ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပွားလာနိုင်

**ဘာလင် ဒီဇင်ဘာ ၃၀**

ဂျာမနီနိုင်ငံ နေရာအနှံ့အပြားတွင် ဒီဇင်ဘာ ၂၅ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းခြင်းများဖြစ်ပေါ်လျက်ရှိရာ ရေကြီးရေလျှံမှုများ ဆက်တိုက်ဖြစ်ပွားလာနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၂၉ ရက်သတင်းများအရသိရသည်။

ဂျာမနီနိုင်ငံ နေရာအနှံ့အပြားတွင် ဒီဇင်ဘာ ၂၅ ရက်မှစတင်၍ နိုင်ငံအနောက်ပိုင်းရှိ Rhine Westphalia ပြည်နယ်နှင့် နိုင်ငံအလယ်ပိုင်းရှိ Harz တောင်တန်းဒေသများရှိ အချို့နေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်တိုက် ဖြစ်ပေါ်လျက်ရှိကာ ၂၄ နာရီအတွင်း မိုးရေချိန် မီလီမီတာ ၄၀ ထိ ရွာသွန်းခဲ့မှုကြောင့် မြစ်ကမ်းပါးတချို့ ပြိုကျခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါဒေသများတွင် ရေကြီးရေလျှံမှုများဆက်တိုက်ဖြစ်ပွားလာနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ယခုအခါ Lower Saxony ပြည်နယ်အနောက်မြောက်ပိုင်းရှိ Aller၊ Leine နှင့် Weser မြစ်များတစ်လျှောက်တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စစ်ဘက်မှတာဝန်ရှိသူများထံ အကူအညီ တောင်းခံထားပြီး အလွန်အရေးကြီးသောအခြေအနေတစ်ခုအဖြစ် ရောက်ရှိနေကြောင်း ပြည်နယ်၏ ပြည်ထဲရေးဝန်ကြီး Daniels Behrens က ပြောကြားသွားခဲ့သည်။



မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် မြစ်များအတွင်း ရေမျက်နှာပြင်မြင့်တက်မှုများဖြစ်ပွားပြီး မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရဟတ်ယာဉ်ခြောက်စင်းနှင့် တပ်ဖွဲ့ဝင်များအသင့်အနေအထားပြင်ဆင်ထားပြီး လူနှင့်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ အန္တရာယ်ရှိသောဒေသမှ ပြည်သူများကို ရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံစစ်ဘက်မှ တာဝန်ရှိသူများက ပြောကြားထားသည်။

**Ref : Sputnik News**
**Trs : AZH**

# ကွင်းစလန်းပြည်နယ်၌ မိုးသက်လေပြင်းကျရောက်မှုနှင့်အပူလှိုင်းဖြတ်သန်းမှုများ ဖြစ်ပေါ်လာနိုင်

**ကင်ဘာရာ ဒီဇင်ဘာ ၃၀**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် မိုးသက်လေပြင်းကျရောက်ဖွယ်ရှိနေပြီး အပူလှိုင်းဖြတ်သန်းမှုလည်း ဖြစ်ပေါ်လာနိုင်ကြောင်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် မိုးသက်လေပြင်းကျရောက်မည့်လက္ခဏာ ဖြစ်ပေါ်နေပြီး လေတိုက်နှုန်းမြင့်မားနေကြောင်း၊ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၀ ကီလိုမီတာနှုန်းဖြင့် တိုက်ခတ်နေပြီး မိုးသက်လေပြင်းကျရောက်ပြီးပါက အပူလှိုင်းဖြတ်သန်းဖွယ်ရှိနေကြောင်း၊ ကွင်းစလန်းပြည်နယ် Gold Coast ဧရိယာတွင် မိုးရွာသွန်းနေခြင်းကြောင့် နေအိမ် ၂၇၀၀၀ ထိ လျှပ်စစ်မီးပြတ်တောက်မှု ဖြစ်ပေါ်နေပြီး မိုးသက်လေပြင်း ကျရောက်ပါက ပိုမိုဆိုးရွားသွားနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ကွင်းစလန်းပြည်နယ်မှာ မိုးသက်လေပြင်း ကျရောက်လာနိုင်သလို အပူလှိုင်းဖြတ်သန်းမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဧရိယာတချို့မှာတော့ မိုးသက်လေပြင်းကျရောက်မဲ့ လက္ခဏာတွေပြသနေပါတယ်။ ဒေသခံတွေအနေနဲ့ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ သတိပေးအပ်ပါတယ်"ဟု ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသက်လေပြင်းကျရောက်မည့် လက္ခဏာဖြင့် ရင်ဆိုင်နေရသည့် ဧရိယာများမှာ Mount Tambourine ဧရိယာနှင့် Jimboomba ဧရိယာတို့ဖြစ်ကြောင်း၊ မိုးသက်လေပြင်းကျရောက်မှုနှင့် အပူလှိုင်းဖြတ်သန်းမှုတို့ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ဧရိယာများမှာ ကွင်းစလန်းပြည်နယ် အနောက်ဘက်ပိုင်းနှင့် မြောက်ဘက်ပိုင်းတို့ဖြစ်ကြောင်း၊ မိုးသက်လေပြင်းကျရောက်မှုအပြီး အပူလှိုင်းဖြတ်သန်းပါက အပူချိန်မှာ ၄၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ဖွယ်ရှိနေကြောင်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။



၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နိုင်ပါ။



# လူဖြစ်မြန်သောနလုံးသား

ဝင်းမင်း(ဖန်ခါးမြေ)




(၁)

ခင်ထားဝေကို ကျွန်တော်ချစ်ခဲ့သည်။ ဘယ်ကတည်းက ချစ်ခဲ့လည်းဆိုလျှင် ရှစ်တန်းကျောင်းသားကတည်းက ချစ်ခဲ့သည်။ ခင်ထားဝေတို့အိမ်သည် ကျွန်တော့်အိမ်ခေါင်းရင်းတစ်အိမ်ကျော်တွင်ရှိသည်။ ကျွန်တော်လေးတန်းနှစ်တွင် ခင်ထားဝေတို့ အခြားမြို့တစ်မြို့မှ ပြောင်းရွှေ့လာကြသည်။ ခင်ထားဝေအဖေသည် အစိုးရဝန်ထမ်းဖြစ်သည်။ ခင်ထားဝေသည် ကျွန်တော်နှင့်အတန်းတူသူမို့ သူ့မိဘများက ကျောင်းသွားလျှင် ခင်ထားဝေနှင့်အတူသွားကြရန် ကျွန်တော့်အိမ်ကိုလာပြီး အကူအညီတောင်းကြသည်။ ခင်ထားဝေကို ထိုအချိန်တွင် ကျွန်တော်စပြီးမြင်ဖူးခဲ့သည်။ ခင်ထားဝေသည် ကလေးဆိုသော်လည်း ဝတ်စားဆင်ယင်မှုသပ်သပ်ရပ်ရပ်ရှိသည်။ ဆံပင်လေးများကိုလည်း အုန်းဆီလိမ်းကျံ၍ သေသေသပ်သပ်ဖြီးထားသည်။ ဝင်းပသောအသားအရေနှင့် မျက်လုံးမျက်ခုံးလှသော မိန်းကလေးငယ်တစ်ဦးဖြစ်သည်။ ခင်ထားဝေကို အကဲခတ်နေသော ကျွန်တော်သည် ဘောလုံးကန်ပြီး စမို့ အဝတ်အစားများက ညစ်ပတ်နေသည်။ ခေါင်းကဆံပင်သည် ဖရိုဖရဲ၊ ခြေထောက်နှင့်လက်များတွင် ဖုန်အလူးလူးနှင့်။ ထို့ကြောင့် ခင်ထားဝေသည် ကျွန်တော့်ကို အံ့ဩကြီးစွာကြည့်နေသည်။ "ဘယ်လိုဂြိုဟ်သားလေးပါလိမ့်"ဟူသော အကြည့်များဖြင့် ကြည့်နေခြင်းဖြစ်သည်။

(၂)

နောက်တစ်နေ့နံနက်တွင်တော့ ကျောင်းသွားရန် ခင်ထားဝေကို ကျွန်တော်ဝင်ခေါ်ရသည်။ သနပ်ခါးပါးကွက်ဝိုင်းလေးနှင့် အဖြူအစိမ်းဂါဝန်လေးကို ဝတ်ဆင်ထားသော ခင်ထားဝေက ကျွန်တော့်ကို တစ်ချက်သေချာစိုက်ကြည့်လေသည်။

"နင်က ဒီလိုတော့လဲ ဘယ်ဆိုးလို့လဲ။ ကြည့်ပျော်ရှုပျော်တော့ရှိသား"

ဆံပင်ဘိုကေသေသေသပ်သပ်ဖြီးထားပြီး ကတ္တီပါဖိနပ်နက်ပြာရောင်၊ ကျောင်းစိမ်းဘောင်းဘီအကျီနှင့် သပ်ရပ်သားနားနေသော ကျွန်တော့်ကို ခင်ထားဝေပြောပုံက ဘဝင်မြင့်ရမလို၊ စိတ်ဆိုးရမလို အောင့်သက်သက်တော့ဖြစ်သွားမိသည်။

"နင့်စကားက ဘာလဲဟ။ ကြည့်ပျော်ရှုပျော်ဆိုတော့ ငါက သိပ်တော့ကြည့်မကောင်းဘူးလို့ ပြောချင်တာလား"

"ဒါတော့ ကိုယ့်ကိုယ်ကိုယ် မှန်ထဲပြန်ကြည့်ပေါ့ဟ"

"ငါက ကြည့်စရာမလိုဘူး။ နင်သာ ပဲဟင်းအိုးထဲမှောက်လဲထားတဲ့ရုပ်နဲ့"

"နင်နော် ငါ့ကိုအဲဒီလိုမပြောနဲ့ မကြိုက်ဘူး"

ခင်ထားဝေမျက်နှာလေးက စူပုပ်ပုပ်ဖြစ်သွားသည်။

"နင်က ငါ့ကို ဘာလို့ကြည့်ပျော်ရှုပျော်လို့ပြောတုန်း"

"ကြည့်ပျော်ရှုပျော်မို့လို့ ကြည့်ပျော်ရှုပျော် ပြောတာပေါ့ အရူးရဲ့"

"နင်သာအရူး ပဲဟင်းလူးမ၊ နင်သာအရူး ပဲဟင်းလူးမ"

ကျွန်တော်သည် ခင်ထားဝေကို ဆက်ကာဆက်ကာ အော်ပြော၍ သူ့ရှေ့က ပြေးပါတော့သည်။

"ကောင်စုတ် မီရင်တော့အသေပဲ"

ခင်ထားဝေဒေါသတကြီးဖြင့် ကျွန်တော့်နောက်ကို ပြေးလိုက်လာသော်လည်း မမီခဲ့ပါ။ တစ်ယောက်နာမည် တစ်ယောက်မသိသေးခင်ကပင် ကျွန်တော်တို့ နှစ်ယောက် မကြိုက်ပေါက် စနောက်ခဲ့ကြသည်။

(၃)

ခင်ထားဝေအဖေသည် ကျွန်တော်တို့မြို့လေးတွင် နေရထိုင်ရတာ သဘောကျသောကြောင့် အခြားမြို့သို့ ပြောင်းရွှေ့စာမတင်ခဲ့။ ထို့ကြောင့် မြို့လေးတွင် အနေကြာခဲ့သည်။ ရှစ်တန်းနှစ်ရောက်သောအခါ ကျွန်တော်သည် လူကောင်ဖွံ့ထွားစပြုလာသကဲ့သို့ အသံကလည်း အောရှရှနှင့် ပြောင်းလဲစပြုလာသည်။ ခင်ထားဝေသည်လည်း ခုနစ်တန်းနှစ်ကနှင့်မတူ ခန္ဓာကိုယ်ဖွံ့လာသလို ပိုပြီးတော့လည်းလှလာသည်။ ခင်ထားဝေအလှကို ကိုးတန်း၊ ဆယ်တန်းကျောင်းသားကြီးများကလည်း သတိထားမိပြီး ပြောဆိုလာကြသည်။ အချို့ခပ်ပေပေ ခပ်ကဲကဲ ကျောင်းသားကြီးများက ခင်ထားဝေကို စာလိုက်ပေးသည်များပင်ရှိနေကြသည်။ ခင်ထားဝေ အိမ်ကသိသွားတော့ ကျွန်တော့်ကို ခင်ထားဝေနှင့် ကျောင်းအတူသွား၊ အတူပြန်ရန်၊ ခင်ထားဝေကို စောင့်ရှောက်ရန် တာဝန်ပေးလာကြသည်။ ခက်ပြီ။ ကျွန်တော်ကိုယ်တိုင်လည်း ခင်ထားဝေကို ချစ်မိနေပြီ။ သူခိုးလက် ဘဏ္ဍာအပ်သကဲ့သို့ဖြစ်နေ၍ ကျွန်တော်ချစ်နေသည်ကို ခင်ထားဝေသိသွားမည်ကို စိုးရိမ်နေရသည်။ ခင်ထားဝေနှင့်အတူ သွားလာလျှင် ခင်ထားဝေကိုစိတ်ဝင်စားသည့်အကြည့်မျိုးနှင့် မကြည့်မိအောင်၊ မေတ္တာသက်ဝင်နေပုံမပေါက်အောင် ကျွန်တော် ထိန်းသိမ်းနေရသည်။ နီးလျက်နှင့်ဝေးနေသလို ကျွန်တော်ခံစားရသည်။ သူငယ်ချင်းများက ကျွန်တော့်အဖြစ်ကို မသိကြတော့ ကျွန်တော့်ကို ဝိုင်းပြီးအားကျနေကြသည်။

"အောင်စိုးတို့ကတော့ ကံထူးရှင်ပဲဟေ့။ အလှနတ်သမီးအနားမှာ အိပ်တဲ့အချိန်ကလွဲပြီး တစ်နေကုန်ခစားနေရတာ။ အားကျသကွာ။ မင်းလိုအခွင့်ထူးမျိုး တစ်ရက်လောက် စံစားရရင်သေပျော်ပါပြီကွာ"

ကိုယ့်ဝမ်းနာကိုယ်သာသိ၍ သူငယ်ချင်းစကားကြောင့် ကျွန်တော်မချိပြုံးပဲပြုံးပြနေရသည်။ ကျွန်တော် ခင်ထားဝေကို ချစ်နေသည်ကို ခင်ထားဝေသိနိုင်လား၊ မသိနိုင်လား ကျွန်တော်မသိပါ။ ကျွန်တော်ကတော့ ခင်ထားဝေကို ချစ်နေတာ တစ်နေ့ထက်တစ်နေ့ သေချာသွားခဲ့ပြီ။ ခင်ထားဝေအိမ်ဘက်က သူ့အသံလေးကိုနားစွင့်နေမိသည်။ ခင်ထားဝေ စာကျက်သံလေးကြားရလျှင် ကျွန်တော်စာကြည့်ရပ်သွားသည်ထိ သူ့အသံလေးကိုနားထောင်နေမိသည်။

ခင်ထားဝေ စာကျက်သံလေးက ကျွန်တော့်အတွက် ဆည်းလည်းသံလေးပမာ နားဝင်ချိုလှသည်။ ခင်ထားဝေ စာကျက်သံကိုနားထောင်ပြီး ကျွန်တော် စာမကျက်ဖြစ်ခဲ့၍ ကျောင်းတွင်အရိုက်ခံရသည့်အကြိမ်ရေ မနည်းတော့ပါ။ ထိုမျှထိ ခင်ထားဝေကို ကျွန်တော် စွဲလမ်းချစ်ခင်ခဲ့ရသည်။ ကျွန်တော်သည် သီချင်းဆိုတာဝါသနာပါသည်။ ကျွန်တော့်အိမ်တွင်လည်း ကာရာအိုကေစက်လေးရှိသည်။ ကျွန်တော်သည် သီချင်းဆိုလျှင် Mood သွင်းရလွယ်သည်။ အဘယ်ကြောင့်ဆိုသော် ခင်ထားဝေကြောင့်ဖြစ်သည်။ ခင်ထားဝေ သူ့အိမ်ဘက်တွင်ရှိမှ ကျွန်တော်သီချင်းဆိုသည်။ ခင်ထားဝေတစ်ယောက်ရှိလျှင် ပရိသတ် ၁၀၀၀၀ ရှိသကဲ့သို့ သီချင်းဆို၍ အလွန်ကောင်းသည်။ Mood သိပ်ဝင်သည်။ ကျွန်တော်ကာရာအိုကေဆိုရာတွင် မဆိုမဖြစ်သောသီချင်းတစ်ပုဒ်ရှိသည်။ ရဲသွင်၏ "သူငယ်ချင်းအတွက်"သီချင်းဖြစ်သည်။ "သူငယ်ချင်းလို့ပြောပေမဲ့ ခိုးချစ်ရသူလေး ရှိဖူးတယ်။ ရင်ထဲသိမ်းဆည်းကာရယ် ရှိုးသားခဲ့အယောင်လည်းဆောင်ဖူးတယ်။ သူပြန်လည်ချစ်နိုင်မှာမဟုတ်မှန်းလည်း သိသားပဲ။ သူပြိုင်ပြင်သွားမှာကို အကြောက်ဆုံးမို့ သူငယ်ချင်းအဖြစ်ဆက်လို့ခင်မယ်။ အရိုးသားဆုံး ချစ်နေမယ်" သီချင်းတစ်ပုဒ်လုံးက ကျွန်တော်နှင့်တိုက်ဆိုင်သည်။ ကျွန်တော်သည်လည်း ခင်ထားဝေကို ချစ်သည့်အကြောင်းဖွင့်မပြောရဲပါ။ ဖွင့်ပြောလိုက်မှ သူငယ်ချင်းခင်မင်မှုလေးပင် ပျောက်သွားမည်ကို စိုးရိမ်ခဲ့မိသည်။

(၄)

ခင်ထားဝေ၏အလှဂုဏ်သတင်းသည် ကျောင်းထဲတွင်သာမက မြို့ထဲသို့ပင် လူသတင်းလူချင်းဆောင်ခဲ့လေပြီ။ ထို့ကြောင့် ခင်ထားဝေ ဆယ်တန်းနှစ်ရောက်သောအခါ သူ့မိဘများက ပညာရေးထိခိုက်မည်စိုးသောကြောင့် ခင်ထားဝေကို အခြားမြို့ ဘော်ဒါဆောင်တစ်ခုသို့ပို့လိုက်ကြသည်။ ကျွန်တော်ခံစားရပြီ။ လွမ်းရပြီ။ လေးတန်းမှကိုးတန်းထိ သွားအတူ၊လာအတူ တပူးတွဲတွဲရှိခဲ့သောသံယောဇဉ်က ကျွန်တော့်နှလုံးသားများကို ဖျစ်ညှစ်ဆုပ်နယ်လေပြီ။ ကျောင်းဖွင့်ရက်တိုင်း နံနက်စောစောမြင်တွေ့နေကျ ခင်ထားဝေမျက်နှာလေးကို လွမ်းရပြီ။ ခင်ထားဝေ၏ စာအော်ကျက်သံလေးကိုလည်း တမ်းတရပြီ။ ရင်ထဲကအပူမီးလူသိအောင်လည်း မညည်းရဲပါ။ နှလုံးသားက အသိဉာဏ်ထက် လူဖြစ်မြန်ခဲ့တော့ ခံစားရပြီ။ နာကျင်ရပြီ။ သို့သော်လည်း ဆယ်တန်းကျလျှင် ခင်ထားဝေနှင့် ပိုဝေးကွာသွားနိုင်သောကြောင့် စာကိုစိတ်နှစ်ကာ ဆယ်တန်းကို အောင်အောင်မြေရန် ဆုံးဖြတ်ခဲ့သည်။ သီတင်းကျွတ်ကျောင်း ၁၀ ရက်ပိတ်တော့ ခင်ထားဝေ အိမ်ပြန်လာသည်။ ဘော်ဒါဆောင်ထဲတွင်ပဲ နေထိုင်ရသောကြောင့်ထင်သည် ခင်ထားဝေပိုလှလာသည်။ အသားအရေကလည်း ဖြူဝင်းနေသည်။ "အင်း ငါတော့ ဆယ်တန်းစာမေးပွဲပြီးတာနဲ့ ခင်ထားဝေကို ဖွင့်ပြောမှဖြစ်တော့မယ်"ဟု ကျွန်တော်စိုးရိမ်စွာတွေးလိုက်မိသည်။ သို့သော် ကံတရားသည် ကြိုတင်မသိနိုင်ခဲ့တော့ ကျွန်တော်တွေးသလိုမဖြစ်ခဲ့ပါ။ ဆယ်တန်းစာမေးပွဲကြီးဖြေခါနီးမှ ခင်ထားဝေတို့အဖေ အခြားမြို့သို့ ပြောင်းရွှေ့သွားသည်။ ထို့ကြောင့် စာမေးပွဲပြီးသောအခါ ခင်ထားဝေ ကျွန်တော်တို့မြို့လေးသို့ ပြန်ရောက်မလာတော့ပါ။

(၅)

ကျွန်တော်နည်းပညာတက္ကသိုလ်တက်ရသောအခါ ကျောင်းဝင်ခွင့်တွင် ခင်ထားဝေနာမည် တွေ့လိုတွေ့ငြား ရှာကြည့်သော်လည်း မတွေ့ခဲ့ရပါ။ တစ်နေ့ ခင်ထားဝေနှင့် တွေ့ရှိနိုးဖြင့် နေ့ရက်များကို ကျွန်တော်ဖြတ်သန်းခဲ့သည်။ တက္ကသိုလ်ပြီးသည်ထိ ရည်းစားတစ်ယောက်မှမထားခဲ့ပါ။ ခင်ထားဝေက ကျွန်တော့်နှလုံးသားကို အပိုင်သိမ်းယူသွားသောကြောင့် ကျွန်တော့်အချစ်များ ခင်ထားဝေဆီ ရောက်ကုန်ကြပြီ။ ကျွန်တော့်အချစ်သည်လည်း ငယ်ရွယ်စဉ်စိတ်ကစားခဲ့သောအချစ်မဟုတ်တာသေချာခဲ့ပြီ။ ခင်ထားဝေကို ကျွန်တော်တကယ်ချစ်ခဲ့သည်။

အများသူငါကဲ့သို့ ကျောင်းပြီးသောအခါ ကျွန်တော်လည်း လုပ်ငန်းခွင်ထဲသို့ ဝင်ခဲ့သည်။ တစ်နေ့ ကျွန်တော်တာဝန်ကျရာမြို့လေးတွင် အတွေ့ချင်ဆုံးသောသူကို မမျှော်လင့်ဘဲ တွေ့ခဲ့ရသည်။ ထိုသူမှာ ကျွန်တော်ချစ်သော ခင်ထားဝေဖြစ်သည်။

"အောင်စိုး၊ ကိုအောင်စိုး မဟုတ်လားဟင်"

စာအုပ်ဆိုင်အတွင်း စာအုပ်ရွေးနေသော ကျွန်တော့်နားထဲသို့ ကျွန်တော်စာကျက်ရင်း တိတ်တိတ်လေးနားထောင်ခဲ့ရသော၊ ကျွန်တော် ဘယ်တော့မှ မေ့၍ရမည်မဟုတ်သော ကျွန်တော့်၏ ဆည်းလည်းသံလေးမှန်း လှည့်မကြည့်ပါဘဲနှင့် နှလုံးသားက ပို့လွှတ်သောသံယောဇဉ်ကြိုး၏အချက်ပေးသံကြောင့် ကျွန်တော်ဦးနှောက်က သိလိုက်သည်။

စာမျက်နှာ ၂၅သို့ ➤

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးမြစ်ချင်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်သဖြင့် တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ နိုဝင်ဘာလအတွင်းမှာ ငါးမြစ်ချင်း ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒီဇင်ဘာလထဲမှာလဲ ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းနေပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တွေက ငါးမြစ်ချင်းအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချတာပါ။ ရေထွက်ကုန်တွေကို ကုန်းလမ်းခရီးက အဆင်ပြေလို့ ကုန်တင်ယာဉ်တွေနဲ့ အများဆုံးတင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျ စစ်ဆေးသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ ကုန်တင်ယာဉ်များဖြင့် အများဆုံး တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချသည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ ငါးမြစ်ချင်းများကို ကျိုက်လတ်မြို့နယ် လှိုင်းတာကျေးရွာ၊ ရုံးဒေါင့်ကျေးရွာ၊ ပတ်တာကျေးရွာ၊ ဖောင်ရိုးချောင်းကျေးရွာတို့မှ အများဆုံးထွက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၂၄မှအဆက်

"ခင် ခင်ထားဝေ"

ကျွန်တော့်အသံများ တုန်နေသည်။ ကျွန်တော် ရင်ခုန်နေပြီ။

"ဝမ်းသာလိုက်တာ အောင်စိုးရယ်"

ငါက နင့်ထက်ပိုပါသကော ခင်ထားဝေရယ်။ ကျွန်တော့်ရင်ထဲက ပြောနေမိခြင်းပါ။

"ငါလဲ ဝမ်းသာတာပေါ့ဟာ။ ဒါနဲ့ နင် ဒီမြို့မှာ နေတာလား"

"ဟုတ်တယ်။ ငါ့အဖေက ပင်စင်ယူပြီးတော့ ဒီမှာပဲ အခြေချလိုက်တာလေ။ နင်ကော ဒီကိုဘယ်လိုရောက်နေတာလဲ"

"ငါ့အလုပ်နဲ့ပတ်သက်ပြီး ဒီမှာတာဝန်ကျနေတာလေ။ နင်ကော ဘာတွေလုပ်နေလဲ"

လူမှုရေးသဘောမျိုး မေးနေရသော်လည်း ကျွန်တော်မေးချင်သည့်မေးခွန်းက ထိုအရာမဟုတ်။

"နင့်မှာချစ်သူရှိနေပြီလား။ အိမ်ထောင်ကျသွားပြီလား"

သို့သော် မမေးဖြစ်ပါ။

"ငါ ပုဂ္ဂလိကဘဏ်တစ်ခုမှာ အလုပ်လုပ်နေတယ်။ နင်အားတဲ့ရက် အိမ်အလည်လာခဲ့အုံးလေ။ အဖေ၊ အမေတို့နဲ့လဲ တွေ့ရတာပေါ့"

"အေးပါ ငါလာခဲ့ပါ့မယ်။ ဦးနဲ့အန်တီကော နေကောင်းကြလား"

"အေး ကောင်းပါတယ်"

ခင်ထားဝေသည် ကျွန်တော့်ကိုပြန်တွေ့သောအခါ ငယ်သူငယ်ချင်းတစ်ယောက်ကို ပြန်တွေ့ရသည့်သဘောမျိုးထက် မပိုသည်ကိုတွေ့ရသည်။ ကျွန်တော်ကသာ သူ့အပေါ်တွင် ၁၅၀၀ သောအချစ်များနှင့် စွဲစွဲလမ်းလမ်းချစ်ခဲ့ရသောကြောင့် ခင်ထားဝေ၏ ပြောဆိုဆက်ဆံမှုက ကျွန်တော့်ရင်ကိုမန္တေးထွေးပါ။ ရင်ထဲတွင် အားမလိုအားမရ ဟာတာတာကြီးဖြစ်နေရသည်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်တစ်ပတ် အလုပ်နားရက်တွင်တော့ ခင်ထားဝေအိမ်ကိုသွားလည်ရန် ဆုံးဖြတ်လိုက်တော့သည်။

(၆)

ခင်ထားဝေအိမ်သို့ အလည်ရောက်သွားခဲ့သည်။ ခင်ထားဝေအဖေနှင့် အမေကလည်း ကျွန်တော့်ကိုတွေ့တော့ ဝမ်းသာကြသည်။ ဖော်ဖော်ရွေရွေရှိကြသည်။ နေ့လယ်စာ ထမင်းစားသွားရန်ပါ ပြောကြသည်။ ကျွန်တော်ကအားနာ၍ မစားတော့ပါဘူးဟုငြင်းသော်လည်း အခြားဧည့်သည်တစ်ဦးပါ ထမင်းစားဖိတ်ထားသောကြောင့် အထူးစီစဉ်စရာမလိုကြောင်း၊ စားသွားရန် အတန်တန်ပြောဆိုနေကြသောကြောင့် ထမင်းစားရန် ခေါင်းညိတ်ခဲ့ရသည်။ ထို့ကြောင့် ခင်ထားဝေအဖေနှင့် အိမ်ရှေ့တမာပင်အောက် ကွပ်ပျစ်လေးပေါ်တွင် ရှေးဟောင်းနှောင်းဖြစ်ပြောဆိုမိကြသည်။ ခင်ထားဝေနှင့် သူ့အမေကတော့ နေ့လယ်စာအတွက် မီးဖိုချောင်ထဲတွင် ချက်ပြုတ်ပြင်ဆင်နေကြသည်။ ခဏအကြာ အိမ်ရှေ့တွင် ကားတစ်စီးရပ်သွားသည်။ ကားပေါ်မှ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ခန္ဓာကိုယ်ကြည့်ကောင်းသော လူငယ်တစ်ဦးဆင်းလာသည်။ ကျွန်တော့်အသက်အရွယ်ခန့်ပင်ရှိဦးမည်။

"လာကွ မောင်ခန့်နိုင်"

ကိုခန့်နိုင်သည် ကျွန်တော့်ကို တစ်ချက်အကဲခတ်ရင်း ကွပ်ပျစ်ပေါ်ဝင်ထိုင်လိုက်သည်။

"ဒါနဲ့ မောင်ခန့်နိုင်ကို မိတ်ဆက်ပေးရအုံးမယ်။ သူကတော့ ဦး တာဝန်ကျခဲ့တဲ့ ဆင်ဖြူကျွန်းမြို့က သမီးရဲ့ငယ်သူငယ်ချင်း မောင်အောင်စိုးတဲ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

ကိုခန့်နိုင်က ကျွန်တော့်ကို လက်ကမ်းနှုတ်ဆက်သည်။

"မောင်အောင်စိုး သူကတော့ သမီးခင်ထားဝေနဲ့ စေ့စပ်ထားတဲ့ မောင်ခန့်နိုင်တဲ့"

ဦး၏မိတ်ဆက်စကားကြောင့် ကျွန်တော့်ရင်ထဲ ရထားတစ်စင်း ခုတ်ဝင်မောင်းနေသကဲ့သို့ နှလုံးခုန်သံများက တဒုန်းဒုန်းဖြစ်သွားရသည်။ "တွေ့ရတာဝမ်းသာပါတယ်လို့" ကျွန်တော့်နှုတ်က ဘယ်သို့ထွက်ရမည်။ "ဟုတ်ကဲ့"ဟုသာပြန်ပြောရင်း ကျွန်တော့်ရင်ထဲ နေ ၁၀ စင်းမက ပူပြင်းနေပြီ။

"ကဲ မောင်ခန့်နိုင်လဲ ရောက်နေပြီဆိုတော့ ထမင်းစားကြရအောင်လေ"

ခင်ထားဝေအမေက ထမင်းစားရန်ပြောနေပြီ။ ယခုမှ ထပြန်လျှင်လည်းမကောင်းပြန်။ ဟင်းများ ဖွယ်ဖွယ်ရာရာချက်ထားသော်လည်း ကမ္ဘာတွင် ကျွန်တော့်အတွက်စား၍မကောင်းသော ထမင်းတစ်နပ်ဖြစ်သည်။ ကိုခန့်နိုင်အပါအဝင် ခင်ထားဝေတို့မိသားစုကို နှုတ်ဆက်ပြီး ကျွန်တော်ပြန်လာခဲ့သည်။

ခင်ထားဝေနှင့်ပတ်သက်ပြီး အပြန်လမ်းသည် အလာလမ်းကဲ့သို့ မျှော်လင့်ချက်များမရှိတော့။ ပြိုလဲခဲ့လေပြီ။ ကျွန်တော့်ခြေလှမ်းများ အင်အားမဲ့နေပြီ။ ကျွန်တော့်နှလုံးသားငိုကြွေးနေသည်။ အချစ်သည် တစ်ဖက်သတ်ယူဆချက်နှင့် ပုံသေတွက်၍မရပါ။ အချစ်သည် ဘယ်အချိန်ကတည်းက ပေါက်ဖွားလာသည်ဆိုပြီး မဏ္ဍပ်တိုင်တက်၍မရပါ။ နှလုံးသားသည် အသိဉာဏ်ထက် လူဖြစ်မြန်ခဲ့၍ အချစ်သည် လူရာမဝင်ခဲ့ပါ။ သို့သော် ဒဏ်ရာတော့ကျန်ခဲ့သည်။ ခင်ထားဝေကို ကျွန်တော်မြတ်နိုးခဲ့သည်။ ခင်ထားဝေကို ကျွန်တော်ချစ်ခဲ့သည်။

သို့သော်. . . .။

## ဆုတောင်း

- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
ကိုယ်ကျန်းမာ စိတ်ရွှင်လန်းလို့
အေးချမ်းစေသား။

- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
မေတ္တာတွေ ပေးဝေငှလို့
အေးကြစေသား။

- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
အကြင်နာ နှလုံးသားနဲ့
ရွှင်ပြုံးစေသား။

- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
မုဒိတာ ပွားကာပေးလို့
အေးကြစေသား။

- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
အငြိုးသို မာန်အမုန်းတို့
သုဉ်းကြစေသား။


- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
အတ္တတွေ ဖယ်ခွာရှင်း
ကင်းကြစေသား။

- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
လောဘတွေ ဒေါသကင်းလို့
ရှင်းကြစေသား။

- ဤလောက မြေကမ္ဘာ
သတ္တဝါ အများ၊
အမုန်းဖယ်ခွာ
အကြင်နာ မေတ္တာများနဲ့
အစဉ်သာ ချစ်သဒ္ဓါထားကာဖြင့်
တရားသစ္စာ ပန်ဆင်မြန်းလို့
အေးချမ်းစေသား။ ။

**မောင်သုတ(ပညာရေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# ရခိုင်ကမ်းရိုးတန်းဒေသက သဘာဝလက်ဆောင်သန္တာကျောက်တန်းများ



ရခိုင်ကမ်းရိုးတန်းဒေသ မာန်အောင်ကျွန်းရှိ သန္တာကျောက်တန်းတစ်ခုကို တွေ့ရစဉ်။

သဘာဝတရားဆိုသည်က လူတို့ပြုပြင်ဖန်တီးထားသောအရာမဟုတ်။ သူ့အလိုအလျောက် ဖြစ်ပေါ်နေသောတရားဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ဆိုသည်များမှာ လူကဖန်တီးထားခြင်းမဟုတ်။ သဘာဝတရားက ဖန်တီးဖြစ်ပေါ်လာခြင်းဖြစ်သည်။ လူအပေါင်းတို့မှာ သဘာဝတရားကဖန်တီးပေးသော ပတ်ဝန်းကျင်တွင် အလိုက်သင့် နေထိုင်နေကြရသူများဖြစ်ကြသည်။ သို့ရာတွင် လူအများကြောင့်ပင် သဘာပတ်ဝန်းကျင်တို့ အရွေ့များ ဖြစ်ပေါ်လာရပြန်သည်။ သဘာဝပတ်ဝန်းကျင်အရွေ့များကြောင့် လူတို့၏နေထိုင်ရာ ပတ်ဝန်းကျင်သည်လည်း အပြောင်းအလဲများ ဖြစ်ပေါ်လာစေပြန်သည်။ လူနှင့်သဘာဝပတ်ဝန်းကျင်တို့မှာ ဆက်နွယ်ပတ်သက်နေမှုများရှိနေကြသည်။

စာရေးသူတို့နေထိုင်ရာ ရခိုင်ပြည်နယ်တွင် ရခိုင်ကမ်းရိုးတန်းဒေသ၊ တစ်နည်းအားဖြင့် ရခိုင်ကမ်းမြောင်ဒေသဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ တောင်များ၊ မြစ်များ၊ ချောင်းများ၊ ပင်လယ်ပြင်ကြီးများသည် ရခိုင်ပြည်နယ်၏ သဘာဝပတ်ဝန်းကျင်ကို ပြုပြင်ဖန်တီးပေးလျက်ရှိသည်။ စာရေးသူတို့သည် တောများ၊ တောင်များကို ချစ်မြတ်နိုးသည်။ ပင်လယ်ပြင်ကြီးကို ချစ်မြတ်နိုးသည်။ စာရေးသူတို့ရခိုင်ပြည်သူများ၏ လူနေမှုဘဝကို တော၊ တောင်၊ ပင်လယ်၊ မြစ်ချောင်းများက ပြုပြင်ဖန်တီးနေခြင်းလည်းဖြစ်သည်။ တောများ၊ တောင်များ၊ မြစ်များ၊ ချောင်းများ၊ ပင်လယ်ပြင်များကို အမှီပြုကာ စိုက်ပျိုးရေးလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေး စသည့်လူမှုဘဝများကို ဖြေရှင်းဆောင်ရွက်နေကြရသည်။ သိသာမြင်သာနိုင်သော သဘာဝပတ်ဝန်းကျင်နှင့် ရခိုင်ပြည်သူတို့ သဟဇာတဖြစ်ကာ တစ်ခုကိုတစ်ခု အမှီတံကဲပြုနေသော ဘဝစက်ဝန်းတစ်ခုလည်းဖြစ်သည်။

**သန္တာကျောက်တန်းများ**

ရခိုင်ကမ်းရိုးတန်းဒေသသည် သား၊ ငါး၊ ပုစွန် ပေါကြွယ်ဝသည့် ဒေသတစ်ခုဖြစ်သည်။ ငါးများသည် ပင်လယ်ကမ်းရိုးတန်းနေရာများတွင် ပေါများစွာတည်ရှိနေသည့် သဘာဝအလျောက်ဖြစ်ပေါ်နေသော သန္တာကျောက်တန်းများ၌ နေထိုင်ကျက်စားလေ့ရှိနေကြသည်။ သန္တာကျောက်တန်းဆိုသည်မှာ အပင်နှင့်ငါးမျိုးစိတ်သန်းပေါင်းများစွာ ပေါက်ဖွားနေထိုင်ကြသည့် ရေနေဇီဝမျိုးစိတ်များကြွယ်ဝသော ဂေဟစနစ်တစ်ခုဖြစ်သည်။ သန္တာကျောက်တန်းများသည် ကမ္ဘာ့ရေထု၏ သုည ဒသမ ၂၅ ရာခိုင်နှုန်းမျှသာ ရှိနေသော်လည်း ငါးမျိုးစိတ် လေးပုံတစ်ပုံတို့ မှီခိုရှင်သန်ရာနေရာများဖြစ်သည်။ ပင်လယ်ကမ်းခြေများတွင် သန္တာကျောက်တန်းများရှိနေခြင်းသည် ရေလှိုင်းများ၏ ဒဏ်ကြောင့် ကမ်းခြေပျက်စီးခြင်းမရှိစေရန် အကာအကွယ်ပေးထားကြောင်း သိရသည်။ သန္တာကျောက်တန်းများတွင် အဖိုးတန်ရေနေ ဇီဝမျိုးစိတ်မျိုးစုံ၊ မျိုးကွဲပေါင်းမြောက်မြားစွာ မှီတင်းနေထိုင်ရာ နေရာများလည်းဖြစ်ကြသည်။ ကမ္ဘာပေါ်ရှိ ပင်လယ်ကမ်းရိုးတန်းများတွင် နေထိုင်သော လူ့အဖွဲ့အစည်းများ၏ ဝင်ငွေနှင့်အသားဓာတ်များရရှိရာ အခြေခံအရင်းအမြစ်များသည် သန္တာကျောက်တန်းများကို မှီခိုကျက်စားနေသည့်ငါးများကို ဖမ်းဆီးသည့် ငါးဖမ်းလုပ်ငန်းများမှရရှိခြင်းဖြစ်သည်ဟုဆိုကြသည်။ သန္တာကျောက်တန်းများကရရှိသော ထုတ်ကုန်များနှင့် ဂေဟစနစ်အပေါ် ထောက်ပံ့မှုများမှာ နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ခန့်ရှိကြောင်းလည်း သိရသည်။

သန္တာကျောက်တန်းများသည် ပင်လယ်ပြင်ဂေဟစနစ်ကိုအကျိုးပြုနေသည်မှန်သော်လည်း သန္တာကျောက်တန်းများသည် ပင်လယ်တိုင်း၌ ပေါ်ပေါက်တတ်သည့်အရာကား မဟုတ်ပေ။ သန္တာကျောက်တန်းတစ်ခုဖြစ်လာရန် အဓိကကျသည့်အရာများမှာ သန္တာကောင်များဖြစ်ကြသည်။ သန္တာကောင်များသည် နေရောင်ခြည်ဖောက်ထွင်းနိုင်သော ကြည်လင်သည့် ဆားငန်ရေများတွင်သာ ပေါက်ဖွားနိုင်သည်။ သန္တာကျောက်တန်းများသည် အရိုးစုကလေးများဖြင့် ဖြစ်ပေါ်လာသည့် ထုံးကျောက်များဖြင့် တည်ဆောက်ထားသော လက်တံပါသည့် အပင်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ နုန်းမရှိသော ပင်လယ်ကြမ်းပြင်တွင် ပေါက်ဖွားကြခြင်းဖြစ်သည်။ အပူချိန် ၂၁ ဒီဂရီဖာရင်ဟိုက်မှ ၂၉ ဒီဂရီဖာရင်ဟိုက်တွင်သာ ရှင်သန်ပေါက်ဖွားတတ်သည်။ အဖြူရောင်၊ ပန်းရောင်၊ အဝါရောင်၊ အညိုရောင်၊ အစိမ်းရောင် စသည်ဖြင့် အရောင်အသွေးစုံလင်စွာ တွေ့ရတတ်သည်။ လှပသောသန္တာကျောက်တန်းများသည် ရေအောက်ပန်းဥယျာဉ်သဖွယ်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသော နေရာများလည်းဖြစ်ကြသည်။ ပင်လယ်ရေအောက်ရှိ အရောင်အသွေးများစုံလင်သော သန္တာကျောက်တန်းဥယျာဉ်များကြား ကူးခပ်နေကြသော ငါးမျိုးစုံတို့ကို အနီးကပ်လေ့လာကြည့်ရှုနိုင်ကြသည်။

၂၀၂၀ ပြည့်နှစ် မေလကုန်ခန့်က ရခိုင်ပြည်နယ် မာန်အောင်ကျွန်းအနောက်မြောက်ဘက် ပြင်ကောက်ကျေးရွာနှင့်ဘုတ်မျက်တောကျေးရွာကြား ပင်လယ်ကမ်းစပ်၌ တစ်မိုင်ခန့်အရှည်ရှိသည့် သန္တာကျောက်တန်းတစ်ခုကို ဒီရေကျချိန်များတွင်တွေ့မြင်ခဲ့ကြရသည်။ မြင်ကွင်းသစ်ဆန်းပြီး လှပသောသန္တာကျောက်ပန်းဥယျာဉ်ကြီးတစ်ခုကို ကမ်းခြေအနီးတွင် မမျှော်လင့်ဘဲ တွေ့ရှိလိုက်ခြင်းမှာ မာန်အောင်ဒေသအတွက် အဖိုးမဖြတ်နိုင်သော ဆုလာဘ်ကြီးတစ်ခုဖြစ်သည်။ မာန်အောင်ကျွန်းကို ကမ္ဘာလှည့်ခရီးသွားများ လာရောက်နိုင်သည့် ခရီးသွားဇုန်နယ်တစ်ခုအဖြစ် တည်ဆောက်ရန်စိုင်းပြင်းနေချိန်တွင် သဘာဝသန္တာကျောက်တန်းကို တွေ့ရှိလိုက်ရခြင်းမှာ အများတကာတို့အား ဆွဲဆောင်မှုပေးလိုက်ခြင်းလည်းဖြစ်သည်။

ဖွံ့ဖြိုးသောသန္တာကျောက်တန်း ပန်းဥယျာဉ်တစ်ခုဖြစ်လာစေရန်မှာ ၁၅ နှစ်ခန့် အချိန်ကြာမြင့်တတ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် သန္တာကျောက်တန်းများကို ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်ကျွန်းစုများအနီးတွင် တွေ့ရတတ်ကြောင်းသိရသည်။ သန္တာကျောက်တန်းများ မပျက်မစီးစေရန် အဏ္ဏဝါကာကွယ်ထိန်းသိမ်းရေးဇုန်များ တည်ဆောက်ရန် လိုအပ်နေပြီဖြစ်ကြောင်းလည်း ကျွမ်းကျင်သူများက ထောက်ပြပြောဆိုလျက်ရှိကြသည်။ သဘာဝသန္တာကျောက်တန်းများ ပျက်စီးခြင်းသည် အဏ္ဏဝါရေပြင်၏ ငါးနေငါးထိုင်ဘဝများကို ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေကာ ငါးသယံဇာတများ၏ အရေအတွက်မှာလည်း လျော့နည်းကျဆင်းနေကြောင်းလည်း သိရသည်။

**ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်**

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှာ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ကမ္ဘာ့နိုင်ငံတချို့တွင် ခရီးသွားလုပ်ငန်းမှရသောဝင်ငွေကို အဓိကအားထားပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ကိုင်ဆောင်ရွက်နေကြသည်။ မြန်မာနိုင်ငံသည်လည်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ သဘာဝအလှတရားများနှင့်ပြည့်စုံရာ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြည့်စုံရာ ရခိုင်ကမ်းမြောင်ဒေသ၏ ခရီးသွားလုပ်ငန်းမှာလည်း နိုင်ငံတော်၏အားထားရသော အစိတ်အပိုင်းတစ်ခုအဖြစ်တည်ရှိနေသည်။ အထူးသဖြင့် ကမ်းခြေကို အမှီပြုသော ခရီးသွားလုပ်ငန်းများသည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်မှုရှိနေခြင်းပင်ဖြစ်သည်။ ရခိုင်ကမ်းရိုးတန်းမှာ မြောက်ဘက်ဆုံး နတ်မြစ်ဝမှ တောင်ဘက်ဆုံး ကျောက်ချန်ချောင်းဝထိ အလျားမိုင်

> ❖ သန္တာကျောက်တန်းဆိုသည်မှာ အပင်နှင့်ငါးမျိုးစိတ် သန်းပေါင်းများစွာပေါက်ဖွားနေထိုင်ကြသည့် ရေနေဇီဝမျိုးစိတ်များ ကြွယ်ဝသော ဂေဟစနစ်တစ်ခုဖြစ်သည်။ သန္တာကျောက်တန်းများသည် ကမ္ဘာ့ရေထု၏ သုည ဒသမ ၂၅ ရာခိုင်နှုန်းမျှသာ ရှိနေသော်လည်း ငါးမျိုးစိတ် လေးပုံတစ်ပုံတို့ မှီခိုရှင်သန်ရာနေရာများဖြစ်သည်။ ပင်လယ်ကမ်းခြေများတွင် သန္တာကျောက်တန်းများရှိနေခြင်းသည် ရေလှိုင်းများ၏ဒဏ်ကြောင့်ကမ်းခြေ ပျက်စီးခြင်းမရှိစေရန် အကာအကွယ်ပေးထားကြောင်း သိရသည်။ ❖

ပေါင်း ၄၂၀ ခန့်ရှည်လျားသော ကမ်းခြေတစ်ခုဖြစ်သည်။ ဤကမ်းခြေတစ်လျှောက်တွင် ရှိနေသော မောင်တောမြို့နယ်အတွင်းရှိ အလယ်သန်ကျော်ကျောက်ပန်းဒူကမ်းခြေ၊ ရသေ့တောင်မြို့နယ်အတွင်းရှိ နံ့သာကျွန်း၊ မေယုမီးပြကျွန်း၊ စစ်တွေမြို့နယ်အတွင်းရှိအောင်ဒိုင်၊ ပလ္လင်ပြင်ကမ်းခြေ၊ ပို့င့်ကမ်းခြေ၊ ပေါက်တောမြို့နယ်အတွင်းရှိ အနောက်ဖရုံဂါကျွန်း ဆံတော်ရှင်ကမ်းခြေ၊ အလယ်ဖရုံဂါကျွန်းဦးထိပ်နေရာများ၊ ကျောက်ဖြူမြို့နယ်အတွင်းမှ ပင်လယ်ကျွန်းများ၊ မင်းပြင်-ဇင်ချောင်းကမ်းခြေ၊ ရမ်းဗြဲမြို့နယ်အတွင်းရှိ အောင်လှပြင်ကမ်းခြေ၊ ကျောက်နီမော်ကမ်းခြေ၊ မာန်အောင်ကျွန်းအနောက်ဘက်ကမ်းခြေ၊ သံတွဲမြို့နယ်အတွင်းရှိ ငပလီကမ်းခြေ၊ ဂွမြို့နယ်အတွင်းရှိ ကျိန္တလီ ပုန်းညက်ကမ်းခြေ၊ ကမ်းသာယာကမ်းခြေ၊ ဈိုင်းဖြူကျွန်း စသည်များနှင့် သဘာဝအလျောက်ပေါက်ရောက်ဖြစ်တည်နေသည့် ဒီရေတောများမှာ ပင်လယ်ကမ်းခြေအခြေပြု ခရီးသွားလုပ်ငန်းအတွက် အလေးထားရသောနေရာများဖြစ်ကြသည်။ အဆိုပါကမ်းခြေများသည် လူသူအရောက်အပေါက်နည်းပါးသော ကမ်းခြေများလည်းဖြစ်ကြသည်။ သဘာဝပတ်ဝန်းကျင်သည်လည်း ညစ်ညမ်းခြင်းမရှိသေးသဖြင့် ခရီးသွားလုပ်ငန်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ စိတ်ပါဝင်စားနေသည့် နေရာများလည်းဖြစ်ကြသည်။

**ထိန်းသိမ်းရေးဆောင်ရွက်**

သဘာဝတရားဆိုသည်မှာ လူအများက ဖန်တီးထားခြင်းမဟုတ်။ ကိုယ့်သဘောကိုယ်ဆောင်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်သည် လူသားများကို အကျိုးပြုလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်နှင့်လူသားများအပါအဝင် သက်ရှိသတ္တဝါများသည် တစ်ခုကိုတစ်ခု အကျိုးပြုလျက်ရှိခြင်းလည်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ပေါ်လာသည်မှာ လွယ်လွယ်နှင့်ဖြစ်ပေါ်လာခြင်းမဟုတ်။ သဘာဝပတ်ဝန်းကျင်ကောင်းတွင် သက်ရှိ၊ သက်မဲ့ဇီဝမျိုးစုံမျိုးကွဲတို့ ရှင်သန်ကျက်စားပေါက်ဖွားရာနေရာများလည်းဖြစ်ကြသည်။


ရခိုင်ကမ်းရိုးတန်း ကမ်းမြောင်ဒေသရှိ တောတောင်ရေမြေသဘာဝအနေအထားများက ပျက်စီးယိုယွင်းခြင်းမရှိသေး။ ကျေးငှက်သရကာတို့ လာရောက်ကျက်စားရာ၊ ရေနေသတ္တဝါတို့ မှီခိုကျက်စားရာရမ်ဆာ(ရေဝပ်ဒေသ)ကဲ့သို့ သဘာဝဝန်းကျင်များ၊ ရေနေသတ္တဝါ သားငါးတို့ ပေါက်ဖွားကျက်စားရာ သန္တာကျောက်တန်းများက သဘာဝအတိုင်းရှိနေဆဲဖြစ်သည်။ ထိုအရာများမှာ ရခိုင်ကမ်းရိုးတန်းဒေသနေ ပြည်သူများကို သဘာဝကပေးထားသော လက်ဆောင်မွန်များဖြစ်ကြသည်။ သဘာဝကပေးအပ်ထားသော လက်ဆောင်များ အရှည်သဖြင့် မပျက်မစီးတည်တံ့နေရေးအတွက် ဒေသခံများ ထိန်းသိမ်းသွားကြရန်လိုသည်။ သဘာဝကလက်ဆောင်ပေးထားသော ရေမြေတောတောင်များကိုအခြေပြုကာ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ထူထောင်ပေးနိုင်ခြင်းဖြင့် ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်စေမည်။ သဘာဝတရားကိုချစ်မြတ်နိုးမှ သဘာဝတရားကလည်း မိမိတို့ကိုပြန်လည်ချစ်မြတ်နိုးကာ အကျိုးပြုမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- **၂၀၂၀ ပြည့်နှစ် ဧပြီလထုတ် မြန်မာ့အလင်းသတင်းစာ သတင်းဆောင်းပါးမှတ်စုများ**

**ကျွန်းသားမေန်း**

# ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေ



**ဟသ်ာတ ဒီဇင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူများ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေကြောင်း ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ဦးက ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် ဒီဇင်ဘာလအတွင်း ပဲလွမ်းဖြူများဝယ်ယူမှု ကောင်းပြီး အရောင်းသွက်လာကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ ဝယ်ယူမှု အားကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ကုန်ပဲလွမ်းဖြူတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခု ဒီဇင်ဘာလ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာဖြစ်ပါတယ်။ အခုအဝယ်လိုက်နေတဲ့အပြင် ဈေးလဲ ကောင်းလာပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့အဝယ်လိုက်ပြီး အရောင်းသွက်နေတာဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေသိပ်မထွက်သေးပါဘူး။ ဒေသမှာ ပဲလွမ်းဖြူက ဆောင်းသီးနှံတွေသိမ်းချိန်မှာ အထွက်များပါတယ်" ဟု ဟသ်ာတမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်ဦးက ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ပဲလွမ်းဖြူ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၆၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း ၊ ပြောင်းနှင့် စပါး၊ ဆန်၊ ရာသီထွက်ကုန်များကို တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဥ့်ကိုင်မြို့နယ် ရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဥ့်ကိုင် ဒီဇင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာတွင် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများ အကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၄၃ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ် ၃၃ ဒသမ ၄ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၀၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ၈၄ ဦးကို ရန်ပုံငွေကျပ် ၄၃ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၆၆၆၈ ဧက စိုက်ပျိုးပြီးစီး

**ရေဦး ဒီဇင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲသီးနှံ ၆၆၆၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် ထောပတ်ပဲသီးနှံ ၉၁၀၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၆၆၆၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ထောပတ်ပဲသီးနှံဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။လက်ရှိအချိန်ထိတော့ ၆၆၆၈ ဧက စိုက်ပျိုးပြီးနေပြီဖြစ်တယ်။ လျာထား ချက်ကေပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ထောပတ်ပဲသီးနှံစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲသီးနှံဟာ ဈေးကောင်းရရှိတဲ့အတွက်ကြောင့် အားထားစိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ်ရေဦးခရိုင်တွင် မြို့နယ်အလိုက်ထောပတ်ပဲသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၃၅၆ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၃၁၂ ဧက စုစုပေါင်း ၆၆၆၈ ဧကတို့ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၅၁၄၀ ဧက၊ တန့်ဆည်မြို့နယ်တွင် ၃၉၆၈ ဧက စုစုပေါင်း ၉၁၀၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ရေဦးခရိုင်တွင် ပဲမျိုးစုံစိုက်ပျိုးကြသော တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့်လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲပုံနှင့်အချိန်မီရိတ်သိမ်းမှုစသည့် အသိပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် ကျွဲတဲကွင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဒီဇင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျွဲတဲကွင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျွဲတဲကွင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုအခြေအနေများ၊ တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများအားလုံး ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ကျွဲတဲကွင်းကျေးရွာ၌ လမ်းအရှည် ပေ ၁၆၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် နှစ်သန်း အသုံးပြု၍ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူကိုယ်တိုင် အောက်တိုဘာ ၁၅ ရက်မှစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကြောင့် ကျွဲတဲကွင်းကျေးရွာရှိပြည်သူများ သွားလာရေးအဆင်ပြေနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညီ**

# ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာပင်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီးမိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေပြန်လည်ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၅၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထန်းတပင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၄၃ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃၁ သိန်းနှင့် အရောင်းဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀၁ ဦးကို ငွေကျပ် ၂၈၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို ရန်ပုံငွေကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုသန်းညွန့်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

ခရီးသွားဆောင်းပါး

# ကျောက်သင်ပုန်းတွေ ထွက်သည့်ရွာ

သက်နိုင်(မြင်ဦးလွင်)

မော်လမြိုင်မြို့ကိုရောက်ရှိပြီး တစ်ညတာညအိပ် ရပ်နားနေကြတဲ့ မိမိတို့ခရီးဖော်တွေအားလုံး မနက် စောစောကတည်းက အိပ်ရာကနေ နိုးနေကြတယ်။ ခရီးစဉ်ရေးဆွဲထားချက်အရ မော်လမြိုင်မြို့မှာ ထင် ရှားကျော်ကြားတဲ့ ကျိုက်သန်လန်စေတီတော်ကြီးကို ဖူးမြော်ကန်တော့ကြရင်း မနက်စာ စားသောက်ပြီး ကြတာနဲ့ ဘီလူးကျွန်းရှိရာကို ခရီးဆက်ကြရမှာပါ။ ကျိုက်သန်လန်စေတီတော်ကို မသွားခင် ဟိုတယ်ကနေ စတင်ထွက်ခွာလာခဲ့တယ်။

ဟိုတယ်ကနေ စတင်ထွက်ခွာလာတော့ လင်း ရောင်သန်းခါစပဲရှိနေသေးတယ်။ လမ်းတွေပေါ်မှာ အသွားအလာနည်းပါးပြီး ရှင်းနေသေးတယ်။ တောင် တက်ကားလမ်းအတိုင်း ကျိုက်သန်လန်စေတီတော်ကြီး ရှိရာ ကုန်းတော်ပေါ်ကို တက်ရောက်လာတော့ မြူနှင်းတွေ ပိတ်ဆို့ဖုံးအုပ်နေတယ်။ ဓာတ်လှေကားရှိတဲ့ နေရာထိ ကားမောင်းတက်ခဲ့ရပြီး တောင်ထိပ်စေတီ ပေါ်ရောက်အောင် ဓာတ်လှေကားနဲ့ဆက်လက်တက် ရောက်ကြရအုံးမှာပါ။ မော်လမြိုင်မြို့ ကျိုက်သန်လန် စေတီက မန္တလေးတောင်လို၊ ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်လို၊ ပင်းတယမြို့ ရွှေဥမင်ဘုရား လို တောင်ပေါ်ကို ကားနဲ့တက်ရောက်လာရပြီးမှ တောင်ထိပ်စေတီတော်ရင်ပြင်ထိ ဓာတ်လှေကားနဲ့ နောက်ထပ်တစ်ဆင့် ထပ်မံတက်ရောက်ရသေးတယ်။ စေတီတော်ပေါ်ကို ဓာတ်လှေကားနဲ့ တက်ရောက်လာ ချိန်မှာ ဘုရားဖူးဧည့်သည်တွေ တစ်ဦးတစ်ယောက်မှ မရှိကြသေးဘဲ စေတီတော်တစ်ခုလုံး တိတ်ဆိတ်ရှင်း လင်းနေသလို မြူနှင်းတွေကလဲ စေတီတော်ကြီးတစ်ခု လုံးကို လွှမ်းခြုံဖုံးအုပ်ထားတဲ့ထိ မှိုင်းမှိုင်းဆိုင်းဆိုင်းကျ ရောက်နေဆဲပါ။ စေတီတော်ပေါ်ကိုရောက်ရင် ဘုရား ရှိခိုးကန်တော့ပြီးတာနဲ့ မော်လမြိုင်မြို့ရှုခင်းတွေနဲ့ သံလွင်မြစ်ရှုခင်းတွေ၊ ပတ်ဝန်းကျင်တစ်ခွင်က ရှုခင်း တွေကို ကြည့်ရှုမြင်တွေ့ကြရမယ်ဆိုတဲ့ စိတ်ကူးမျှော် မှန်းချက်တွေပျောက်ဆုံးသွားခဲ့ကြရတယ်။ စေတီတော် ပေါ်က မြင်ကွင်းတွေအရ မော်လမြိုင်မြို့နဲ့ ဝန်းကျင် တစ်ခုလုံးကလဲ မြူနှင်းတွေအောက်မှာ ပြားပြားဝပ် နေကြရရှာတယ်။ ဘာကိုမှ သဲသဲကွဲကွဲမမြင်တွေ့ရ တော့ပါဘူး။ စေတီတော်သမိုင်းအရ ကျိုက်သန်လန် စေတီက မွန်ဘာသာအသံထွက် ကျိုက်ဆန်းလိုက်ကနေ ဆင်းသက်လာပြီး ကမ်းပြဘုရားလို့အဓိပ္ပာယ်ရနေတယ်။

စေတီတော်ပေါ်ကနေ ပြန်ဆင်းလာခဲ့ကြပြီး မနက်စာစားသောက်ကြဖို့အတွက် ဆိုင်တွေကိုလိုက်လံ ရှာဖွေတဲ့အခါ မဖွင့်သေးတဲ့ဆိုင်တွေကိုပဲ တွေ့မြင်နေ ရတယ်။ မော်လမြိုင်မြို့မှာ စားသောက်လို့မရရင် ဘီလူးကျွန်းရောက်မှ စားသောက်ကြတော့မယ်ဆိုပြီး ကမ်းနားလမ်းအတိုင်း မောင်းနှင်လာတဲ့အခါမှ ဖွင့်ခါစ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို တွေ့ရတော့တယ်။ ဒါပေမဲ့ မုန့်ဟင်းခါးမှာစားတဲ့သူက အကြော်မပါ၊ ပဲပြုတ်ထမင်းကြော်မှာစားတဲ့သူက ပဲပြုတ်မပါဖြစ်နေ တာကြောင့် ဘာလို့လဲမေးကြည့်တော့ ပဲပြုတ်တွေ၊ အကြော်တွေကို လာမပို့သေးလို့ဖြစ်ကြောင်း သိလိုက် ရတယ်။ မနက်စာ စားသောက်ပြီးကြတာနဲ့ သံလွင်မြစ် ကူးတံတားသစ်ကြီးပေါ်ကနေ ဖြတ်သန်းမောင်းနှင် လာပြီး ဘီလူးကျွန်းရှိရာကို ခရီးဆက်ခဲ့ကြတယ်။

ဘီလူးကျွန်းက သံလွင်မြစ်ကူးတံတားကိုဖြတ်သန်း ပြီးတာနဲ့ ရောက်ရှိလာတယ်။ တံတားကြီးမရှိခင်တုန်း က သွားရလာရခက်ခဲခဲ့ရပေမဲ့ အခုအခါမှာ အလွန် လွယ်ကူနေပါပြီ။ ဘီလူးကျွန်းဆိုတာ ရှေးမွန်ဘုရင်တွေ လက်ထက်က မုတ္တမ(၃၂)မြို့ဝင်ဖြစ်ခဲ့တယ်လို့ဆိုပါ တယ်။ သမိုင်းမှတ်တမ်းအထောက်အထားတွေအရ မော်လမြိုင်မြို့အနီး တစ်ဖက်ကမ်း၊ ကပ္ပလီပင်လယ် ပြင်ထဲက ကျွန်းကြီးပေါ်မှာ ရှေးအခါက ဘီလူးလို့ တင်စားခေါ်ဆိုခဲ့ကြတဲ့ အသားမည်း နီဂရစ်တိုလူမျိုး တွေ နေထိုင်ခဲ့ကြတယ်။ မွန်တိုင်းရင်းသားတွေက နီဂရစ်တိုလူမျိုးတွေကို စမင် ဒါမှမဟုတ် လူသားစား ရေဘီလူးတွေလို့ ခေါ်ဆိုခဲ့ကြတယ်။ ဒေါက်တာ ဂျီအေ ဂရီအာဆင် ပြုစုရေးသားခဲ့တဲ့ အိန္ဒိယဘာသာနွှရ လေ့လာမှုစစ်တမ်းမှာ နီဂရိုးအနွယ်ဝင် စမင်တွေက ဘီစီ ၂၅၀ မတိုင်မီကတည်းက ဘီလူးကျွန်းပေါ်မှာ နေထိုင်ခဲ့ကြကြောင်း ဖော်ပြထားတယ်။

ဂရိပထဝီဝင်ပညာရှင် တော်လမီရဲ့မှတ်တမ်းမှာလဲ သူတို့အဖွဲ့ ကပ္ပလီပင်လယ်ပြင်အတွင်း သင်္ဘော တစ်စီးနဲ့ ရွက်လွှင့်သွားလာကြတဲ့အခါ မုတ္တမကွေ့ကို အရောက် လူသားစားတွေကို တွေ့မြင်ခဲ့ရကြောင်း၊ လူသားစားတွေက စမင်တွေပင်ဖြစ်ကြောင်း ရေးသား မှတ်တမ်းတင်ထားခဲ့သလို ဗုဒ္ဓဘာသာဘုန်းတော်ကြီး တွေဖြစ်ကြတဲ့ ဆရာတော် သောဏထေရ်၊ ဆရာတော် ဥတ္တရထေရ်တို့ သုဝဏ္ဏဘူမိဒေသကို သာသနာပြုခရီး ကြွရောက်ခဲ့ကြတဲ့အခါတုန်းက လူသားစားရေဘီလူး စမင်တွေကို နှိမ်နင်းခဲ့ရကြောင်း ဆိုထားတယ်။ မွန် လူမျိုးတိုင်းရင်းသားတွေ မြန်မာနိုင်ငံတွင်းကို ဝင်ရောက် လာကြတဲ့အခါ လူသားစားရေဘီလူး စမင်တွေကို တိုက်ခိုက်ပြီး မြို့ပြအသစ်ပြန်လည်တူထောင်ခဲ့ကြတယ်။

ဘီလူးကျွန်းပေါ်ကို ရောက်ရှိလာတာနဲ့ ဘယ်နေရာ၊ ဘယ်ဒေသတွေကို သွားရောက်လေ့လာ လည်ပတ်ကြရမယ်ဆိုတာကို ပထမဆုံး မေးမြန်းစုံစမ်း ရတယ်။ သာမညမှာ တည်းခိုအိပ်စက်ခဲ့စဉ် အိမ်ရှင် မိတ်ဆွေက ဘီလူးကျွန်းပေါ်မှာ သွားလာရမဲ့နေရာ တွေကို ရေးသားပေးလိုက်ပေမဲ့ ဘယ်နေရာတွေကို ဘယ်လိုသွားရောက်ရင် အဆင်ပြေနိုင်တယ်ဆိုတဲ့ ခရီးစဉ်လမ်းကြောင်းကို သေသေချာချာ မသိရှိရသေး ပါဘူး။ ဒါကြောင့် ကျွန်းပေါ်ကိုရောက်ရောက်ချင်း မိတ်ဆွေရေးပေးလိုက်တဲ့ စာရွက်ကိုကိုင်ပြီး လမ်းဘေးက ဆိုင်တစ်ဆိုင်ကို ဝင်ရောက်မေးမြန်း ရတယ်။ ဆိုင်ရှင်က စာရွက်ကိုကြည့်ပြီး နံပါတ်(၁) ကညော်ရွာက ကော့ရွဲစေတီကိုသွား၊ နံပါတ်(၂) မုဒွန်းရွာက ကျောက်သင်ပုန်းတောင်ကိုသွား၊ ရွာထဲ မှာရှိတဲ့ ကျောက်သင်ပုန်းလုပ်ငန်းတွေကိုလေ့လာ၊ နံပါတ်(၃) ကမာရွာက ဝင်းလဲ့ရေတံခွန်ကိုသွား၊ ရေချိုးလို့လဲရတယ်။ နံပါတ်(၄) ရွာလွတ်ရွာကို သွားပြီး ဆေးတံလုပ်ငန်းတွေ၊ စက္ကူပန်းပုလုပ်ငန်း တွေကို ကြည့်ရှုလေ့လာပြီးရင် နံပါတ်(၅)အနေနဲ့ ဆည်ပလာရွာကိုသွားပြီး ပင်လယ်ကမ်းခြေအပန်းဖြေ နိုင်သလို ငါးပိ၊ ငါးခြောက်တွေကိုလဲ ဈေးသက်သက် သာသာနဲ့ ဝယ်ယူနိုင်ကြတယ်ဆိုပြီး တစ်ခုပြီးတစ်ခု သွားကြရမဲ့ခရီးစဉ်တွေကို ပြောပြတယ်။

ဆိုင်ရှင်ရဲ့ပြောပြချက်တွေအရ ကျွန်းပတ်လမ်းကြီး အတိုင်း တစ်ဆင့်ပြီးတစ်ဆင့်၊ တစ်နေရာပြီးတစ်နေရာ ကို သွားရောက်ကြရမှာဖြစ်သလို လမ်းမှားစရာလဲ မရှိပါဘူး။ ပထမဦးဆုံးအနေနဲ့ ကညော်ရွာမှာရှိတဲ့ ကော့ရွဲစေတီကို သွားရောက်ဖူးမြော်ကြရမှာပါ။ ကညော်ရွာဆိုတာ မိမိတို့ခရီးဖော်တွေ လက်ရှိရောက် နေတဲ့ ကျွန်းအဝင်ထိပ်ဆုံးက ရွာတစ်ရွာဖြစ်နေပြီး ကော့ရွဲစေတီတော်အဝင် ဆိုင်းဘုတ်ကြီးကိုလဲ ကား ရပ်ထားတဲ့နေရာကနေ လှမ်းမျှော်မြင်တွေ့နေရတယ်။ ဘီလူးကျွန်းပေါ်ကို ခြေချချချင်း လေ့လာသင့်လေ့လာ ထိုက်၊ ဖူးမြော်ခွင့်ဖူးမြော်ထိုက်တဲ့ စေတီတော်ကြီး တစ်ဆူကို ဖူးမြော်ခွင့်ရကြပါပြီ။ စေတီတော်အဝင် လမ်းကနေ ကားမောင်းဝင်လာခဲ့ပြီး မကြာခင်မှာ စေတီတော်ကြီးရှိရာကို ရောက်လာခဲ့ကြတယ်။




စေတီတော်ကြီးရှိရာကိုရောက်တော့ ထုထည် ကြီးကြီးမားမား၊ ဉာဏ်တော်မြင့်မြင့်နဲ့ သပ္ပာယ်စွာဖူးမြော် ကြရတယ်။ ဘုရားဖူးဧည့်သည်တွေလဲ မရှိကြပါဘူး။ စေတီတော်ကြီးကို လှည့်ပတ်လေ့လာဖူးမြော်အပြီးမှာ စေတီတော်နဲ့ပတ်သက်တဲ့သမိုင်းတွေ၊ အကြောင်းအရာ တွေကို သိချင်တာနဲ့ ဂေါပကရုံးရှိရာကိုသွားတော့ စောသေးလို့ မဖွင့်သေးကြောင်း အစောင့်ဝန်ထမ်း တစ်ယောက်က ပြောပြတယ်။ အစောင့်ဝန်ထမ်းရဲ့ ပြောပြချက်အရ ကော့ရွဲစေတီတော်ကြီးက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီးထက် အုတ်တစ်ချပ်သာလျော့ ကြောင်း၊ ဘီလူးကျွန်းပေါ်မှာ အကြီးဆုံးဖြစ်ကြောင်းတွေ ကို သိလိုက်ရတယ်။ ဒါပေမဲ့ စေတီတော်ကြီးရဲ့ပတ်ဝန်း ကျင်တစ်ဝိုက်မှာ စည်စည်ကားကားလဲမရှိ၊ စားသောက် ဆိုင်တန်းတွေ၊ ဈေးဆိုင်တန်းတွေလဲမရှိ၊ ဘုရားပန်း ရောင်းတဲ့သူတွေတောင်မရှိဘဲ လူသူအသွားအလာမရှိ တဲ့စေတီကြီးတစ်ဆူလို အရာအားလုံးက တိတ်ဆိတ် ခြောက်ကပ်နေတယ်။

စေတီတော်ကြီးကို ဖူးမြော်ပြီးကြတာနဲ့ ဝင်လာ ခဲ့တဲ့ကားလမ်းအတိုင်း ပြန်လည်မောင်းထွက်လာချိန်မှာ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှာရှိတဲ့ ကျောင်း တော်ရာစေတီကြီးကိုသွားပြီး သတိရလိုက်မိတယ်။ ကော့ရွဲစေတီရှိရာ အဝင်လမ်း၊ အထွက်လမ်းက ကျောင်းတော်ရာစေတီကိုသွားတဲ့လမ်းနဲ့ ခပ်ဆင်ဆင် တူညီနေတယ်။ လမ်းဘေးမှာရှိနေတဲ့အရိပ်ကောင်း ကောင်း သက်တမ်းရင့်သစ်ပင်ကြီးတွေ၊ လမ်းအောက် ဘေး ဝဲ၊ ယာတစ်လျှောက်က လယ်ကွင်းတွေ၊ နှစ်ဖက် လယ်ကွင်းတွေကြားက သေးသေးမြောင်မြောင် ကုန်းမို့မို့ ကတ္တရာခင်းလမ်းကျဉ်းလေး စတာတွေက ကျောင်းတော်ရာကိုသွားတဲ့လမ်းနဲ့ တစ်ထေရာတည်း နီးပါးလောက်ဖြစ်နေတယ်။

ကော့ရွဲစေတီကနေ ပြန်ထွက်လာခဲ့ကြပြီး ကျွန်း ပတ်လမ်းဘေးမှာရှိတဲ့ ကညော်ရွာကိုပြန်ရောက်တော့ ခေတ်မီတိုက်တာ နေအိမ်အဆောက်အအုံတွေနဲ့ စည် စည်ကားကားဖြစ်နေတာကို တွေ့ရတယ်။ ကညော်ရွာ က မော်လမြိုင်မြို့နဲ့ သံလွင်မြစ်ကူးတံတားကိုဖြတ်သန်း မောင်းနှင်ချိန် မိနစ်ပိုင်းလောက်သာ ကွာဝေးပါတယ်။ သံလွင်မြစ်နဲ့ ဟိုဘက်၊ ဒီဘက်မြစ်တစ်ခုသာ ခြားနေ တယ်။ ဒါကြောင့် သံလွင်မြစ်ကူးတံတားကြီး တည် ဆောက်ပြီးချိန်၊ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက် ကောင်းမွန်လာချိန်မှာ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာ တယ်လို့ ခန့်မှန်းတွေးဆလိုက်မိတယ်။

ကညော်ရွာကို ကျော်လွန်လာပြီး မကြာခင်မှာ ဟင်္သာရုပ်ကြီးရှိတဲ့ ကားလမ်းဆုံအဝိုင်းတစ်ခုကို ရောက်လာခဲ့တယ်။ ခရီးစဉ် နံပါတ်(၂)ဖြစ်တဲ့ မုဒွန်း ရွာက ကျောက်သင်ပုန်းတောင်ကို သွားဖို့ဆိုရင် လက် ယာဘက်လမ်းအတိုင်း ဆက်လက်မောင်းနှင်သွားကြရ မှာပါ။ ကညော်ရွာထိပ်က ဆိုင်ရှင်က ဒီအတိုင်းလမ်း ညွှန်ထားတယ်။ ဒါကြောင့် အဝိုင်းကနေ လက်ယာ ဘက်ကို ချိုးကွေ့မောင်းနှင်လာခဲ့တာ ကားအရှိန်မတင် ရသေးခင်အချိန်မှာ မုဒွန်းရွာ၊ ချောင်းဆုံမြို့နယ် ဘီလူးကျွန်းဆိုတဲ့ ဆိုင်းဘုတ်ကြီးကို လမ်းဘေးညာဘက် မှာ ဘွားခနဲတွေ့ရှိလိုက်ရတယ်။ ရွာအဝင်ဆိုင်းဘုတ် ကြီးကို မွန်ဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ တွေနဲ့ ရေးသားထားတဲ့အပြင် ထူးထူးခြားခြားအဖြစ် အခြားမြို့တွေ၊ ရွာတွေလို အုတ်တွေ၊ အင်္ဂတေတွေ ပေါ်မှာမဟုတ်ဘဲ ကျောက်သင်ပုန်းကြီးတစ်ချပ်ပေါ် မှာ ရေးသားထားတာဖြစ်ပြီး ကျောက်သင်ပုန်းကြီးရဲ့ ဘေးမှာလဲ ကျောက်တံချောင်းကြီးတွေက ထိုးထိုး ထောင်ထောင်နဲ့ ဝန်းရံထားကြသေးတယ်။ ကျောက် သင်ပုန်းတောင်လဲရှိ၊ ကျောက်သင်ပုန်းတွေ၊ ကျောက် တံတွေ အဓိကထွက်တဲ့ မုဒွန်းရွာအဝင်ဆိုင်းဘုတ်ကို အလွန်ကြီးမားတဲ့ ဧရာမကျောက်သင်ပုန်းကြီးနဲ့အတူ ကျောက်တံကြီးတွေ တစ်ဖက်တစ်ချက် ဝန်းရံစိုက်ထူ ရေးသားဖော်ပြထားတာက အလွန်သဘာဝကျတဲ့ အပြင် ရွာအတွက်လဲ ဂုဏ်ယူစရာတစ်ခုဖြစ်နေတယ်။

ငယ်ရွယ်စဉ်ကလေးဘဝက ရေးသားအသုံးပြု ခဲ့ရတဲ့ ကျောက်သင်ပုန်းတွေ၊ ကျောက်တံတွေကို ဘယ်ကရသလဲမေးရင် ဈေးထဲကနေရတာ၊ သမဝါယမ ဆိုင်ကနေဝယ်ရတာဆိုတဲ့ ကလေးအရွယ်၊ ကလေး အသိကနေ ကျောင်းသင်ခန်းစာတွေကို တစ်တန်းပြီး တစ်တန်း တက်ရောက်သင်ကြားလာရင်း ကျောက်သင် ပုန်းဆိုတာ သင်ပုန်းကျောက်ကနေရတာဆိုတာကို တစ်ဆင့်ပြီးတစ်ဆင့် သိရှိလာရပြန်တယ်။ အခုတစ်ခါ မြန်မာတစ်နိုင်ငံလုံးကို ဖြန့်ချိထုတ်လုပ်နေတဲ့ ကျောက် သင်ပုန်းတွေကို ဘီလူးကျွန်း ချောင်းဆုံမြို့နယ် မုဒွန်း ရွာက ရတယ်ဆိုတာကို ထပ်မံသိရှိသွားရပြန်ပါပြီ။

မုဒွန်းရွာအဝင်ဆိုင်းဘုတ်ကြီးကို တွေ့တွေ့ချင်း လမ်းဘေးမှာ ကားထိုးရပ်ပြီး မှတ်တမ်းဓာတ်ပုံတွေ ရိုက်ကြရင်းနဲ့ ကျောက်သင်ပုန်းတွေ၊ ဒေသထွက်လက်မှု ပစ္စည်းတွေ ရောင်းချနေတဲ့ဆိုင်ကြီးတစ်ဆိုင်ကိုလဲ ဆိုင်းဘုတ်အနီးကပ်လျက်မှာ တွေ့မြင်လိုက်ရတယ်။ ဒါကြောင့် မှတ်တမ်းဓာတ်ပုံတွေရိုက်ပြီးကြတာနဲ့ ကား ပေါ်ကို ပြန်မတက်ကြသေးဘဲ ဆိုင်ထဲကို ဝင်ရောက် လေ့လာကြည့်ရှုကြရတယ်။ ဆိုင်ထဲမှာ အကြီး၊ အသေး အရွယ်အစားအမျိုးမျိုး ကျောက်သင်ပုန်းတွေနဲ့အတူ ဒေသထွက်လက်မှုပစ္စည်းတွေစုံလင်နေတာကို တွေ့ရ တယ်။ ဒ့ါပြင် မြို့တွေ၊ ဈေးတွေတိုင်းမှာ တွေ့မြင်ဝယ်ယူ နိုင်ဖို့ ရှားပါးနေပြီဖြစ်တဲ့ ဓာတ်ဆီမီးခြစ်၊ ရေနံဆီသုံး မီးခွက်၊ သစ်သားပေတံ၊ သစ်သားမီးခလုတ်အောက်ခံ ခုံ၊ ဘူးသီးခြောက်ရေဘူး၊ အုန်းဆံကြိုး၊ ဆေးတံ စတဲ့ တစ်ခေတ်တစ်ခါက လူသုံးကုန်ပစ္စည်းတွေပါ။

ဒီနေရာက မုဒွန်းရွာထဲကို ဝင်ခါစက ရွာအစပ်ပဲရှိ နေပါသေးတယ်။ မကြာခင်မှာ ရွာအတွင်းထဲထိ သွားရောက်ပြီး ကျောက်သင်ပုန်းတောင်နဲ့အတူ ကျောက်သင်ပုန်းထုတ်လုပ်တဲ့လုပ်ငန်းတွေကို ကြည့်ရှု လေ့လာကြပါမယ်။ ကျောက်သင်ပုန်းတွေထွက်တဲ့ရွာ ကိုတော့ ရောက်ရှိနေကြပါပြီ။

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## မေတ္တာအစွမ်း

မင်္ဂလာပါသားသားမီးမီးတို့ရေ။ ဦးဦးဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးကတော့ မေတ္တာအစွမ်းလို့ အမည်ရသတဲ့ကွယ်။ တစ်ခါက ရွာသာယာအမည်ရှိ ရွာတစ်ရွာမှာ မောင်လှချောဆိုတဲ့ လူငယ်ကလေး တစ်ယောက်ရှိသတဲ့။ မောင်လှချောဟာ နာမည်နဲ့လိုက်အောင် ရုပ်ရည်ဖြောင့်သူဖြစ်ပြီး ယောကျ်ားပီသတဲ့ခွန်အားဗလလဲရှိသတဲ့။ မောင်လှချောရဲ့ရုပ်ရည်ကိုကြည့်ပြီး ချစ်ခင်ပေါင်းသင်းသူပေါများခဲ့သတဲ့။

ဒါပေမဲ့ တစ်နေ့မှာ မောင်လှချောဟာ ရုပ်ရည်ပြောင်းလဲစေမဲ့ကံကြမ္မာနဲ့ကြုံရသတဲ့။ မောင်လှချောတစ်ယောက် နေမကောင်းဖြစ်ပြီး ဆေးဆရာတစ်ယောက်နဲ့ကုသရာမှာ ရောဂါပျောက်ကင်းခဲ့ပေမဲ့ ချောမောတဲ့ မူလရုပ်ရည်ပါပျောက်ကာ ကြည့်မကောင်းလောက်အောင် ရုပ်ဆိုးသူဖြစ်သွားရသတဲ့။ အဲဒီအချိန်ကစပြီး မောင်လှချောအပေါ် ချစ်ခင်ပေါင်းသင်းသူအားလုံးက စွန့်ခွာသွားကြပြီး သူ့မိခင်ပဲ သူ့ကိုပေါင်းဖော်သူရှိတော့သတဲ့။

မောင်လှချောဟာ မောင်ရုပ်ဆိုးအဖြစ် ပြောင်းလဲသွားပေမဲ့ သူ့ရဲ့အချက်အပြုတ်ကောင်းတဲ့ အရည်အချင်းနဲ့ လူတွေအပေါ် မေတ္တာထားတတ်တဲ့ စိတ်ထားက မပြောင်းလဲခဲ့ပါဘူး။ လူတွေကပဲ ရုပ်ဆိုးသွားတဲ့မောင်လှချောကို မောင်ရုပ်ဆိုးလို့ ပြောင်းခေါ်ကြလေသတဲ့။ ဒါနဲ့ မောင်ရုပ်ဆိုးဟာ မိခင်နဲ့အတူ သစ်တောအနီး လူသွားလူလာများတဲ့လမ်းဘေးမှာထမင်းဆိုင်ဖွင့်ပြီး ထမင်းရောင်းပြီးအသက်မွေးဝမ်းကျောင်းပြုခဲ့သတဲ့။ သူ့ထမင်းဆိုင်ဟာ အလွန်ရောင်းကောင်းလှတယ်မဟုတ်ပေမဲ့ သားအမိနှစ်ယောက် စားနိုင်သောက်နိုင်ရုံတော့ အဆင်ပြေသတဲ့။

တစ်နေ့မှာ ခရီးသွားတချို့ သူ့ဆိုင်ကို ထမင်းဝင်စားကြသတဲ့။ အဲဒီအထဲမှာ ရုပ်ရည်ချောမောလှပပြီး အဝတ်အစားနွမ်းနွမ်းနဲ့မိန်းမပျိုတစ်ယောက်ပါလာသတဲ့။ အဲဒီမိန်းကလေးဟာ အခြားသူတွေလို ပိုက်ဆံမပါလို့ ဆိုင်မှာဝင်နားရုံသာ နားပြီး ထမင်းတော့ဝယ်မစားနိုင်ပါဘူး။ မိန်းကလေးရဲ့ပုံစံဟာလဲ ဆာလောင်နေတဲ့ပုံပေါ်နေသတဲ့။ အဲဒီအခြေအနေကိုမြင်တဲ့ မောင်ရုပ်ဆိုးဟာ မိန်းကလေးကို သန့်စင်တဲ့မေတ္တာနဲ့ ထမင်းနဲ့ဟင်းတွေ ကျွေးမွေးလိုက်သတဲ့။ မိန်းကလေးလဲ စားသောက်ပြီးနောက် မောင်ရုပ်ဆိုးကို ကျေးဇူးတင်စကားဆိုကာ ခရီးဆက်သွားပါသတဲ့။

ရက်အတန်ကြာတဲ့အခါ မောင်ရုပ်ဆိုးတို့ဆိုင်ကို




သူထမင်းကျွေးမွေးဒါနပြုခဲ့တဲ့ မိန်းကလေးက ခရီးသည်တချို့နဲ့ရောက်လာခဲ့ပြန်သတဲ့။ အဲဒီအခါမှာလဲမိန်းကလေးဟာ အရင်လိုငွေကြေးမပါလို့ မောင်ရုပ်ဆိုးက ထမင်းကျွေးမွေးဒါနပြုမဲ့အကြောင်းပြောတဲ့အခါ မိန်းကလေးက ငြင်းပယ်သတဲ့။ သန့်စင်တဲ့မေတ္တာနဲ့ ကျွေးမွေးတာဖြစ်လို့ လက်ခံဖို့ မောင်ရုပ်ဆိုးကအတန်တန်ပြောမှ ထမင်းကိုစားခဲ့သတဲ့။

ဒါနဲ့ မောင်ရုပ်ဆိုးနဲ့ မိန်းကလေးတို့ ချစ်ခင်ရင်းနှီးသွားပြီး မိန်းကလေးက မောင်ရုပ်ဆိုးကို လက်ထပ်မယ်လို့ ပြောဆိုလာပါတော့တယ်။ မောင်ရုပ်ဆိုးကလဲဝမ်းသာပြီး မိန်းကလေးနဲ့လက်ထပ်လိုက်သတဲ့။

မိန်းကလေးနဲ့ မောင်ရုပ်ဆိုးတို့လက်ထပ်ပြီးနောက်ပိုင်းမှာ မောင်ရုပ်ဆိုးရဲ့ထမင်းဆိုင်ဟာ တစ်နေ့တခြားအလွန်ရောင်းကောင်းလာသတဲ့။ နှစ်အတန်ကြာတဲ့အခါ မောင်ရုပ်ဆိုးတို့မိသားစုဟာ အဲဒီနယ်တစ်ဝိုက်မှာ ကြွယ်ဝချမ်းသာပြီး အရောင်းရဆုံး ထမင်းဆိုင်ပိုင်ရှင်မိသားစုဖြစ်လာသတဲ့။

တစ်နေ့မှာ မောင်ရုပ်ဆိုးရဲ့ဇနီး မိန်းကလေးက ခင်ပွန်းရဲ့ရုပ်ကိုပြုပြင်ကုသဖို့ ရွာတစ်ရွာကိုသွားရမယ်လို့ပြောလာသတဲ့။ မောင်ရုပ်ဆိုးလဲ ဇနီးပြောတဲ့ရွာကို ယုံယုံကြည်ကြည်နဲ့လိုက်သွားသတဲ့။ သုံးရက်အကြာမှာ ရွာရောက်ပြီး ဇနီးမောင်နှံ ခဏအနားယူကြသတဲ့။ အဲဒီနောက် မိန်းကလေးက သူ့ရဲ့အဖေဖြစ်တဲ့ ဆေးဆရာကြီးနဲ့ တွေ့ဆုံမိတ်ဆက်ပေးပြီး မောင်ရုပ်ဆိုးရဲ့ရုပ်ကို ပြုပြင်ကုသစေသတဲ့။ ဆေးဆရာကြီးက သူ့သမီးအပေါ်မှာ မေတ္တာနဲ့ပေါင်းသင်းဆက်ဆံခဲ့သူဖြစ်ရင် ကုသမှုမုချအောင်မြင်မယ်လို့ပြောပြီး ကုသပေးသတဲ့။ ဆေးကုသမှုအောင်မြင်ခဲ့လို့ မောင်ရုပ်ဆိုးက ချောမောတဲ့ရုပ်ရည်ကို ပြန်လည်ရရှိခဲ့လေသတဲ့။ အရင်က မောင်လှချောရဲ့ရုပ်ရည်ပြောင်းလဲမှုကြောင့် မပေါင်းသင်းဘဲ စွန့်ခွာသွားကြတဲ့ သူငယ်ချင်းမိတ်ဆွေတွေလဲ မောင်လှချောကို ပြန်လည်ပေါင်းဖော်လာကြတယ်။ ရုပ်ချောတဲ့ဇနီးလေးကိုပိုင်ဆိုင်ပြီး ကြွယ်ဝချမ်းသာမှုလဲ တစ်နေ့တခြား တိုးပွားလာတဲ့ မောင်လှချောကို အပေါင်းအသင်းတွေက အားကျမဆုံးဖြစ်ခဲ့သတဲ့။ မောင်လှချောဟာ အရာရာပြည့်စုံလာပေမဲ့ မာန်မာနမထားပါဘူး။ အရင်ကသူ့အပေါ် ခွဲခြားဆက်ဆံခဲ့သူတွေကိုလဲ မေတ္တာစိတ်မပျက်ပြယ်ဘဲ ချစ်ချစ်ခင်ခင်နဲ့ ဆက်ဆံသတဲ့။ မောင်လှချောရဲ့စိတ်ထားနဲ့ မေတ္တာကိုသိနားလည်သွားတဲ့မိတ်ဆွေအပေါင်းလဲ မောင်လှချောလိုစိတ်ထားမျိုး၊ မေတ္တာမျိုး မွေးမြူကျင့်ကြံဖို့ စိတ်ကူးလာကြသတဲ့။ မောင်လှချောရဲ့ဘဝ ပြည့်စုံကြွယ်ဝလာတာဟာလဲ မောင်လှချောရဲ့မေတ္တာအစွမ်းကြောင့်လို့အမှန်သိမြင်လာကြသတဲ့။ မောင်လှချောနဲ့တစ်သက်လုံးရင်းရင်းနှီးနှီးပေါင်းဖော်ပြီး မောင်လှချောရဲ့နေနည်းထိုင်နည်း၊ ကျင့်ကြံနည်းတွေကိုအတုယူနေထိုင်သွားကြမယ်လို့ ဆုံးဖြတ်လိုက်ကြသတဲ့။ ဒီလိုနဲ့ရုပ်ရည်ချောမောတဲ့ မောင်လှချောတို့ဇနီးမောင်နှံနဲ့ မိတ်ဆွေအပေါင်းဟာ လူတိုင်းအပေါ် မေတ္တာထားဖေးမကူညီဆက်ဆံကြလို့ သူတို့နေထိုင်တဲ့ရွာစုကိုလဲ မေတ္တာရွာလို့ခေါ်ဝေါ်သမုတ်ပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြလေသတဲ့။

ပုံပြင်လေးကတော့ ဒါပါပဲသားသားမီးမီးတို့ရေ။ သားသားမီးမီးတို့လဲ မေတ္တာအစွမ်းပုံပြင်ထဲက မောင်လှချောကိုအတုယူပြီး လူတွေအပေါ် မေတ္တာထားနိုင်ကြပါစေ။

**ညွန့်ဝင်း(နတ်တလင်း)**

## အပြုံးမျက်နှာ ချစ်စရာ

♦ မနီကလေး ချစ်စရာ
အပြစ်ကင်းမျက်နှာ၊
ယဉ်ကျေးပျူငှာ ဆိုစကား
ဖြူစင်နှလုံးသား။

♦ အမုန်းတရား မရှိပေါင်
အပြုံးလှဂုဏ်ဆောင်၊
လရောင်ပမာ အဆင်းဖွေး
လှဘောင်အလယ် သတင်းမွှေး
အပြုံးမျက်နှာလေး။

**ချာန်လေး(ပညာရေး)**



## ဒီဇင်ဘာနံနက်ခင်း

♦ နေခြည်နွေးနွေး အလင်းဖြာ
နံနက်ခင်း မင်္ဂလာ၊
ဆွမ်းခံကြွလာ သံဃာများ
ငွေနှင်းမှုန်တွေကြား။

♦ အနွေးထည်များ ဝတ်ကာလေ
ဆွမ်းလှူဒါန်းပုံတွေ၊
ကြေးစည်သံဝေ ကြည်မြမြ
နားဝင်ကြည်နူးရ။

♦ စောစောထလို့ လမ်းမပေါ်
မိတ်ဆွေများကိုခေါ်၊
ကျန်းမာရွှင်ပျော် ဖော်တစ်သင်း
စုပေါင်းလမ်းလျှောက်ခြင်း
ဒီဇင်ဘာနံနက်ခင်း။

**မောင်စိုးငွေ(ကသစ်မြေ)**



# ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးခဲ့



**ရန်ကုန် ဒီဇင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာစေရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်နေသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နေကြသည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုစက်ရုံ၊ အလုပ်ရုံများသို့သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့် မီးအာမခံထားရှိမှု အခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများ ဝင်ရောက်လျက်ရှိရာ ယခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု စုစုပေါင်းပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ယခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၁၂/၂၀၂၃) အစည်းအဝေးတွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ခွင့်ပြုပေးခဲ့သည့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းငါးခုမှာ CMP စနစ်ဖြင့် အဝတ်အထည်မျိုးစုံချုပ်လုပ်၍ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း၊ နိုင်ငံတကာအဆင့်မီ တန်ဖိုးမြင့်ဆန်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ပြည်ပတင်ပို့မည့် ပဲအမျိုးမျိုး ကြိတ်ခွဲသန့်စင် ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း၌ရောင်းချမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်အမျိုးမျိုး ကြိတ်ခွဲရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေပမာဏမှာ ငွေကျပ် ၈၉၅၀ ဒသမ ၂၃၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၂ သန်းဖြစ်ကြောင်း သိရသည်။

(၃၃၆)

# မိုးကောင်းမြို့နယ် မြို့ဟောင်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**မိုးကောင်း ဒီဇင်ဘာ ၃၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့ဟောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းက တာဝန်ရှိသူများနှင့်အတူ မြို့ဟောင်းကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

မြို့ဟောင်းကျေးရွာ၌ အလျားပေ ၆၀၊ အနံပေ ၄၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၁၁၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြို့ဟောင်းကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် ရပ်ရေးရွာရေးကိစ္စရပ်များ၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြား လူမှုရေးကိစ္စရပ်များဆောင်ရွက်ရာတွင် အဆင်ပြေမည်ဖြစ်ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်းထံမှ သိရသည်။

**သက်မာ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၅၀ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၀ | ၂၆၀၅ | ၂၅၈၅ | ၂၆၈၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၃၅ | ၂၆၃၅ | ၂၆၄၀ | ၂၈၇၀ | ၂၉၀၀ |
| 95 Ron | ၂၆၅၅ | ၂၇၀၅ | ၂၇၀၅ | ၂၆၆၅ | ၂၇၀၅ | ၂၇၂၅ | ၂၇၃၀ | ၂၆၉၀ | ၂၇၉၀ | ၂၈၀၅ | ၂၆၉၅ | ၂၇၃၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၃၀ | ၂၇၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၃၀ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၆၅ | ၂၅၇၀ | ၂၅၇၀ | ၂၈၀၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၉၀ | ၂၅၃၅ | ၂၅၃၅ | ၂၄၉၅ | ၂၅၃၅ | ၂၅၆၀ | ၂၅၅၅ | ၂၅၂၀ | ၂၆၄၀ | ၂၆၃၅ | ၂၅၃၀ | ၂၅၄၀ | ၂၅၇၅ | ၂၅၇၅ | ၂၅၇၅ | ၂၈၀၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၂ | ၂၅၁၄ |
| 95 Ron | ၂၅၃၃ | ၂၆၁၈ |
| HSD (500 ppm) | ၂၃၂၃ | ၂၃၉၉ |
| HSD (50 ppm) | ၂၃၆၄ | ၂၄၄၁ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၄၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရေးဗီးကားကော်ဖီစေ့စစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၀၁၀
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၁၂-၂၀၂၃ နေ့ ဖဟိုအလုပ်အမှုဆောင်နှင့်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၇-၁၂-၂၀၂၃ နေ့ မန္တလေးသတင်းစာနှင့် ၂၈-၁၂-၂၀၂၃ နေ့ ရတနာပုံသတင်းစာတို့တွင် ဖော်ပြခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲဖိတ်ကြားစာတွင် အသင်းဝင်များ **(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်တမ်းတိုးပြီးသူများ)** အစား **(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်တမ်းတိုးပြီးသူများ)**ဟု ပြင်ဆင်ဖတ်ရှုပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး**
**ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း**

## ဝန်ထမ်းအလိုရှိသည်

**Sales Manager-Male (1) Post**

- Any graduate
- Sale and Marketing diploma or certificate
- Sale လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ်နှင့်အထက် အတွေ့အကြုံရှိရမည်။
- အရောင်းပိုင်းအတွက် Market ရဲ့ Trend အလိုက် Sale Strategy ကောင်းမွန်စွာချမှတ်ပေးနိုင်ရမည်။
- ဈေးကွက်အခြေအနေများကို ခေတ်နဲ့တစ်ပြေးညီသိရှိပြီး Sales Plan အားရေးဆွဲနိုင်ရမည်။
- Team တစ်ခုလုံးကို ဦးဆောင်နိုင်စွမ်းရှိပြီး idea အသစ်အဆန်းတွေနဲ့ ရောင်းအားမြှင့်တင်ပေးနိုင်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ပြီး အသင်းအဖွဲ့များနဲ့ လိုက်လျောညီထွေစွာလုပ်ကိုင်နိုင်သူဖြစ်ရမည်။
- Customer Complain များကို စိတ်ရှည်စွာဖြင့်ဖြေရှင်းနိုင်သူဖြစ်ရမည်။
- ခေါင်းဆောင်မှုစွမ်းရည်နှင့် Reporting Skill အထူးကောင်းမွန်ရမည်။
- Computer (Excel,PowerPointWord,Internet & E-mail) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး မိမိလုပ်ငန်းအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိရမည်။
- ခရီးသွားနိုင်သူ (တစ်လလျှင် 21 ရက်ဝန်းကျင်)

Flying Wheel Co;Ltd (Mandalay Head Office)
Address-Industrial(1) Pyigyidagon Township,Mandalay
HR Department Ph-09-400809595 , 09-409701010

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန်အရေးသုံးပါး မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများကို တပ်မတော်စစ်ကြောင်းများက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများသိမ်းဆည်းရရှိခဲ့ပြီး အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးကို ပြန်လည်ကယ်ထုတ်



PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်များ မှတ်တမ်းဓာတ်ပုံ။




PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၃၀**

နယ်မြေတည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေသောလုပ်ရပ်များနှင့် အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ် သတင်းပေးပို့မှုအရ NUG၊ CRPH တို့၏ ဆက်သွယ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ညောင်ပင်ရွာသစ်ကျေးရွာများအနီး

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း နိုင်ငံသားကတ် ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ စာမျက်နှာ – ၁၇

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ် ဒီဇင်ဘာလအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခု ခွင့်ပြုပေးခဲ့ စာမျက်နှာ – ၃၀

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ကျင်းပ စာမျက်နှာ – ၈

အမျိုးသားတံခွန်စိုက်ချန်ပီယံရှစ်ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကျင်းပ စာမျက်နှာ – ၉

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်–စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la



Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar